# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဒါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်၊ သောကြာနေ့ အတွဲ (၅၈)၊ အမှတ် (၁၁၇)




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်ခဲ့သော ပုဂ္ဂလိကပိုင် နိုင်ငံခြားကုမ္ပဏီဖြစ်သည့် Shwe Li(1) Hydropower Co.,Ltd မှ စက်ရုံမှူး ဦးဇော်ဝင်းထွန်းအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (ပန်းဘဲတန်း) KG တန်းတွင် ပညာသင်ကြားနေသော ကျောင်းသူလေးများ၏ ပညာသင်ကြားနေမှုအခြေအနေကို ရင်းရင်းနှီးနှီး မေးမြန်းစဉ်။ သတင်းစဉ်

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန် အများဆုံးပေးဆောင်ခဲ့သူများအား ဂုဏ်ထူးဆောင်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်

**နေပြည်တော် ဇန်နဝါရီ ၂၄**

၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန် အများဆုံးပေးဆောင်ခဲ့သူများအား ဂုဏ်ထူးဆောင်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သဘင်ဆောင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်ပြီး ဂုဏ်ထူးဆောင်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က **"နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်"**ဟု ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉ တွင် အတိအလင်းဖော်ပြပါရှိထားပြီး ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံသည် သဘာဝသယံဇာတများအပေါ်တွင်

*စာမျက်နှာ ၄ ကော်လံ ၁* ◆

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ပြီး ပညာသင်ကြား သင်ယူနေမှုများ ကြည့်ရှုအားပေး

**ရန်ကုန် ဇန်နဝါရီ ၂၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းသူများ၏ ပညာသင်ကြားသင်ယူနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❋




မြန်မာ့အလင်း

# ငြိမ်းချမ်းရေး ညီညွတ်ရေး စံနှုန်းများ

ယနေ့ ကမ္ဘာကြီး၌ စံနှုန်းများနှင့် ပတ်သက်ပါက တိတိကျကျ တိုင်းတာ၍ရသော စံချိန်စံညွှန်းများနှင့် စိတ်ခံစားချက်ပေါ်မူတည်နေသည့် ဒြပ်မဲ့ စံချိန်စံညွှန်းများဟူ၍ ပိုင်းခြား တွက်ချက်ပြောဆိုနေရသည်။

အဆောက်အအုံ တစ်ခု၏ စံချိန်စံညွှန်းများကို ပြောလျှင် ထိုအဆောက်အအုံ၏ ခိုင်ခံ့မှုကို ငလျင်ဒဏ်ခံနိုင်ဖို့၊ တိုင်များ၏ လိုအပ်သည့် ထောက်ခံနိုင်မှုအား၊ ရက်မတို့၏ ဝန်ခံနိုင်မှုစွမ်းအားတို့အတွက် လိုအပ်သော သံချောင်းအရေအတွက်၊ ပါဝင်သည့် သံချောင်းတို့၏ သတ်မှတ်ခံနိုင်ရည်စွမ်းအားတို့ကို တွက်ချက်ကာ ကိန်းဂဏန်းများဖြင့် တိုင်းတာ၍ စံချိန်မီ မမီကို ဆုံးဖြတ်နိုင်ပါမည်။ ထို့အတူ အခြားသော စံချိန်စံညွှန်းများအနေဖြင့် လေဝင်လေထွက် သတ်မှတ်စံနှုန်း ပြည့် မပြည့်၊ သဘာဝအလင်းရောင်၊ လျှပ်စစ်မီးရောင် အစရှိသဖြင့် လိုအပ်သည့် အလင်းရောင်ပမာဏ ပြည့်စုံမှု ရှိ မရှိ၊ သွားလာလှုပ်ရှားရာ ဆောင်တာအသီးသီးတွင် လိုအပ်သော စံနှုန်းများ (လှေကား အတက်အဆင်း အချိုး၊ လုံလောက်သည့် အခန်းအကျယ်နှင့် အမြင့် စသည်) နှင့် ကိုက်ညီမှုရှိ မရှိ စသည်တို့ ကို တိတိကျကျ တွက်ချက်ဆန်းစစ်နိုင်သော်လည်း သွားလာလှုပ်ရှားရာ ဆောင်တာအသီးသီးတွင် အဆင်ပြေချောမွေ့မှု ရှိ မရှိ၊ လွယ်ကူမှု ရှိ မရှိ၊ အဆောက်အအုံ၏ အမြင်ပိုင်းဆိုင်ရာ အချိုးအစားကျနမှု ရှိ မရှိ၊ မည်သည့်ခံစားမှုကို ပေး မပေး စသည့် စံနှုန်းများကိုမူ ကိန်းဂဏန်းများဖြင့် တိုင်းတာနိုင်မည် မဟုတ်ပါ။

ကဗျာတစ်ပုဒ်ကို အကဲဖြတ်ရာတွင် ကာရန်အချိတ်အဆက်မိ မမိ၊ စကားလုံးသုံးနှုန်းမှု မှန် မမှန်တို့ကို တွက်ချက်၍ ဆန်းစစ်ဖို့ဖြစ်နိုင်သော်လည်း ကဗျာဆန် မဆန်၊ ကဗျာအတွေးဖြစ် မဖြစ် စသည်တို့က ဒြပ်မဲ့ အတိုင်းအတာများ ဖြစ်ပါမည်။

အနုပညာနှင့် ဆက်စပ်နေသော လူတို့၏ စိတ်ခံစားမှု၊ စိတ်လှုပ်ရှားမှု တို့နှင့် သက်ဆိုင်သော အခန်းကဏ္ဍများတွင် တိကျသော ကိန်းဂဏန်းများဖြင့် ဆန်းစစ်ပိုင်းခြားရန် ပိုမိုခက်ခဲပါမည်။ ကိန်းဂဏန်းများဖြင့် မဆန်းစစ်နိုင်ဟု ဆိုသော်လည်း စံနှုန်းများကို အကဲမဖြတ်နိုင်ဟု ဆိုလိုခြင်းမဟုတ်ပါ။

ကျန်းမာရေး ညွှန်းကိန်းများက ပြည်သူ့ ကျန်းမာရေးအနေအထားကို ဖော်ပြနိုင်မည်ဖြစ်သော်လည်း ပြည်သူတို့၏ စိတ်ပျော်ရွှင်မှု၊ ဝမ်းနည်းပူဆွေးနေမှု၊ စိတ်ဓာတ်ရေးရာ မလုံမခြုံဖြစ်နေမှုတို့ကို တွက်ချက်ရာတွင်မူ အခြားသော နည်းနာများဖြင့် ဥပမာအားဖြင့် အများပြည်သူသုံး ပန်းခြံများ၊ အပန်းဖြေနေရာများကို မိသားစုများ မည်မျှလောက် စိတ်ချလက်ချအသုံးပြုနေသည် စသည်ဖြင့် ဆန်းစစ်နိုင်မည် ဖြစ်ပါသည်။

ထို့အတူပင်။ ငြိမ်းချမ်းရေး၊ ညီညွတ်ရေး၊ ပြည်သူတို့၏ စိတ်ချမ်းမြေ့ပျော်ရွှင်မှု အစရှိသည်တို့အတွက် တိကျသော ကိန်းဂဏန်းများဖြင့် ဖော်ပြရန် ခက်ခဲမည်ဖြစ်သော်ငြားလည်း ပြည်သူတို့ကြားတွင်မူ ဆန်းစစ်အကဲဖြတ်နိုင်ကြတော့မည် ဖြစ်သည်ဟု မြင်ပါသည်။

အထူးသဖြင့်မူ ငြိမ်းချမ်းရေး။

နယ်မြေဒေသအသီးသီးရှိ ရာဇဝတ်မှုများ၏ တိုးမြင့်လာမှုလျော့ပါးသွားမှု၊ တရားရုံးများရှိ အမှုအခင်းများကို အချိန်ကာလအလိုက် ဖြေရှင်းနိုင်မှု အစရှိသည်တို့ကို တွက်ချက်ထုတ်နုတ်လျှင် ဖြစ်နိုင်သော်လည်း ဒြပ်မဲ့ အချက်အလက်များအတွက်မူ တွက်ချက်ဆန်းစစ်ရန် ခက်ခဲကောင်း ခက်ခဲနိုင်ပါမည်။

သို့သော်လည်း ယေဘုယျ ပြည်သူတို့၏ စိတ်ခံစားမှုများကို စာနာနားလည်နိုင်သည့် အချက်အလက်များ ရှိနေပါသေးသည်။ ဥပမာအားဖြင့် စစ်ပွဲများရှိနေသရွေ့ ငြိမ်းချမ်းရေး စံချိန်စံညွှန်းနှင့် မပြည့်စုံသေး။ စစ်ဘေးဒဏ်က ရှောင်နေရသော ဒုက္ခသည်စခန်းများမှ ကလေးငယ်များ၏ ငိုကြွေးသံများကြားနေရသရွေ့ ငြိမ်းချမ်းရေး စံချိန်စံညွှန်းများနှင့် ဝေးနေဦးမည် ဟူသည့်သဘော။ ဝေးလံသီခေါင်သော ဒေသများက မူလတန်းကလေးငယ်တို့ ပညာရေး အခြေအနေ။ စစ်မက်ဒေသများရှိ ကလေးငယ်တို့၏ သေဆုံးမှုနှုန်းထားတို့က ငြိမ်းချမ်းရေးနှင့် ဆက်စပ်ပတ်သက်နေသည့် စံနှုန်းများ ဖြစ်နိုင်ပါသည်။

ယနေ့ မြန်မာနိုင်ငံ၏ အနေအထားကို ရုပ်ပိုင်းဆိုင်ရာ ကိန်းဂဏန်းများအရရော၊ စိတ်ခံစားမှုဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ စံနှုန်းများအရရော ဆန်းစစ်ကြည့်လျှင် ပြည်တွင်းငြိမ်းချမ်းရေး၏ အရေးပါမှုကို အဖြေထုတ်နိုင်မည်ဟု ယုံကြည်ပါသည်။

နိုင်ငံရေးအင်အားစုများအနေဖြင့် ပြည်သူလူထုအကျိုးစီးပွားကို အမှန်တကယ် ရှေးရှုသည်ဆိုလျှင် ညီညွတ်ရေး ငြိမ်းချမ်းရေးဆိုသည်ကို အလေးအနက်ထားနိုင်ကာ ဆန်းစစ်နိုင်ကြလိမ့်မည်ဟု ယူဆမိပါကြောင်း တင်ပြလိုက်ရပါသည်။ ။

## ၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဆောင်ပုဒ်

တန်းတူညီမျှ ငြိမ်းချမ်းသာယာ တန်းတူညီမျှ လုံခြုံခိုင်မာ

အခွင့်အရေးရ ပြည်ထောင်စုမှာ တာဝန်ယူကြ ပြည်ထောင်စုမှာ။

## နယ်စပ်ဒေသမှ တိုင်းရင်းသား မောင်မယ်များ၏ နေပြည်တော်လေ့လာရေးခရီးစဉ် ဒုတိယအသုတ် ဇန်နဝါရီ ၂၇ ရက်တွင် စတင်မည်

**နေပြည်တော် ဇန်နဝါရီ ၂၄**

နယ်စပ်ရေးရာဝန်ကြီးဌာနကဦးဆောင်၍ နယ်စပ်ဒေသမှ တိုင်းရင်းသား မောင်မယ်များ၏ ဒုတိယအသုတ် နေပြည်တော်လေ့လာရေးခရီးစဉ်ကို ဇန်နဝါရီ ၂၇ ရက်မှစတင်၍ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်ကြမည် ဖြစ်သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများရှိ တိုင်းရင်းသားမောင်မယ်များကို နေပြည်တော်လေ့လာရေးခရီးစဉ်အဖြစ် တစ်နှစ်လျှင်နှစ်ကြိမ် ခေါ်ယူ၍ နေပြည်တော်ရှိ အထင်ကရနေရာများသို့ လိုက်လံပို့ဆောင်ပေးလျက်ရှိရာ ယခုအကြိမ်သည် ဆဋ္ဌမအကြိမ်မြောက်ရှိပြီဖြစ်ပြီး ယခုခရီးစဉ်တွင် နာဂ၊ မွန်၊ ကချင်၊ ရှမ်းနှင့် တနင်္သာရီတို့မှ တိုင်းရင်းသားမောင်မယ်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မျိုး**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (က) ဒေါက်တာဝါဝါမောင် ညွှန်ကြားရေးမှူးချုပ် ဗဟိုစာရင်းအင်းအဖွဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် ပင်စင်ဦးစီးဌာန စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန |
| (ခ) ဦးဆန်းမြင့် ညွှန်ကြားရေးမှူးချုပ် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် ဦးစီးဌာန စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် ဗဟိုစာရင်းအင်းအဖွဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန |
| (ဂ) ဦးခင်မောင်ဝင်း ညွှန်ကြားရေးမှူးချုပ် ပင်စင်ဦးစီးဌာန စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် ဦးစီးဌာန စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မြင့် ကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။



ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် လွှတ်တော်ဆိုင်ရာ သံတမန်ပညာရပ်နှင့် နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

## ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် လွှတ်တော်ဆိုင်ရာ သံတမန်ပညာရပ်နှင့် နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲအခမ်းအနားတက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၄

**လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများအတွက် လွှတ်တော်ဆိုင်ရာ သံတမန်ပညာရပ်နှင့် နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် Learning Center ၌ ကျင်းပသည်။**

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်က လွှတ်တော် ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများကို လွှတ်တော်ဆိုင်ရာဒေသတွင်းနှင့် နိုင်ငံတကာ အစည်းအဝေးများ၊ ပြည်တွင်း၊ ပြည်ပရှိ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံရာ၌ လိုအပ်သည့်စွမ်းရည်များ၊ ကျွမ်းကျင်မှုများရရှိရေးအတွက် စွမ်းဆောင်ရည် မြှင့်တင်ဆောင်ရွက်ပေးရန် ဖြစ်ပါကြောင်း၊ နိုင်ငံ၏ ရပ်တည်ချက် မူဝါဒများနှင့် သံတမန်ဆက်ဆံရေး လုပ်ထုံးလုပ်နည်းများကို ကောင်းစွာသိရှိသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ၎င်းတို့၏ လုပ်ငန်းများကို ထောက်ပံ့ကူညီနိုင်မည့် အရည်အသွေးရှိသော လွှတ်တော်ရုံး ဝန်ထမ်းများဖြစ်ရန် ရည်ရွယ်ပါကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် လွှတ်တော် အတွင်းရှိ နိုင်ငံတကာအစည်းအဝေး အတွေ့အကြုံများရှိသည့် လွှတ်တော် ကိုယ်စားလှယ်များ၊ ကော်မတီ၊ ကော်မရှင်များမှ ပညာရှင်များ၊ နိုင်ငံခြားရေးဝန်ကြီး ဌာနမှ ပညာရှင်များ၊ မိတ်ဖက်အဖွဲ့အစည်းများမှ နိုင်ငံတကာရေးရာ ကျွမ်းကျင်ပညာရှင်များက နိုင်ငံတကာ ဆက်ဆံရေးသမိုင်း၊ နှစ်နိုင်ငံဆက်ဆံရေး အခြေခံအချက်များ၊ ပြည်တွင်းနှင့် နိုင်ငံတကာနိုင်ငံရေး ဆက်စပ်ဖြစ်ပေါ်မှုများ၊ AIPA, IPU စသည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် သက်ဆိုင်သည့်အချက်များ၊ အာဆီယံဆိုင်ရာ သိကောင်းစရာများ၊ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများနှင့် ပဋိညာဉ်ဘာသာရပ်တို့ကို ကဏ္ဍအလိုက် ပို့ချသွားမည်ဖြစ်ပြီး လွှတ်တော် ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးများမှ အရာထမ်း၊ အမှုထမ်း သင်တန်းသား၊ သင်တန်းသူ ၆၆ ဦး တက်ရောက်ကြသည်။ **သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း (ပန်းဘဲတန်း) အစည်းအဝေးခန်းမ၌ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများအား တွေ့ဆုံမှာကြားစဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း (ပန်းဘဲတန်း) အဋ္ဌမတန်းတွင် ပညာသင်ကြားနေသော ကျောင်းသူများအား အားပေးစကားပြောကြားစဉ်။ သတင်းစဉ်

❋ ရှေ့ဖုံးမှ

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ၊ ကျောင်းသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် KG တန်းမှ ကျောင်းသူလေးများ၏ ပညာသင်ကြားသင်ယူမှုနှင့် ကျောင်းသူလေးများ ကိုယ်တိုင်ဆန်းသစ်တီထွင်ဖန်တီးထားသည့် ပန်းချီနှင့်စက္ကူအရုပ်မျိုးစုံတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပထမတန်း၊ သတ္တမတန်း၊ အဋ္ဌမတန်းနှင့် နဝမတန်း စာသင်ခန်းများသို့ လှည့်လည်ကြည့်ရှုအားပေးပြီး ကျောင်းသူလေးများ၏ လက်ရှိ ပညာသင်ကြားသင်ယူမှုအခြေအနေများ၊ ၎င်းတို့၏ ဝါသနာနှင့် အနာဂတ်ပန်းတိုင် ရည်မှန်းချက်များကို ရင်းရင်းနှီးနှီး မေးမြန်းသည်။

**ကျောင်းသူလေးများအား မှာကြား**

ထိုသို့ လှည့်လည်ကြည့်ရှုအားပေးရာတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အလွတ်ကျက်ပညာရေးထက် တတ်သိနားလည်အောင် ကြိုးပမ်းသင်ကြားရေး၊ အားနည်းသည့် ဘာသာရပ်များကို ကိုယ်ကိုယ်တိုင်သိမြင်ပြီး ပြုပြင်ကြိုးစားအားထုတ်ရေး၊ အင်္ဂလိပ်စာဘာသာရပ်ကို ကျွမ်းကျင်စွာ တတ်မြောက်ရေး၊ ဉာဏစွမ်းရည်သာမက ကာယစွမ်းရည်ပါ တိုးတက်ရေးအတွက် ကာယသင်တန်းများကို အစုအဖွဲ့ဖြင့် စည်းလုံးညီညွတ်စွာ လေ့ကျင့်ကစားနိုင်ရေး၊ အနာဂတ်တွင် တက္ကသိုလ်ပညာရပ်သာမက အသက်မွေးဝမ်းကျောင်းပညာရပ်များကိုပါ ဝါသနာအလျောက် တက်လှမ်းနိုင်အောင် ကြိုးစားသင်ယူရေးတို့ကို တာဝန်ရှိသူများနှင့် ကျောင်းသူလေးများအား မှာကြားသည်။

**ပညာရှင်များနှင့် ချိတ်ဆက်**

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကျောင်းစာကြည့်တိုက်သို့ သွားရောက်ပြီး ဘာသာရပ်အလိုက် စာအုပ်စာပေများ စုဆောင်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ စာကြည့်တိုက်အင်္ဂါရပ်နှင့်အညီ စာအုပ်များကို စနစ်တကျထားရှိရေး၊ စာကြည့်တိုက်ပညာရှင်များနှင့် ချိတ်ဆက်၍ စနစ်တကျ ထိန်းသိမ်းထားရှိရေးတို့နှင့် စပ်လျဉ်း၍ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများအား မှာကြားသည်။

**ဖြည့်ဆည်း ဆောင်ရွက်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကျောင်းအစည်းအဝေးခန်းမ၌ မိဘဆရာအသင်းမှ ကျောင်းသားမိဘများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများအား တွေ့ဆုံပြီး ကျောင်း၏ လိုအပ်ချက်များကိုမေးမြန်းကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပန်းဘဲတန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းကို ၁၈၆၆ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် စတင်တည်ထောင်ခဲ့သည်။ ယခင်က ခရစ်ယာန် သာသနာပြုကျောင်းဖြစ်ပြီး စိန့်မေရီဒိုင်အိုစီဇင် မိန်းကလေးအထက်တန်းကျောင်းဟု ခေါ်သည်။ ၁၉၆၅ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း အမည်ပြောင်းလဲ သတ်မှတ်ခေါ်တွင်ခဲ့ကြောင်း သိရသည်။ မိန်းကလေးအထက်တန်းကျောင်းဖြစ်ပြီး လက်ရှိ ကျောင်းသူ ၂၇၃ ဦး ပညာသင်ကြားလျက်ရှိသည်။ တက္ကသိုလ်ဝင် စာမေးပွဲအောင်ချက်ရာခိုင်နှုန်းအနေဖြင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ၂၀ ရာခိုင်နှုန်း၊ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ၄၂ ဒသမ ၄၂ ရာခိုင်နှုန်း၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ၂၉ ဒသမ ၀၃ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း (ပန်းဘဲတန်း) ကျောင်းစာကြည့်တိုက်ကို ကြည့်ရှုစဉ်။ သတင်းစဉ်





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန် အများဆုံးပေးဆောင်ခဲ့သူများအား ဂုဏ်ထူးဆောင်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

◆ *ရှေ့စာမှ*

မှီခိုခြင်းမဟုတ်ဘဲ နိုင်ငံသူနိုင်ငံသားများ၏ တာဝန်သိမှုနှင့် စီးပွားရေးဖွံ့ဖြိုးမှုကို ရောင်ပြန်ဟပ်သည့် အခွန်အကောက်များကို အမှီပြုမှသာ တည်မြဲမြဲတိုးတက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အတွင်း အခွန်ယဉ်ကျေးမှုတစ်ရပ် ပိုမိုဖြစ်ထွန်းစေရေးကို ဦးတည်၍ ယနေ့အခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ပြည်သူကိုဗဟိုပြုပြီး အားလုံးပါဝင်နိုင်သည့် စဉ်ဆက်မပြတ် တိုးတက်မှုရရှိစေရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် စီးပွားရေးမူဝါဒများကို ချမှတ်ခဲ့ပါကြောင်း၊ ထိုသို့ချမှတ်ခဲ့ရာတွင် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍတိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိတို့လုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာလုပ်ကိုင်ခွင့်ရရှိစေရန်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရန်အတွက် မူဝါဒသီးခြား ရေးဆွဲဆောင်ရွက်ရန်၊ မူပိုင်ခွင့်များနှင့် တရားဥပဒေစိုးမိုးမှုရှိစေရေးအတွက် တိုးမြှင့်ဆောင်ရွက်ရန်တို့ကို ထည့်သွင်းချမှတ်ထားပါကြောင်း။

ထို့အပြင် အခွန်စနစ်နှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ ဝင်ငွေတိုးတက်ရရှိစေရန် အကျိုးလည်းရှိ၊ မျှလည်းမျှတစေမည့် အခွန်စနစ်ထူထောင်ပြီး ပြည်သူများ၏ အခွင့်အရေးနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနေသည့် လုပ်နည်းကိုင်နည်းများ၊ လူသားအရင်းအမြစ်ဖြစ်သော အခွန်ဝန်ထမ်းများ၏ အရည်အချင်းနှင့် စိတ်ဓာတ်များကို တစ်ဆင့်ပြီးတစ်ဆင့် ပြုပြင်ပြောင်းလဲနေကြခြင်း ဖြစ်ပါကြောင်း၊ ယင်းပြုပြင်ပြောင်းလဲမှုတွင် ပူးပေါင်းပါဝင်နေကြသည့် အခွန်ထမ်းပြည်သူများ၏ အားထုတ်ကြိုးပမ်းမှုများသည် မြန်မာနိုင်ငံအခွန်စနစ်အတွက် သမိုင်းတွင်ကျန်ရစ်မည်ဖြစ်သည်ကိုလည်း ပြောကြားလိုပါကြောင်း။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် အများဆုံးပေးဆောင်ခဲ့သော မြန်မာကုမ္ပဏီလုပ်ငန်းရှင်ဖြစ်သည့် ကမ္ဘောဇဘဏ်လီမိတက်မှ ဒုတိယအမှုဆောင်အရာရှိချုပ် ဒေါ်နန်းလိုင်းခမ်းအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် အများဆုံးပေးဆောင်ခဲ့သော မြန်မာကုမ္ပဏီလုပ်ငန်းရှင်ဖြစ်သည့် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်မှ အမှုဆောင်အရာရှိချုပ် ဦးအောင်ဇော်နိုင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွက် အထူးကုန်စည်ခွန် အများဆုံးပေးဆောင်ခဲ့သော မြန်မာကုမ္ပဏီလုပ်ငန်းရှင်ဖြစ်သည့် ဒဂုံအဖျော်ယမကာ ကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးလှမင်းတူအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်

ပြဋ္ဌာန်းလျက် အကာအကွယ်ပေးရန်လည်း ပါဝင်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ အသုံးစရိတ်များအတွက်သာ အခွန်ကောက်ခံခြင်းမဟုတ်ဘဲ ညီညွတ်မျှတသည့် အရအသုံး ငွေကြေးစနစ်ကို ဖော်ဆောင်ပြီး ငွေကြေးလည်ပတ်မှုမှန်ကန်စေရန် မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

**အခွန်စနစ်ဖြင့် ပြည်တွင်းအခွန်ရရှိမှု တိုးမြှင့်**

ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တစ်ရပ် ထူထောင်နိုင်ရေးတွင် ဘဏ္ဍာငွေကြေးသည် အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ငွေကြေးလိုအပ်ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် အခွန်စနစ်ကို ကောင်းမွန်လာရန်နှင့် အခွန်ယဉ်ကျေးမှုထွန်းကားလာစေရန် ရေရှည်ရည်မှန်းချက်ပန်းတိုင်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အနေဖြင့် မျှတပြီး ပွင့်လင်းမြင်သာသော၊ စွမ်းရည်လည်း ပြည့်ဝသည့် အခွန်စနစ်ဖြင့် ပြည်တွင်းအခွန်ရရှိမှု တိုးမြှင့်ရေးလုပ်ငန်းစဉ်ကို ချမှတ်ပြီး ဘဏ္ဍာငွေအရင်းအမြစ်များ တိုးမြှင့်လာစေရန် ရည်ရွယ်ထားပါကြောင်း။

အခွန်စနစ်တစ်ခုတွင် ရိုးသားဖြောင့်မတ်မှန်ကန်မှု၊ ပွင့်လင်းမြင်သာရှိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများရှိရန် လိုအပ်ပါကြောင်း၊ ခေတ်မမီတော့သည့် အခွန်ဥပဒေများ၊ ဟောင်းနွမ်း

**ချီးကျူးဂုဏ်ပြုသင့်၍ ချီးကျူး**

ယနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် လုပ်ငန်းရှင်ကြီးများသည် မိမိတို့အကျိုးအတွက် စီးပွားရှာကြသကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အပံ့ပြုနေကြသည့် တာဝန်သိ၊ တာဝန်ကျေပွန်သော အခွန်ထမ်းပုဂ္ဂိုလ်ကြီးများ ဖြစ်ကြသည့်အတွက် နိုင်ငံတော်အနေဖြင့် ချီးကျူးဂုဏ်ပြုသင့်၍ ချီးကျူးဂုဏ်ပြုရခြင်း ဖြစ်ပါကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ပေါ်လာရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးတို့အတွက် ဗဟိုချုပ်ကိုင်မှုများကို လျှော့ချပြီး ပုဂ္ဂလိကကဏ္ဍ ဦးဆောင်သည့် ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းစီမံဆောင်ရွက်ရာတွင် စိန်ခေါ်မှုများ၊ အခက်အခဲများ ရှိနေသော်လည်း စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ မှန်ကန်သော အခွန်ပေးဆောင်မှုများနှင့် နိုင်ငံတော်၏ အသုံးစရိတ်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးနေခြင်းသည် အင်အားတစ်ရပ်ကို ဖြစ်ပေါ်စေပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်သူများ ထည့်ဝင်ထားသော အခွန်အကောက်ရရှိငွေများကို ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ထိထိရောက်ရောက်သုံးစွဲရေး၊ အလေအလွင့်မရှိအောင် စီမံခန့်ခွဲရေးဆိုသည့် ဦးစားပေးလုပ်ငန်းများနှင့်အညီ

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

အကျိုးရှိအောင် စိစစ်သုံးစွဲ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခု တက်ရောက်လာကြသူများအပါအဝင် အခွန်ထမ်းပြည်သူများအားလုံးကို နိုင်ငံတော်အစိုးရအနေဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်း။

အခွန်ထမ်းလုပ်ငန်းရှင်ကြီးများနှင့်တကွ အခွန်ထမ်းပြည်သူများအနေဖြင့် နောင်နှစ်များတွင်လည်း စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်ကြပါစေ၊ ပေးဆောင်သင့်ပေးဆောင်ထိုက်သော အခွန်ငွေများကိုလည်း မှန်မှန်ကန်ကန်ပေးဆောင်ပြီး နိုင်ငံတော်အကျိုး၊ မိမိအကျိုး အချိုးကျမျှတစွာ သယ်ပိုးရွက်ဆောင်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

**ခုနစ်နှစ်ဆက်တိုက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်**

ထို့နောက် နိုင်ငံတော်သမ္မတက ၂၀၁၁-၂၀၁၂ စည်းကြပ်နှစ်မှ ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အထိ ခုနစ်နှစ် ဆက်တိုက်ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့သည့် အခွန်ထမ်း ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းအား အထူးဂုဏ်ထူးဆောင်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတက **၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် အများဆုံးပေးဆောင်ခဲ့ကြသော မြန်မာကုမ္ပဏီလုပ်ငန်းရှင်များဖြစ်ကြသည့်** ကမ္ဘောဇဘဏ်လီမိတက်မှ ဒုတိယအမှုဆောင်အရာရှိချုပ် ဒေါ်နန်းလိုင်းခမ်း၊ မြဝတီဘဏ်လီမိတက်မှ မန်နေးဂျင်းဒါရိုက်တာ ဦးယုလွင်၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ အထွေထွေအုပ်ချုပ်ရေးရာဌာနကြီးမှူး ဦးမင်းဇော်၊ ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက်မှ အမှုဆောင်အရာရှိချုပ် ဦးအောင်ဇော်နိုင်၊ အပြည်ပြည်ဆိုင်ရာ အဖျော်ယမကာရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှ Executive to Chairman ဒေါ်မြပွင့်ဖြူ၊ ရောဝတီဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ မြန်မာ့စပျစ်နှင့်အဖျော်ယမကာကုမ္ပဏီလီမိတက် မန်နေးဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်၊ သမဝါယမဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ မြဝတီထရေးဒင်းလီမိတက်မှ မန်နေးဂျင်းဒါရိုက်တာ ဦးခင်မောင်စိုးနှင့် မြန်မာ့သြဘာအုပ်စု ကုမ္ပဏီလီမိတက်မှ Head of Corporate Affairs and Special Projects ဖြစ်သူ ဦးအောင်ဆွေတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်သမ္မတက **၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်ခဲ့ကြသော မြန်မာကုမ္ပဏီလုပ်ငန်းရှင်များဖြစ်ကြသည့်** ဒန်ကိုရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးဝဏ္ဏခိုင်၊ စီးတီးမတ်ဟိုး(လ်)ဒင်းကုမ္ပဏီလီမိတက်မှ အမှုဆောင်အရာရှိချုပ် ဒေါ်ဝင်းဝင်းတင့်၊ အပြည်ပြည်ဆိုင်ရာ အဖျော်ယမကာရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှ ပူးတွဲဥက္ကဋ္ဌ ဦးအောင်မိုးကျော်၊ ပီတီစွမ်းအားထရေးဒင်း ကုမ္ပဏီလီမိတက်မှ မန်နေးဂျင်းဒါရိုက်တာ ဦးဝင်းဆွေ၊ အာရှစွမ်းအင်ကုမ္ပဏီလီမိတက်မှ မန်နေးဂျင်းဒါရိုက်တာ ဦးသက်ဝေ၊ ရွှေဗျိုင်းဖြူကုမ္ပဏီလီမိတက်မှ မန်နေးဂျင်းဒါရိုက်တာ ဦးသိန်းဝင်းဇော်၊ ကျော်စံကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးဇွဲဇာနည်ကျော်၊ ရောဟသံာရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှ ဥက္ကဋ္ဌ ဦးဇော်ဝင်းရှိန်၊ ပစ္စည်းမျိုးစုံရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးမောင်ကျေးနှင့် ဘန်ဟာထရေးဒင်းကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်အောင်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

**အထူးကုန်စည်ခွန် အများဆုံးပေးဆောင်**

ဆက်လက်၍ နိုင်ငံတော်သမ္မတက **၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွက် အထူးကုန်စည်ခွန် အများဆုံးပေးဆောင်ခဲ့ကြသော မြန်မာကုမ္ပဏီလုပ်ငန်းရှင်များဖြစ်ကြသည့်** ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးလှမင်းတူ၊ ရွှိုင်ရယ်ကလပ်ဘီးဘရေ့ချ်ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးဇော်ဝင်း၊ လင်းလက်ဝင်းရတနာကျောက်မျက်ကုမ္ပဏီလီမိတက်မှ မန်နေးဂျင်းဒါရိုက်တာ ဦးထွန်းကြည်၊ ရတနာတောင်တန်းကျောက်မျက်ကုမ္ပဏီလီမိတက်မှ မန်နေးဂျင်းဒါရိုက်တာ ဦးသက်နိုင်၊ ရောင်နီအရက်ချက်လုပ်ငန်းမှ စက်ရုံမှူး ဦးကျော်မင်းလွင်၊ အက်စ်အမ်အမ် ရွှေမြန်မာအဖျော်ယမကာကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှု ဒါရိုက်တာဦးတင်ရွှေ၊ ဝေအောင်ကမ္ဘာကျောက်မျက်ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဒေါ်နွေးနွေးလှိုင်၊ ဂလုပ်တိုဘက်ကိုးကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးအောင်ကျော်ဦး၊ ကံပွင့်ဦးကျောက်မျက်ရတနာကုမ္ပဏီမှ ဒါရိုက်တာ ဒေါ်မွေးခရေနှင့် ဖြိုးသီဟကျော် ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးစိန်ဝင်းတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

**ဝင်ငွေခွန် အများဆုံးပေးဆောင်**

ယင်းနောက် နိုင်ငံတော်သမ္မတက **၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် အများဆုံးပေးဆောင်ခဲ့ကြသော ပုဂ္ဂလိကပိုင် နိုင်ငံခြားကုမ္ပဏီများဖြစ်ကြသည့်** Moattama Gas Transportation Co.,Ltd မှ General Manager ဖြစ်သူ Mr. Romaric Roignan, Telenor Myanmar Ltd မှ Chief Executive Officer ဖြစ်သူ Mr. Sharad Mehrota, Taninthayi Pipeline Company LLC မှ Head of Finance ဖြစ်သူ Uqba Jamshaid Iftikhar, Myanmar Brewery Ltd မှ Managing Director ဖြစ်သူ Mr. Hideki Mitsuhashi နှင့် KDDI Summit Global Myanmar Co.,Ltd မှ Chief Financial Officer ဖြစ်သူ Mr.Junji Nakayama တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

**ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်**

ထို့နောက် နိုင်ငံတော်သမ္မတက **၂၀၁၇ - ၂၀၁၈ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်ခဲ့ကြသော ပုဂ္ဂလိကပိုင်နိုင်ငံခြားကုမ္ပဏီများ ဖြစ်ကြသည့်** Telenor Myanmar Ltd မှ Chief Financial Officer ဖြစ်သူ Ms. Caroline Yin Yin Htay, Ooredoo Myanmar Ltd မှ Chief Executive Officer ဖြစ်သူ Mr. Vilran Sinha, Myanmar Brewery Ltd မှ Deputy Managing Director ဖြစ်သူ U Soe Kyaw Thu, Shwe Li(1) Hydropower Co.,Ltd မှ စက်ရုံမှူး ဦးဇော်ဝင်းထွန်းနှင့် Virginia Tobacco Co.,Ltd မှ Chairman ဖြစ်သူ ဦးမြင့်ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွက် အထူးကုန်စည်ခွန်အများဆုံးပေးဆောင်ခဲ့သော ပုဂ္ဂလိကပိုင် နိုင်ငံခြားကုမ္ပဏီဖြစ်သည့် **Myanmar Brewery Ltd** မှ **Corporate Communication Manager** ဦးမိုးဇော်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

သတင်းစဉ်

**အထူးကုန်စည်ခွန် အများဆုံးပေးဆောင်**

ဆက်လက်၍ နိုင်ငံတော်သမ္မတက **၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွက် အထူးကုန်စည်ခွန် အများဆုံးပေးဆောင်ခဲ့ကြသော ပုဂ္ဂလိကပိုင် နိုင်ငံခြားကုမ္ပဏီများဖြစ်ကြသည့်** Myanmar Brewery Ltd မှ Corporate Communication Manager ဖြစ်သူ ဦးမိုးဇော်ဦး၊ Virginia Tobacco Co.,Ltd မှ Chairman ဖြစ်သူ ဦးမြင့်ဦး၊ Myanmar Distillery Co.,Ltd မှ Co-Chairman ဖြစ်သူ ဦးအောင်မိုးကျော်၊ Heineken Myanmar Ltd မှ Finance Director ဖြစ်သူ Mr. Shankar Romalingam နှင့် Myanmar Carlsberg Co.,Ltd မှ Corporate Communication & CSR Manager ဖြစ်သူ Daw Han Su Tin တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ၂၀၁၇ - ၂၀၁၈ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံးပေးဆောင်ခဲ့ကြသော မြန်မာကုမ္ပဏီလုပ်ငန်းရှင်များနှင့် လည်းကောင်း၊ ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်ခဲ့ကြသော မြန်မာကုမ္ပဏီလုပ်ငန်းရှင်များနှင့် လည်းကောင်း၊ အထူးကုန်စည်ခွန် အများဆုံးပေးဆောင်ခဲ့ကြသော မြန်မာကုမ္ပဏီလုပ်ငန်းရှင်များနှင့်လည်းကောင်း၊ ဝင်ငွေခွန်အများဆုံးပေးဆောင်ခဲ့ကြသော ပုဂ္ဂလိကပိုင်၊ နိုင်ငံခြားကုမ္ပဏီလုပ်ငန်းရှင်များနှင့် လည်းကောင်း၊ ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်ခဲ့ကြသော ပုဂ္ဂလိကပိုင်၊ နိုင်ငံခြားကုမ္ပဏီလုပ်ငန်းရှင်များနှင့် လည်းကောင်း၊ အထူးကုန်စည်ခွန် အများဆုံးပေးဆောင်ခဲ့ကြသော ပုဂ္ဂလိကပိုင်၊ နိုင်ငံခြားကုမ္ပဏီလုပ်ငန်းရှင်များနှင့် လည်းကောင်း စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံ**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန် အများဆုံးပေးဆောင်ခဲ့သူများအား လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံသည်။

ယနေ့ကျင်းပသည့် ဂုဏ်ထူးဆောင်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်သည့် အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကျော်တင့်ဆွေ၊ ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်၊ ဒေါက်တာသန်းမြင့်၊ ဦးစိုးဝင်းနှင့် ဦးဟန်ဇော်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်လှထွန်းနှင့် ဦးလှကျော်၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွက် အထူးကုန်စည်ခွန်အများဆုံးပေးဆောင်ခဲ့ကြသော မြန်မာကုမ္ပဏီလုပ်ငန်းရှင်များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

ပြည်ထောင်စုနေ့အကြိုဂုဏ်ပြုဆောင်းပါး

# ပြည်ထောင်စု၏ နှလုံးသား

ကိုမြင့်ထွန်း (ဆော)

**တောင်သူလယ်သမားနေ့၊ အမျိုးသားအောင်ပွဲနေ့၊ တပ်မတော်နေ့၊ ပြည်ထောင်စုနေ့၊ အာဇာနည်နေ့၊ လွတ်လပ်ရေးနေ့ဆိုတဲ့ မြန်မာ့နေ့ထူးနေ့မြတ်တွေဟာ တစ်နေ့နဲ့တစ်နေ့ ဆက်စပ်မှုတွေရှိနေခဲ့ပါတယ်။ အဲဒီနေ့အားလုံးဟာ သူ့ကျွန်ဘဝကနေ လွတ်လပ်တဲ့နိုင်ငံအဖြစ် ရပ်တည်လာနိုင်အောင်ကြိုးပမ်းခဲ့ကြတဲ့ သမိုင်းစဉ်တစ်ခုအတွင်းမှာ စိုက်ထူခဲ့ကြတဲ့ မှတ်တိုင်ကြီးတွေလည်းဖြစ်ပါတယ်။ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကို သေသေချာချာလေ့လာကြည့်ရင် ပြည်ထောင်စုနေ့ကို မြန်မာ့နေ့ထူးနေ့မြတ်တွေရဲ့ဗဟိုပြုရာနေ့တစ်နေ့လို့ မြင်ကြရပါလိမ့်မယ်။**

**ဒုတိယကမ္ဘာစစ်အပြီးမြန်မာ့နိုင်ငံရေးအခြေအနေ**

ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၆ ခုနှစ်မှာ ဗြိတိသျှအစိုးရရဲ့ ဖိနှိပ်ချုပ်ချယ်မှုကို ဆန့်ကျင်ကန့်ကွက်တဲ့အနေနဲ့ ဖဆပလအဖွဲ့ချုပ်ဦးဆောင်ပြီး ဆန္ဒပြပွဲတွေ သပိတ်တိုက်ပွဲတွေ ဆက်တိုက်ဆောင်ရွက်ခဲ့ကြပါတယ်။ အဲဒီနှစ် မေလ ၁၈ ရက်နေ့ အင်းစိန်ခရိုင် ထန်းတပင်မြို့မှာ တောင်သူလယ်သမားဆန္ဒပြပွဲ၊ ဇွန်လ ၇ ရက် ကန်တော်မင်ပန်းခြံမှာ လူထုဆန္ဒပြပွဲ၊ ဇွန်လ ၂၆ ရက်နေ့မှာ တိုင်းရင်းသားပေါင်းစုံ တစ်သိန်းကျော်ပါဝင်တဲ့ လူထုစည်းဝေးပွဲ၊ စက်တင်ဘာ ၅ ရက်နေ့မှာ ပြုလုပ်တဲ့ ပုလိပ်သပိတ်ကြီး၊ အဲဒီကနေ အလုပ်သမားသပိတ်တွေ ဆက်တိုက်ဖြစ်ပေါ်ခဲ့ပါတယ်။

ဗြိတိသျှအစိုးရဟာ အဲဒီအခြေအနေထိန်းသိမ်းဖို့နဲ့ အာရုံပြောင်းတဲ့အနေနဲ့ ၁၉၄၆ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့မှာ လက်ရှိဘုရင်ခံ ဆာဒေါ်မန်စမစ်အစား မေဂျာဂျင်နရယ် ဆာဟူးဘတ်ရန့်ကို ခန့်အပ်အုပ်ချုပ်စေခဲ့ပါတယ်။ ဗြိတိသျှတွေဘက်က ဘယ်လိုပဲ လူစားထိုးအုပ်ချုပ်စေခဲ့ပေမယ့် မြန်မာတို့ရဲ့သပိတ်တိုက်ပွဲတွေကတော့ အရှိန်ရနေခဲ့ပါပြီ။ အဲဒီကာလမှာပဲ အစိုးရအမှုထမ်းများ၊ အလုပ်သမားများရဲ့ သပိတ်တိုက်ပွဲတွေ ဆက်တိုက်ဖြစ်ပေါ်ခဲ့ပြန်ပါတယ်။ နောက်ဆုံးမှာ အစိုးရအမှုထမ်းများ သမဂ္ဂပေါင်းစုံသပိတ်ကြီးဖြစ်ပေါ်ခဲ့ပြီး ၁၉၄၆ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့မှာ ဗြိတိသျှတို့အလိုကျ ဖွဲ့စည်းထားတဲ့ ဆာပေါ်ထွန်းအစိုးရ ပြုတ်ကျသွားခဲ့ပါတယ်။

အဲဒီအချိန်မှာ ဘုရင်ခံ ဆာဟူးဘတ်ရန့် ကိုယ်တိုင် ဖဆပလအဖွဲ့ချုပ်က ကိုယ်စားလှယ်တွေကို ဖိတ်ခေါ်ပြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်တဲ့ ဘုရင်ခံအမှုဆောင်ကောင်စီ ဝန်ကြီးအဖွဲ့ကိုဖွဲ့စည်းဖို့ ကမ်းလှမ်းရပါတော့တယ်။ အဲဒီအဖွဲ့ကို ၁၉၄၆ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့မှာ ဖွဲ့စည်းခဲ့ပါတယ်။ ဖွဲ့စည်းပြီး နှစ်ရက်မြောက်နေ့ဖြစ်တဲ့ စက်တင်ဘာလ ၂၉ ရက်နေ့မှာပဲ ဖဆပလအဖွဲ့ချုပ်ဥက္ကဋ္ဌဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ပြီး ဗြိတိသျှအစိုးရရဲ့စက္ကူဖြူစီမံကိန်းကို ကန့်ကွက်တဲ့ လူထုဆန္ဒပြပွဲကြီးကို ဆောင်ရွက်ခဲ့ပါတယ်။

ဒီလိုလုပ်တာဟာ ဖဆပလအဖွဲ့ချုပ်အနေနဲ့ ဘုရင်ခံရဲ့ မေတ္တာရပ်ခံချက်အရ ဘုရင်ခံအမှုဆောင်ကောင်စီ ဝန်ကြီးအဖွဲ့ကို ဖွဲ့စည်းခဲ့ကြပေမယ့် လွတ်လပ်ရေးကို မရမချင်း ဆက်လက်တိုက်ပွဲဝင်သွားမယ်ဆိုတဲ့အကြောင်း ပြည်သူလူထုကို အတိအလင်း ကြေညာလိုက်တာပါပဲ။

ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်တဲ့ ဘုရင်ခံအမှုဆောင်ကောင်စီ ဝန်ကြီးအဖွဲ့ဟာ နိုဝင်ဘာလ ၈ ရက်နေ့မှာ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ထူထောင်ဖို့ အခြေခံစည်းမျဉ်းဥပဒေကို အမြန်ဆုံးရေးဆွဲဖို့ စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း ကြေညာခဲ့ပါတယ်။ ဖဆပလအဖွဲ့ချုပ်က နိုဝင်ဘာလ ၁၀ ရက်နေ့မှာ တစ်နှစ်အတွင်း လွတ်လပ်ရေးဆိုတဲ့ လွတ်လပ်ရေးကြေညာစာတမ်းကို ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီကြေညာချက်မှာပါတဲ့ တောင်းဆိုချက်တွေကို ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့ မတိုင်မီ မလိုက်လျောရင် ဘုရင်ခံအမှုဆောင်ကောင်စီဝန်ကြီးအဖွဲ့မှာ ပါဝင်တဲ့ ဖဆပလကိုယ်စားလှယ်ဝန်ကြီးတွေ နုတ်ထွက်မယ်လို့ ဗြိတိသျှအစိုးရကို အကျပ်ကိုင်ခဲ့ကြပါတယ်။

ဖဆပလအဖွဲ့ချုပ်အနေနဲ့ ဗြိတိသျှအစိုးရက တောင်းဆိုချက်တွေကို မလိုက်လျောရင် အဆုံးစွန်အထိ ရရာနည်းနဲ့ ဆက်လျှောက်တော့မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါတယ်။ ဒါကိုသိတဲ့ ဗြိတိသျှအစိုးရဟာ လွှတ်တော်အစည်းအဝေးခေါ်ယူပြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်တဲ့ ဘုရင်ခံအမှုဆောင်ကောင်စီဝန်ကြီးအဖွဲ့ကို အင်္ဂလန်နိုင်ငံသို့ ဖိတ်ကြားဆွေးနွေးရတဲ့အထိ လိုက်လျောခဲ့ရပါတယ်။

**မြန်မာ့လွတ်လပ်ရေးအတွက် သမိုင်းဝင်စကား**

အဲဒီလို ဗြိတိသျှအစိုးရက တလေးတစား ဖိတ်ခေါ်ခံရတဲ့ ဗိုလ်ချုပ်အောင်ဆန်းကို လုံးဝလွတ်လပ်ရေးကိုသာ တောင်းဆိုခဲ့ဖို့ ဖဆပလအဖွဲ့ချုပ်က မှာကြားလိုက်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းက ရန်ကုန်ကမထွက်ခွာခင် လွတ်လပ်ရေးအတွက် ပြည်သူလူထု၊ ဖဆပလ၊ တပ်မတော် စည်းစည်းလုံးလုံးနဲ့ အသင့်ဖြစ်နေကြဖို့ "အကောင်းဆုံးကို မျှော်လင့်ထားပြီး အဆိုးဆုံးအတွက်လည်း အသင့်ပြင်ဆင်ထားကြပါ" လို့ မှာကြားခဲ့ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းနဲ့ အဖွဲ့ဟာ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့မှာ အင်္ဂလန်နိုင်ငံကိုသွားဖို့ ရန်ကုန်ကနေ အိန္ဒိယနိုင်ငံကို ထွက်ခွာခဲ့ကြပါတယ်။ အိန္ဒိယနိုင်ငံခေါင်းဆောင် နေရူးနဲ့ တွေ့ဆုံဆွေးနွေးအပြီး အိန္ဒိယသတင်းစာဆရာများက "လွတ်လပ်ရေးကြိုးပမ်းမှုမှာ အနုနည်းသုံးမည်လား၊ အကြမ်းနည်းသုံးမည်လား" လို့ မေးရာ ဗိုလ်ချုပ်အောင်ဆန်းက "အခြေအနေအရပေါ့၊ ကျွန်တော်တို့ကတော့ လက်မနှေးပါဘူး" လို့ ပြန်ဖြေခဲ့ပါတယ်။

ဗိုလ်ချုပ်နဲ့အဖွဲ့ဟာ လန်ဒန်မြို့ကို ဇန်နဝါရီလ ၉ ရက်နေ့မှာ ရောက်ရှိခဲ့ပြီး ဗြိတိသျှ နန်းရင်းဝန်ကြီး မစ္စတာအက်တလီ ဦးဆောင်တဲ့အဖွဲ့နဲ့ ဇန်နဝါရီလ ၁၃ ရက်နေ့မှာ ဆွေးနွေးပွဲ စတင်ခဲ့ပါတယ်။ အဲဒီဆွေးနွေးပွဲမှာ ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့တဲ့စကားကိုလည်း မြန်မာ့လွတ်လပ်ရေးအတွက် ဗြိတိသျှအစိုးရနဲ့ ပထမဦးဆုံး တရားဝင်ပြောခဲ့တဲ့ သမိုင်းမှတ်တမ်းစကားအဖြစ် ဖော်ပြပေးလိုပါသေးတယ်။

ဆွေးနွေးပွဲမှာ ဗြိတိသျှနန်းရင်းဝန်ကြီး မစ္စတာအက်တလီရဲ့နှုတ်ခွန်းဆက်စကားအပြီး ဗိုလ်ချုပ်အောင်ဆန်းက "ကျွန်တော်သည် စစ်သားဖြစ်ပါသည်။ ရိုးရိုးရှင်းရှင်း ပွင့်လင်းစွာပြောတတ်ပါသည်။ သံတမန်သုံး သိမ်မွေ့ဝေ့လည်သောစကားကို မပြောတတ်ပါ။ မြန်မာပြည်သူတို့သည် အချုပ်အချယ်ကင်းသော လုံးဝလွတ်လပ်ရေးကို လိုလားတောင်းဆိုကြပါသည်။ မြန်မာပြည်သူတို့ဟု ဆိုရာဝယ် တိုင်းရင်းသားလူမျိုးအားလုံးကို ဆိုလိုပါသည်။ လုံးဝလွတ်လပ်ရေးကို အားလုံးအား အဆင့်အတန်းမခွဲခြားဘဲ ပေးမည်၊ ပြင်ပ ပယောဂလည်းကင်းမည်ဆိုလျှင် တိုင်းရင်းသားလူမျိုးများသည် ညီညွတ်စွာရပ်တည်ကြပါလိမ့်မည်" လို့ ပြောခဲ့ပါတယ်။ ဒီစကားမှာ အဓိက လိုလားချက်နဲ့ ကြိုတင်မြော်တွေးထားတဲ့ အကြောင်းအရာတွေပါဝင်အောင် တိုတိုနဲ့ ထိထိမိမိပြောဆိုခဲ့တာကို တွေ့ရပါတယ်။

**ကြုံတွေ့ခဲ့ရသည့်အပြုနှင့်အဖျက်များ**

ဗိုလ်ချုပ်တို့ မြန်မာတစ်နိုင်ငံလုံး လွတ်လပ်ရေးအတွက် လန်ဒန်မှာ ဆွေးနွေးနေကြတဲ့အချိန် ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့ ဗန္ဓုလပန်းခြံမှာ ဖဆပလအဖွဲ့ချုပ်က ဦးစီးပြီး လူထုတစ်သိန်းကျော်နဲ့ လွတ်လပ်ရေးဆန္ဒပြ အစည်းအဝေးကြီး ပြုလုပ်ခဲ့ကြပါတယ်။ အစည်းအဝေးကြီးမှာ ဆွေးနွေးဆုံးဖြတ်ခဲ့တဲ့အချက်တွေကို ဗိုလ်ချုပ်ဆီ ကြေးနန်းနဲ့ ပို့ခဲ့ကြပါတယ်။ အဲဒီအချိန်မှာပဲ ရှမ်းပဒေသရာဇ်စော်ဘွားအချို့က "ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းပြည်စော်ဘွားများ၏ ကိုယ်စားလှယ်မဟုတ်၊ တောင်တန်းနယ်များ၏ ကိစ္စကို ဆွေးနွေးရန် ရှမ်းစော်ဘွားများကို သီးသန့်ဖိတ်ကြားပါ" ဆိုတဲ့ ကြေးနန်းကို လန်ဒန်သို့ ပေးပို့ခဲ့လို့ ဆွေးနွေးပွဲ မပြေမလည် ဖြစ်ခဲ့ရပါသေးတယ်။

ရှမ်းပြည်နယ်က တိုင်းရင်းသားခေါင်းဆောင်လူငယ်တွေက တောင်ကြီးမြို့မှာ ရှမ်းပြည်နယ်လူထုစည်းဝေးပွဲကြီး ကျင်းပပြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ ကိုယ်စားလှယ်တွေဟာ ရှမ်းပြည်လူထုရဲ့ကိုယ်စားလှယ်အစစ်အမှန်ဖြစ်ကြောင်း လန်ဒန်ကို ကြေးနန်းပို့တဲ့အချိန်မှသာ ဗြိတိသျှအစိုးရက ဆွေးနွေးပွဲကို ဆက်လက်ပြုလုပ်ခဲ့ကြပါတယ်။ အခြားသော တိုင်းရင်းသားအဖွဲ့အချို့ကလည်း လန်ဒန်ကို ကိုယ်စားလှယ်လွှတ်ပြီး ဗြိတိသျှအုပ်ချုပ်မှုအောက်မှာပဲ ဆက်လက်နေလိုသေးကြောင်း ပြောခဲ့ကြတာတွေ ရှိခဲ့ပါတယ်။ မြန်မာကိုယ်စားလှယ်အဖွဲ့ရဲ့ ရိုးရှင်းဖြောင့်စင်းတဲ့ ပြင်းပြသောဆန္ဒနဲ့ တိုင်းရင်းသားပြည်သူလူထုကြီးတစ်ရပ်လုံးရဲ့ ညီညွတ်တဲ့အင်အားတွေကြောင့် ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့မှာ အောင်ဆန်း - အက်တလီစာချုပ်ကို နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါတယ်။

အောင်ဆန်း-အက်တလီစာချုပ်ဟာ မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးတဲ့စာချုပ်မဟုတ်ပေမယ့်လို့ လွတ်လပ်ရေးအတွက် အသွင်ကူးပြောင်းရေးကာလမှာ ဆောင်ရွက်ကြမယ့် ဗြိတိသျှ-မြန်မာ နှစ်ဖက်သဘောတူညီချက်တွေ ဖြစ်ပါတယ်။ အဲဒီဆွေးနွေးပွဲ ကို တက်ရောက်ကြတဲ့ မြန်မာကိုယ်စားလှယ်တွေထဲက သဘောမတူလို့ စာချုပ်မှာ လက်မှတ်မထိုးခဲ့တဲ့သူတွေကတော့ သခင်ဗစိန်နဲ့ ဦးစောတို့ပဲဖြစ်ပါတယ်။

ဒါတင်မကသေးပါဘူး။ ဦးစောဟာ ဆွေးနွေးပွဲပြီးလို့ ရန်ကုန်ပြန်ရောက်တဲ့အချိန်မှာ "ဗိုလ်ချုပ်အောင်ဆန်းဟာ ဗြိတိသျှအစိုးရရဲ့ သြဇာကိုမလွန်ဆန်နိုင်လို့ လက်မှတ်ထိုးခဲ့ရတာ၊ လက်မှတ်ထိုးနေတဲ့အချိန် ဗိုလ်ချုပ်ရဲ့လက်တွေ တုန်ယင်နေခဲ့တယ်" လို့ လုပ်ကြံလီဆယ်ပြီး ဝါဒဖြန့်ခဲ့ပါသေးတယ်။ ဦးစောဟာ ဗိုလ်ချုပ်အောင်ဆန်းကို နယ်ချဲ့သမားနဲ့ ပေါင်းပြီး တိုင်းပြည်ကို သစ္စာဖောက်တဲ့သူလို့ စွပ်စွဲပြီး ဖေဖော်ဝါရီလ ၁၉ ရက်နေ့မှာ ဘုရင်ခံအမှုဆောင်ကောင်စီကနေ နုတ်ထွက်သွားခဲ့ပါတယ်။ ဒါကိုကြည့်ရင် အသားထဲက လောက်ထွက်ဆိုတဲ့ စကားရဲ့အဓိပ္ပာယ်ကို ပုံဖော်နိုင်ကြလိမ့်မယ်ထင်ပါတယ်။



၂၀၁၈ ခုနှစ် ပင်လုံမြို့၌ ကျင်းပသော (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် တက်ရောက်လာကြသူများက နိုင်ငံတော်အလံအား အလေးပြုကြစဉ်။

**"ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုတဲ့ မြန်မာပြည်မက ခေါင်းဆောင်တွေနဲ့ တောင်တန်းဒေသက တိုင်းရင်းသားခေါင်းဆောင်တွေ တွေ့ဆုံဆွေးနွေးခဲ့ကြရာမှာ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှာ ပြည်မ တောင်တန်း မခွဲခြားဘဲ လွတ်လပ်ရေးကို အတူတကွအရယူကြဖို့ သဘောတူညီမှုရရှိခဲ့ကြပါတယ်။ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀ နာရီမှာတော့ ပြည်မ တောင်တန်း ပူးပေါင်းရေးစာချုပ်လို့ခေါ်တဲ့ ပင်လုံစာချုပ်ကြီးကို အောင်မြင်စွာလက်မှတ်ရေးထိုးခဲ့ကြ"**

**ပြည်မ တောင်တန်းပူးပေါင်းရေးစာချုပ်**

ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ ဆွေးနွေးပွဲကို အောင်မြင်စွာပြီးမြောက်ခဲ့ပြီး ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့မှာ ရန်ကုန်ကို ပြန်လည်ရောက်ရှိကြပါတယ်။ ဖေဖော်ဝါရီလ ၃ ရက်နေ့မှာ လန်ဒန်ကို ဆွေးနွေးပွဲ သွားရောက်ခဲ့တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့နဲ့ ဖဆပလအဖွဲ့ချုပ်တို့က အောင်ဆန်း-အက်တလီစာချုပ်ကို အတည်ပြုခဲ့ကြပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာ ဖေဖော်ဝါရီလ ၈ ရက်နေ့မှာ ရှမ်းပြည်တောင်ပိုင်း ပင်လုံမြို့ကို သွားရောက်ပြီး တိုင်းရင်းသားကိုယ်စားလှယ်များနဲ့ သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုတဲ့ မြန်မာပြည်မက ခေါင်းဆောင်တွေနဲ့ တောင်တန်းဒေသက တိုင်းရင်းသားခေါင်းဆောင်တွေ တွေ့ဆုံဆွေးနွေးခဲ့ကြရာမှာ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှာ ပြည်မ တောင်တန်းမခွဲခြားဘဲ လွတ်လပ်ရေးကို အတူတကွအရယူကြဖို့ သဘောတူညီမှုရရှိခဲ့ကြပါတယ်။ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀ နာရီမှာတော့ ပြည်မ တောင်တန်း ပူးပေါင်းရေးစာချုပ်လို့ခေါ်တဲ့ ပင်လုံစာချုပ်ကြီးကို အောင်မြင်စွာလက်မှတ်ရေးထိုးခဲ့ကြပါတယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် အရေးကြီးဆုံးဖြစ်တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့ကြလို့ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြတဲ့ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ဂုဏ်ပြုလာခဲ့ကြတာ ဒီနှစ်ဆိုရင် ၇၂ နှစ်တိုင်ခဲ့ပြီ ဖြစ်ပါတယ်။

အခုတင်ပြခဲ့တဲ့အကြောင်းအရာတွေက အကျဉ်းချုပ်ကလေးမျှသာဖြစ်ပေမယ့် ဒီအကျဉ်းချုပ်မှုနဲ့ပဲ ရည်မှန်းချက်ပန်းတိုင်တစ်ခုအတွက် ဘယ်လိုအခက်အခဲတွေ ကြုံတွေ့ခဲ့ရတယ်၊ ဘယ်လိုကြိုးစားဆောင်ရွက်ခဲ့ကြရတယ်ဆိုတာကို သုံးသပ်နိုင်ကြလိမ့်မယ်လို့ ထင်ပါတယ်။ ဒါကြောင့် မိမိတို့ရဲ့ဘိုးဘွားတွေ တည်ဆောက်ထားခဲ့တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို သားစဉ်မြေးဆက် ဆက်လက်ထိန်းသိမ်းကြဖို့က မြန်မာတိုင်းရင်းသားအားလုံးရဲ့ အမျိုးသားရေးတာဝန်ပဲဖြစ်ပါတယ်။ ညီညွတ်ခြင်းသည် စွမ်းအင်၊ စည်းလုံးခြင်းသည်ခွန်အား၊ ပြည်ထောင်စု၏ နှလုံးသား မဟုတ်ပါလားခင်ဗျာ။ ။

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၄**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် **ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေကြမ်း**နှင့် **စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေကြမ်း**များကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

## ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေကြမ်းနှင့် စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေကြမ်းများကို လွှတ်တော်က မှတ်တမ်းတင်

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က **ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ**တွင် အဖွဲ့ဝင်အဖြစ် **ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်**အစား **ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ကျိန်ဇိုက်မန်** အား လည်းကောင်း၊ **ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမိုး** အစား **မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်လှဌေး (ခ) ဒေါ်အုန်းကြည်** အားလည်းကောင်း ပြောင်းလဲတာဝန်ပေးအပ်ခြင်းကို လွှတ်တော်သို့တင်ပြ၍ သဘောတူညီချက်ရယူသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က **ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ**တွင် အဖွဲ့ဝင်အဖြစ် **ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမာန်လောမောင်း** အစား **မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်း**အား ပြောင်းလဲတာဝန်ပေးအပ်ခြင်းကို လွှတ်တော်သို့တင်ပြ၍ သဘောတူညီချက်ရယူသည်။

## အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ၆ လတာကာလ (၂၀၁၈ ခုနှစ် ဧပြီ ၁၀ ရက်မှ အောက်တိုဘာ ၉ ရက်အထိ) အတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှု အစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြ

ဆက်လက်၍ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ မျိုးကြွယ်က **အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ၆ လတာကာလ (၂၀၁၈ ခုနှစ် ဧပြီ ၁၀ ရက်မှ အောက်တိုဘာ ၉ ရက်အထိ)အတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှု အစီရင်ခံစာ**နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် ယခုအခါအမျိုးသားပညာရေးမူဝါဒကော်မရှင်၏ သက်တမ်းမှာ (၂) နှစ်ပြည့်မြောက်ပြီးဖြစ်ပါကြောင်း၊ လွန်ခဲ့သည့် နှစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများ အခြေခံလျက် အချက် ၄ ချက်ကို အကြံပြုလိုပါကြောင်း၊ ပထမအကြံပြုချက်အနေဖြင့် ပညာရေးမူဝါဒများ၊ စီမံကိန်းများကို လေ့လာသုံးသပ်အကဲဖြတ်အကြံပြုရေးဖြစ်ပါကြောင်း၊ ကော်မရှင်က ပညာရေးမူဝါဒများ၊ ပညာရေးစီမံကိန်းများ အကောင်အထည်ဖော်မှုကို ကဏ္ဍအလိုက် သို့မဟုတ် ကဏ္ဍခွဲအလိုက်စနစ်တကျ လွှမ်းခြုံသုံးသပ်အကဲဖြတ် အကြံပြုသင့်သည်ဖြစ်ရာ ထိုလုပ်ငန်းတာဝန်ကို ဆောင်ရွက်နိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ကော်မရှင်တို့အကြား ပညာရေးဆိုင်ရာ စာရင်းအင်းနှင့် သတင်းအချက်အလက်များ ဖလှယ်နိုင်မည့်ယန္တရားတစ်ခုထူထောင်ဆောင်ရွက်ရန်နှင့် ကော်မရှင်ရုံးတွင် စီမံကိန်းလုပ်ငန်း ကြီးကြပ်အကဲဖြတ် သဘောတရားများကို နားလည်ပြီး သုတေသနနည်းပညာ ကျွမ်းကျင်သည့် ဝန်ထမ်းများ တိုးချဲ့ခန့်ထားပြုစုပျိုးထောင်ရန်တို့ ဖြစ်ပါကြောင်း။

ဒုတိယအကြံပြုချက်အနေဖြင့် ကော်မရှင်၊ ကော်မတီများနှင့် ဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ပေါင်းစပ်ညှိနှိုင်းမှု အားကောင်းစေရေးဖြစ်ပါကြောင်း၊ ကော်မရှင်နှင့် ကော်မရှင်ကဖွဲ့စည်းထားသော ကော်မတီများနှင့် ပညာရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ပေါင်းစပ်ညှိနှိုင်းမှု၊ ပူးပေါင်းလုပ်ဆောင်မှု ပိုမိုအားကောင်းရေးအတွက် ပုံမှန်ပေါင်းစပ်ညှိနှိုင်းရေးယန္တရားတစ်ခု ထူထောင်ဆောင်ရွက်ရန်ဖြစ်ပါကြောင်း။

တတိယအကြံပြုချက်အနေဖြင့် သက်ဆိုင်သူများနှင့် ကျယ်ပြန့်စွာ ညှိနှိုင်းဆွေးနွေးရေးဖြစ်ပါကြောင်း၊ ထို့ကြောင့် အများပြည်သူနှင့်သက်ဆိုင်သည့် ပညာရေးမူဝါဒများကို ရေးဆွဲရာတွင် သက်ဆိုင်သူပုဂ္ဂိုလ်များအားလုံး အကျုံးဝင်ပြီး ထိရောက်သော မူဝါဒရေးရာ ညှိနှိုင်းဆွေးနွေးမှုဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ကော်မရှင်၏ဘဏ္ဍာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ကို တိုးမြှင့်ဖွဲ့စည်းပေးရန် ဖြစ်ပါကြောင်း။

## မူဝါဒဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်များကို နိုင်ငံတကာမိတ်ဖက်အဖွဲ့ အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပိုမိုထိရောက်သော မူဝါဒများကို ရေးဆွဲဖော်ထုတ်အကောင်အထည်ဖော်နိုင်မည်

စတုတ္ထအကြံပြုချက်အနေဖြင့် နိုင်ငံတကာပညာရေး မိတ်ဖက်အဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရေးဖြစ်ပါကြောင်း၊ ကော်မရှင်နှင့် ကော်မတီများသည် ပညာရေးမူဝါဒများ၊ အဆင့်အတန်းများ၊ စံချိန်စံညွှန်းများ စသည်တို့ကို ဖော်ထုတ်သတ်မှတ် အကြံပြုပေးရမည့် အဖွဲ့အစည်းများဖြစ်သည်နှင့်အညီ မူဝါဒဆိုင်ရာဆွေးနွေးပွဲများ၊ မူဝါဒဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်များကို နိုင်ငံတကာမိတ်ဖက်အဖွဲ့ အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပိုမိုထိရောက်သော မူဝါဒများကိုရေးဆွဲ ဖော်ထုတ် အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်း။



ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်

ထို့ကြောင့် အမျိုးသားပညာရေးမူဝါဒကော်မရှင်သည် အမျိုးသားပညာရေးစနစ်၏ အဆင့်အသီးသီးတွင် ပိုမိုထိရောက်ပြီး စွမ်းဆောင်ရည်ရှိသော ပညာရေးကဏ္ဍပေါင်းစပ်ညှိနှိုင်းနိုင်မှုများကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် ပညာရေးပြုပြင်ပြောင်းလဲမှုများ ရေရှည်တည်တံ့ခိုင်မြဲမှုကို ပံ့ပိုးပေးနိုင်ရန်တို့အတွက် အမျိုးသားပညာရေးဥပဒေပါ ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဖော်ဆောင်ရာတွင် ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် သက်ဆိုင်သူများအားလုံးနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးဇော်ဝင်းက **နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ**ကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ဖတ်ကြားတင်ပြ

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဒေါ်နွယ်နွယ်အောင်က **နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ**ကို ဖတ်ကြားတင်ပြရာတွင် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် အတည်ပြုခဲ့ပြီး နိုင်ငံတော်သမ္မတထံသို့ လက်မှတ်ရေးထိုးထုတ်ပြန်နိုင်ရန် ပေးပို့ခဲ့ရာ နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက် နှစ်ချက်ဖြင့် ၂၀၁၈ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ပြန်လည်ပေးပို့လာခဲ့ပါကြောင်း၊ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်အပေါ် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရေး ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက် အစီရင်ခံစာတင်ပြရန် ပြည်ထောင်စုလွှတ်တော် နာယကက ၂၀၁၈ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် တာဝန်ပေးအပ်ခဲ့ပါကြောင်း။

သို့ဖြစ်၍ ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ၂၀၁၉ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့် အစည်းအဝေးကျင်းပခဲ့ပြီး နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို လေ့လာစိစစ်ခဲ့ကြပါကြောင်း၊ ယင်းအစည်းအဝေးတွင် ဆွေးနွေးချက်များအရ နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း၏ အပိုဒ် ၈ ပါ ပုဒ်မ ၂၉၊ ပုဒ်မခွဲ(ခ) နှင့် အပိုဒ် ၂၀ပါ ပုဒ်မ ၉၅ တို့ကို နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်အတိုင်း အတည်ပြုပြဋ္ဌာန်းသင့်သည်ကို လေ့လာတွေ့ရှိရပါကြောင်း။

သို့ပါ၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၉ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက **နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အဆိုတင်သွင်းဆွေးနွေး၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

## ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၈ ခုနှစ်၊ ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာထုတ်ပြန်ရေးနှင့် ၎င်းအစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၁/၂၀၁၉) တို့နှင့် စပ်လျဉ်း၍ဆွေးနွေး

ဆက်လက်၍ **ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၈ ခုနှစ်၊ ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာထုတ်ပြန်ရေးနှင့် ၎င်းအစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၁/၂၀၁၉)** တို့နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက ပြည်ပကြွေးမြီအများစုသည် အတိုးနှုန်းသက်သာပြီး ပြန်ဆပ်ကာလကြာရှည်သော ချေးငွေများဖြစ်သော်လည်း နှစ်စဉ် အတိုးအရင်း ပြန်လည်ပေးဆပ်ရမည်ဖြစ်၍ ပြည်ပချေးငွေများကို ထိထိရောက်ရောက် အကျိုးရှိစွာ အသုံးပြုရန် လိုအပ်သကဲ့သို့ အတိုးနှုန်းမြင့်မားနေသည့် ချေးငွေများကို ဆောလျင်စွာ ပြန်ဆပ်သင့်ကြောင်းကို အကြံပြုလိုပါကြောင်း။

ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့တို့၏ သတ်မှတ်ချက်အရ အလယ်အလတ်အဆင့် ဝင်ငွေနည်းပါးသည့်နိုင်ငံတွင် ပြည်တွင်း၊ ပြည်ပကြွေးမြီနှင့် GDP အချိုးမှာ ၃၈ ရာခိုင်နှုန်းထက် မကျော်စေရဆိုသော်လည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပြည်တွင်းပြည်ပကြွေးမြီနှင့် GDP အချိုးမှာ ၃၈ ဒသမ ၃ ဖြစ်သောကြောင့် ကြွေးမြီခံနိုင်ရည်ရှိမှု ကန့်သတ်ချက်ဘောင်ထက် အနည်းငယ်ကျော်လွန်လျက်ရှိသဖြင့် ထိုအချိုးကို လျှော့ချနိုင်ရန် ကြိုးပမ်းသင့်ပါကြောင်း၊ ဘတ်ဂျက်လိုငွေနှင့် GDP အချိုးမှာလည်း ၅ ရာခိုင်နှုန်းထက် မြင့်မားလျက်ရှိသဖြင့် ထိုအချိုးအစားကို နိမ့်ကျသွားစေရန် ကြိုးပမ်းခြင်းဖြင့် ကြွေးမြီခံနိုင်ရည်ရှိမှုကို ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက ချေးငွေတစ်မျိုးချင်းနှင့် စပ်လျဉ်း၍ စာချုပ်ပါ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်နိုင်ရေး၊ မူလရည်မှန်းချက်များနှင့်အညီ လုပ်ငန်းအကောင်အထည်ဖော်နိုင်ရေး၊ လုပ်ငန်းဆောင်ရွက်မှုနှင့် ချေးငွေထုတ်ယူမှု မှန်ကန်ထိရောက်ရေးတို့ကို အကြံပြုလိုပါကြောင်း၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်း ၃၂ ခုရှိသည့်အနက် ၈ ခုသာ ကိုယ်ပိုင်ရန်ပုံငွေနှင့် ကြွေးမြီများကို ပေးဆပ်နိုင်ပြီး ကျန် ၂၄ ခုကို နိုင်ငံတော်က တာဝန်ယူပေးဆပ်နေရသည့်အတွက် နိုင်ငံတော်အတွက် ဝန်ထုပ် ဝန်ပိုးဖြစ်နေမှုအပေါ် နည်းလမ်းများရှာဖွေသင့်ပါကြောင်း။

နောင်တွင် ချေးငွေများ ချေးယူရာ၌ နိုင်ငံနှင့် ပြည်သူအတွက် အကျိုးသက်ရောက်နိုင်မှုအနေအထား၊ ချေးငွေများပြန်လည်ပေးဆပ်ရန်နှင့် ဝင်ငွေပြန်လည်ရရှိနိုင်မှု အလားအလာမျှော်မှန်းချက်၊ ချေးငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ၏ အရေးပါမှု၊ လုပ်ငန်းအောင်မြင်တိုးတက်နိုင်မည့် အလားအလာ၊ ချေးငွေဝန်ထုပ် ဝန်ပိုး ဖြစ်နိုင်မှု အခြေအနေများကို ကြိုတင်တွက်ချက်မှန်းဆထားသင့်ပါကြောင်း၊ ချေးငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ အခြေအနေ၊ လုပ်ငန်းများတိုးတက်မှုနှင့် ပြီးပြတ်မှု အခြေအနေများကိုလည်း လွှတ်တော်သို့ အခါအားလျော်စွာ အစီရင်ခံတင်ပြသင့်ပါကြောင်း။

ချေးငွေဝန်ထုပ် ဝန်ပိုးကျဆင်းလာရန် နိုင်ငံတော်၏အခွန်အကောက်ပိုမိုရရှိလာနိုင်ရေးနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ဝင်ငွေကျဆင်းလာမှု၊ အရှုံးဖြစ်ပေါ်နေမှုနှင့် လုပ်ငန်းရပ်ဆိုင်းနေမှုများကိုလည်း ဖြေရှင်းဆောင်ရွက်နိုင်မှသာ အဆင်ပြေနိုင်မည်ဖြစ်ကြောင်းနှင့် နိုင်ငံ၏ ငွေကြေးတန်ဖိုးတည်ငြိမ်ရေးကိုလည်း အလေးထားထိန်းညှိဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းကိစ္စတို့နှင့် စပ်လျဉ်း၍ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) မှ ဦးသန်းစိုး (ခေါ်) သန်းစိုး (ဘောဂဗေဒ)နှင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း တို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ဇန်နဝါရီ ၂၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**





ဒုတိယသမ္မတ ဦးမြင့်ဆွေ သမုတ်- လွတ်လွတ်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစဉ်။ သတင်းစဉ်

❍ *ကျော်ဖုံးမှ*

ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်မှ ဆောင်ရွက်လျက်ရှိသည့် ရေငန်ပုစွန် မွေးမြူရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုရာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်က ခေတ်မီနည်းစနစ်များအသုံးပြု၍ ရေငန်ပုစွန်များ မွေးမြူထားရှိမှု၊ အထွက်နှုန်း၊ ဈေးကွက်အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

**စည်းမျဉ်း စည်းကမ်းများနှင့်အညီ**

ယင်းနောက် ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းပြီး ယခုလုပ်ငန်းသည် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၏ ရှေ့ပြေးလုပ်ငန်း (Pilot Project) တစ်ခုဖြစ်သောကြောင့် အောင်မြင်အောင် ဆောင်ရွက်ရန် ကြိုးပမ်းကြစေလိုပါကြောင်း၊ အောင်မြင်ပြီး တိုးချဲ့နိုင်သည်နှင့်အမျှ အလုပ်အကိုင် အခွင့်အလမ်းများ များစွာ ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း၊ ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန်နှင့် ဇီဝလုံခြုံရေးအတွက် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန်နှင့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ရေငန်ပုစွန်များ စနစ်တကျ မွေးမြူထားရှိမှုနှင့် မွေးမြူထုတ်လုပ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

**ကဏန်းပျော့ မွေးမြူရေးလုပ်ငန်း**

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ပထက်ကျွန်းရှိ ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်မှ ဆောင်ရွက်လျက်ရှိသည့် သဘော်ကျင်းလုပ်ငန်း၊ ကဏန်းပျော့ မွေးမြူရေးလုပ်ငန်း၊ သစ်အချောထည်လုပ်ငန်းနှင့် ငါးပုစွန် အအေးခန်းစက်ရုံတို့ကို လှည့်လည်ကြည့်ရှုရာ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်က ကဏန်းပျော့ မွေးမြူရေးလုပ်ငန်း အခြေအနေများကို လည်းကောင်း၊ ကုမ္ပဏီမန်နေဂျာ ဦးသန့်စင်က သဘော်ကျင်းလုပ်ငန်း အခြေအနေများကို လည်းကောင်း၊ ကုမ္ပဏီဒါရိုက်တာ ဒေါ်မြတ်သီရိခိုင်က သစ်အချောထည်လုပ်ငန်း အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဒုတိယသမ္မတက ပထက်ကျွန်းရှိ ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်မှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်ပတ်သက်၍ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု မရှိအောင် အလေးထားဆောင်ရွက်ရန်နှင့် ကုမ္ပဏီ၏လုပ်ငန်း လုပ်ဆောင်မှုများမှတစ်ဆင့် ဒေသခံကျေးရွာများ၏ လူမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည်အကျိုးပြုခြင်း၊ တာဝန်ခံခြင်းနှင့် အပြုသဘောဆောင်သောရလဒ်များ ဖြစ်ပေါ်လာရေးတို့ကို ကူညီဆောင်ရွက်ပေးရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့နယ် ပင်းအိုကျေးရွာအုပ်စု ငါးအင်းကျေးရွာရှိ ခရမ်းရော်ဘာစက်ရုံသို့ရောက်ရှိပြီး စက်ရုံအတွင်းရှိ ရှင်းလင်းဆောင်တွင် ဖိုးလမင်းရော်ဘာစက်မှုလုပ်ငန်းကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးဖိုးစိန်က စက်ရုံဆိုင်ရာအချက်အလက်များ၊ ရော်ဘာထုတ်လုပ်နိုင်မှု၊ ဈေးကွက်အခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

**နိုင်ငံတကာဈေးကွက်ထိုးဖောက်**

ယင်းနောက် ဒုတိယသမ္မတက ရှင်းလင်းချက်များအပေါ် ခရမ်းရော်ဘာ စက်ရုံမှ ထုတ်လုပ်သော ထုတ်ကုန်များသည် အရည်အသွေးပြည့်မီပြီး နိုင်ငံတကာဈေးကွက်အထိ ထိုးဖောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုသည်။

**သတ်မှတ်ကာလပြီးစီးအောင်**

ထို့နောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့(၄)မှ တာဝန်ယူ တည်ဆောက်လျက်ရှိသည့် သမုတ်-လွတ်လွတ် တံတား တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ တံတားဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးသိန်းမြင့်မွန်က တိုင်းဒေသကြီးအတွင်း တံတားစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်မျိုးထွန်းက သမုတ်-လွတ်လွတ် တံတားစီမံကိန်းဆိုင်ရာ အချက်အလက်များ လုပ်ငန်းပြီးစီးမှု၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ဒုတိယသမ္မတက သမုတ်-လွတ်လွတ်တံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ အရည်အသွေးစီမံခန့်ခွဲမှုစနစ် (၅)ချက်အတိုင်း အပြည့်အဝလိုက်နာ ဆောင်ရွက်ရန်နှင့် သတ်မှတ်ချိန်အတွင်းပြီးစီးအောင် စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရေးမှာကြားသည်။

**သတင်းစဉ်**





ဒုတိယသမ္မတ ဦးမြင့်ဆွေ ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက် ရေငန်ပုစွန် မွေးမြူထားရှိမှုကို ကြည့်ရှုစဉ်။ သတင်းစဉ်



# ပြန်ကြားရေးဝန်ကြီးဌာန e-Government ဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇန်နဝါရီ ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန၏ e-Government ဆိုင်ရာ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို အရှိန်အဟုန်မြှင့်တင် လုပ်ဆောင်နိုင်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ပြန်ကြားရေးဝန်ကြီးဌာန၏ e-Government လုပ်ငန်းဆောင်ရွက်ခြင်းကို စနစ်တကျ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေးအတွက် ဌာနအားလုံးက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ရေး၊ သတင်းအချက်အလက်များ တိကျမှန်ကန် မြန်ဆန်စွာလွှင့်ထုတ်နိုင်ရေး၊ ဆိုက်ဘာလုံခြုံရေး၊ ကျွမ်းကျင်မှုဆင့်ပွားသင်တန်းများ ပို့ချရေးတို့ကို ဆွေးနွေးပြောကြားသည်။ **(ဝဲပုံ)**

ဆက်လက်၍ e-Government ဆောင်ရွက်မှုများနှင့် ပတ်သက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့မှ တာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများ၊ အကြံပြုချက်၊ သုံးသပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

**(သတင်းစဉ်)**

◆ *ကျောဖုံးမှ*

ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်၊ ဒေါက်တာသန်းမြင့်၊ ဦးဟန်ဇော်၊ ဒေါက်တာဝင်းမြတ်အေး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှု အမျိုးသားအဆင့်မဟာဗျူဟာ အကောင်အထည်ဖော်ဆောင်နိုင်ရေးလုပ်ငန်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပြီးမြောက်အောင် ဆောင်ရွက်နိုင်**

အစည်းအဝေးတွင် **ဒုတိယသမ္မတ**က စာရင်းအင်းဥပဒေအရ ကော်မတီကို ၂၀၁၈ ခုနှစ်အတွင်း အဆင့်မြှင့်တင်ဖွဲ့စည်းနိုင်ခဲ့ပြီး စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာ ရှေ့လုပ်ငန်းစဉ်များ (National Strategy For Development of Statistics Action Plan-NSDS Action Plan)ကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၁၉ ခုနှစ်အတွင်း တိုးတက်မှုများ ပိုမိုအရှိန်ရအောင် ဆက်လက်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ အသစ်ပြန်လည်အဆင့်မြှင့်တင်ဖွဲ့စည်းလိုက်သည့် စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးဗဟိုကော်မတီအနေဖြင့် ယခုအစည်းအဝေးသည် ဒုတိယအကြိမ်မြောက် အစည်းအဝေးဖြစ်ပါကြောင်း။

**လုပ်ငန်းအဖွဲ့ (၁၀) ဖွဲ့ ဖွဲ့စည်း**

၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းတွင် ပြဋ္ဌာန်းခဲ့သည့် စာရင်းအင်းဥပဒေသည် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၂ ရက်မှစတင်၍ ဥပဒေ သက်ရောက်နေပြီဖြစ်ပါကြောင်း၊ စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာ (NSDS) ကို အကောင်အထည် ဖော်ဆောင်ရေးအတွက် စာရင်းအင်းကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့ (၁၀) ဖွဲ့ ဖွဲ့စည်းထားပါကြောင်း။

သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့များအနေဖြင့် NSDS Action Plan ကို Living Document အနေဖြင့် ထားရှိအကောင်အထည် ဖော်ဆောင်လျက်ရှိနေကြသည်ကို သိရှိရပါကြောင်း၊ ဆက်လက်ဆောင်ရွက်ရမည့် Clusters ဌာနများ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာသည်ကို သိရှိရပါကြောင်း။

စာရင်းအင်းမှန်ကန်ရေး၊ စာရင်းအင်းယူနစ်များ သေချာစွာဖွဲ့စည်းဆောင်ရွက်ရေး၊ လိုအပ်သည့် Resource ခွဲဝေချထားရေးနှင့် သက်ဆိုင်ရာစာရင်းအင်းလုပ်ငန်းအဖွဲ့များထံ လမ်းညွှန်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးများအား တိုက်တွန်းလိုပါကြောင်း။

**ကျင်းပနိုင်ခဲ့**

စာရင်းအင်းဆိုင်ရာ အချက်အလက်ထုတ်ပြန်သူများနှင့် အချက်အလက်သုံးစွဲသူများအကြား ဆက်ဆံရေးကောင်းမွန်ရေး၊ လိုအပ်နေသည့် စာရင်းအင်းများဖြည့်ဆည်းရေးနှင့် အကျိုးသက်ဆိုင်သူ Stakeholders များအကြား ပူးပေါင်းဆောင်ရွက်ရန်ပြုလုပ်သည့် Platform တစ်ရပ်အဖြစ် မြန်မာစာရင်းအင်းဖိုရမ် (၂၀၁၈) ကို ပထမအကြိမ် ကျင်းပနိုင်ခဲ့သည့်အတွက်လည်း ဂုဏ်ယူပါကြောင်း၊ အဆိုပါဖိုရမ်မှ Stakeholders များအကြား ပူးပေါင်းဆောင်ရွက်ရန် Action Plan များ ပေါ်ပေါက်လာစေပါကြောင်း။

**တစ်နှစ်တစ်ကြိမ် ဆောင်ရွက်သင့်**

စာရင်းအင်းဆိုင်ရာ အသိပညာ (Statistical Literacy) နှင့် အချက်အလက်များကို အသုံးပြုသည့် အလေ့အထ (Data Culture)ကို ဌာနဆိုင်ရာများ၌သာမက အများပြည်သူနှင့် ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများ အကြား၌ပါ ပျံ့နှံ့အောင် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ စာရင်းအင်းပညာ ( Statistics Literacy)ကို မြှင့်တင်သည့်အနေဖြင့် စာရင်းအင်းနှင့်သက်ဆိုင်သည့် Stake holders များအကြား ပူးပေါင်းဆောင်ရွက်ရန် Platform တစ်ခုအဖြစ် မြန်မာစာရင်းအင်းဖိုရမ်ကို တစ်နှစ်တစ်ကြိမ် ဆောင်ရွက်သင့်ပါကြောင်း။

ကမ္ဘာ့နိုင်ငံများအနေဖြင့် ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် Sustainable Development Goals (SDGs) များကို အကောင်အထည်ဖော်ဆောင်နေကြသကဲ့သို့ မိမိတို့နိုင်ငံတွင်လည်း မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan- MSDP) ကို အတည်ပြုခဲ့ပြီး ဖြစ်ပါကြောင်း။

**ပူးပေါင်းပါဝင်မှုသည် အရေးကြီး**

MSDP ရေးဆွဲရေးအတွက် လက်ရှိအခြေအနေကို ထင်ဟပ်သည့် စာရင်းအင်းအချက်အလက်များ လိုအပ်ပါကြောင်း၊ MSDP ကို အကောင်အထည်ဖော်ဆောင်ရာတွင် အမျိုးသားညွှန်းကိန်းမူဘောင် (National Indicator Framework) သတ်မှတ်ဆောင်ရွက် တိုင်းတာမည်ဖြစ်ပါကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်မှုများ ထိရောက်သော အောင်မြင်မှုရှိ၊ မရှိကို ညွှန်ကိန်းများဖြင့် စောင့်ကြည့်အကဲဖြတ်ရန် အကောင်အထည်ဖော်ဆောင်မှုလုပ်ငန်းစဉ် အသီးသီးတွင် ဒေတာအချက်အလက်များ စာရင်းဇယားများ မှတ်မှတ်သားသားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ အမျိုးသားညွှန်းကိန်းမူဘောင် ပေါ်ပေါက်ရေး၊ Data ရရှိနိုင်မှု၊ တွက်ချက် တိုင်းတာရေးကိစ္စများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ပူးပေါင်းပါဝင်မှုသည် အရေးကြီးပါကြောင်း။

**အချိတ်အဆက်မိမိ တိုးချဲ့ဆောင်ရွက်**

စာရင်းအင်းဥပဒေကို အကောင်အထည်ဖော်သည့်အနေဖြင့် နိုင်ငံဖွံ့ဖြိုးရေးတွင် ခိုင်မာသည့် မြေပြင်စာရင်းအင်းအချက်အလက်အမှန်များ ဖြစ်စေရေးနှင့် အချိန်နှင့်တစ်ပြေးညီရှိရေး၊ ရှေ့နောက်ညီညွတ်မှုရှိရေး၊ Stakeholder အားလုံးပါဝင်ဆောင်ရွက်ရေး၊ ဝန်ကြီးဌာနများအကြား၊ ဗဟိုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအကြား စာရင်းအင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ယန္တရားကို အချိတ်အဆက်မိမိ အရှိန်အဟုန်မြှင့် တိုးချဲ့ဆောင်ရွက်ကြစေလိုပါကြောင်း။

ယနေ့ ကျင်းပပြုလုပ်သည့် စာရင်းအင်း အချက်အလက်များမှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးဗဟိုကော်မတီ အစည်းအဝေးတွင် အသေးစိတ်ဆွေးနွေးအကြံပြုတင်ပြကြရန်နှင့် ကော်မတီအဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့များအနေဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ကြရန် တိုက်တွန်းအပ်ပါကြောင်း။

**မူဝါဒထည့်သွင်းစဉ်းစား**

"စာရင်းအင်းအချက်အလက်များ အရည်အသွေးမြင့်လေ....လူမှုဘဝ ပိုကောင်းလေ" "Better Data, Better Statistics, Better Life" ဆိုသည့်အတိုင်း နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားစာရင်းအင်းစနစ် အရည်အသွေးပြည့်ဝမှသာလျှင် မူဝါဒချမှတ်သူ၊ စီမံကိန်းရေးဆွဲသူ၊ ပုဂ္ဂလိကလုပ်ငန်းရှင်၊ လူမှု-စီးပွားသုတေသန ဆောင်ရွက်သူ စသည်ဖြင့် အားလုံးအတွက် ချမှတ်သည့်ဖွံ့ဖြိုးမှုမူဝါဒများ၊ စီမံကိန်းများနှင့် စီးပွားရေးဝန်းကျင်ကောင်းများကို ဖန်တီးနိုင်မည့် မူဝါဒထည့်သွင်းစဉ်းစားရန် အချက်များ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ကောင်းမွန်သည့် အကျိုးဆက်များရရှိစေရေးအတွက် စာရင်းအင်းအချက်အလက်များ တိကျမှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ပြည်သူတို့၏ လူနေမှုဘဝများကို မြှင့်တင်ပေးနိုင်ရန် အချက်ပြမည့် စာရင်းအင်းစနစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရဌာနများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ ပုဂ္ဂလိကကဏ္ဍ ၊ လူမှုအဖွဲ့အစည်းများ၊ မီဒီယာကိုယ်စားလှယ်များနှင့်အတူ တိုးတက်မှုများ ဆက်လက် တည်တံ့စေရေးအတွက် လက်တွဲပူးပေါင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် **ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း**က စာရင်းအင်းလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ အရည်အသွေးပြည့်ဝသည့် စာရင်းအင်းကိန်းဂဏန်းများ ထုတ်ပြန်နိုင်ရေး၊ စာရင်းအင်းဆိုင်ရာ လွှမ်းခြုံမှုအားကောင်းစေရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် **ဗဟိုကော်မတီအတွင်းရေးမှူး ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်**က စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေး ပြည့်ဝရေးကော်မတီ အစည်းအဝေးကျင်းပခဲ့မှုများ၊ စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီ အစည်းအဝေး (၁/၂၀၁၈) ဆုံးဖြတ်ချက်များ၊ စာရင်းအင်းနည်းဥပဒေထုတ်ပြန်နိုင်ရေး ဆောင်ရွက်ခဲ့မှုများ၊ လုပ်ငန်းအဖွဲ့ (၁၀) ဖွဲ့၏ အစည်းအဝေးကျင်းပဆောင်ရွက်ခဲ့မှုများ၊ စစ်တမ်းကောက်ယူမှုများ၊ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးဆောင်ရွက်မှုများ၊ ဗဟိုစာရင်းအင်းအဖွဲ့မှ ထုတ်ဝေလျက်ရှိသည့် Publi - cation များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းဆွေးနွေးတင်ပြ**

ထို့နောက် ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်၊ ဒေါက်တာသန်းမြင့်၊ ဦးဟန်ဇော်၊ ဒေါက်တာဝင်းမြတ်အေး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက စာရင်းအင်းအချက်အလက်မှန်ကန်ရေး၊ အရည်အသွေးပြည့်ဝရေးတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် စာရင်းအင်းဆိုင်ရာ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များက ကဏ္ဍအလိုက် စာရင်းအင်းလုပ်ငန်းဆောင်ရွက်ထားရှိမှုများ၊ တိရစ္ဆာန်ကောင်ရေ စာရင်းအင်းကောက်ယူမှု အခြေအနေများနှင့် နှစ်လယ်သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြကြသည်။

**ပြန်လည်ဆန်းစစ်**

ထို့နောက် **စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ**က ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏ စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးသည် အဆိုပါနိုင်ငံ၏ ပုံရိပ်တစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ ပုံရိပ်ကောင်းမွန်ရေးအတွက် နိုင်ငံ၏ စာရင်းအင်းအချက်အလက်များသည်မှန်ကန်ပြီးအရည်အသွေးပြည့်ဝရန် လိုအပ်ပါကြောင်း၊ စာရင်းအင်းအချက်အလက်များနှင့် ပတ်သက်၍ Data Base Centre အား အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း၊ နိုင်ငံတစ်နိုင်ငံတည်ဆောက်ရာတွင် စာရင်းအင်း အချက်အလက်များဖြင့် စီမံကိန်းများကို ရေးဆွဲရပါကြောင်း၊ အလားတူစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း စာရင်းအင်း အချက်အလက်များဖြင့် ပြန်လည်ဆန်းစစ်ရပါကြောင်း၊ ထို့ကြောင့် စာရင်းအင်းအချက်အလက်များမှန်ကန်စွာရရှိရေးသည် နိုင်ငံအတွက် အရေးကြီးသည့် ကိစ္စရပ်ဖြစ်သည့်အတွက် အားလုံးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

**တွန်းအားပေး ဆောင်ရွက်**

စာရင်းအင်းအရည်အသွေး ပြည့်ဝရေးလုပ်ငန်းရပ်များသည် ကာလတိုအတွင်း ချက်ချင်းလက်ငင်းဆောင်ရွက်၍ မရဘဲ ရေရှည်ဆောင်ရွက်သွားကြရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်း၊ ပထမအနေဖြင့် စာရင်းအင်းမှန်ကန်ရေးနှင့် အရည်အသွေး ပြည့်ဝရေးဖြစ်ပြီး ဒုတိယမှာ ရရှိပြီးစာရင်းအင်းအချက်အလက်များကို လက်တွေ့အသုံးချနိုင်ရန် တွန်းအားပေး ဆောင်ရွက်စေလိုပါကြောင်း၊ နှစ်လယ်သန်းခေါင်စာရင်းနှင့် စိုက်ပျိုးရေးသန်းခေါင်စာရင်း ကောက်ယူနိုင်ရေး ပြင်ဆင်မှုများတွင်လည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုပါကြောင်း၊ စာရင်းအင်းအချက်အလက်များ မှန်ကန်မှသာ လက်ရှိဖြစ်ပေါ်နေသည့် စီးပွားရေး၊ လူမှုရေးအခြေအနေများကို ထင်ဟပ်စေနိုင်မည်ဖြစ်ပါကြောင်း၊ သို့မှသာ မူဝါဒများကို လိုအပ်သလိုပြုပြင်ပြောင်းလဲခြင်း၊ စီမံကိန်းနှင့် ဘတ်ဂျက်ခွဲဝေဆောင်ရွက်နိုင်ခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အကဲဖြတ်ခြင်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး
ဦးစိုးဝင်း



ပြည်ထောင်စုဝန်ကြီး
ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ



ပြည်ထောင်စုဝန်ကြီး
ဦးသန့်စင်မောင်



ပြည်ထောင်စုဝန်ကြီး
ဦးဝင်းခိုင်



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာသန်းမြင့်



ပြည်ထောင်စုဝန်ကြီး
ဦးဟန်ဇော်



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာဝင်းမြတ်အေး



မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ
ဦးကျော်ကျော်မောင်

**"နိုင်ငံတစ်နိုင်ငံ၏ စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးသည် အဆိုပါနိုင်ငံ၏ ပုံရိပ်တစ်ခုဖြစ်၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ ပုံရိပ်ကောင်းမွန်ရေးအတွက် နိုင်ငံ၏စာရင်းအင်း အချက် အလက်များသည် မှန်ကန်ပြီး အရည်အသွေးပြည့်ဝရန် လိုအပ်"**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့ ဖိလစ်ပိုင်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဇန်နဝါရီ ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ဇန်နဝါရီ ၂၄ ရက်မှ ၂၇ ရက်အထိ ကျင်းပမည့် မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံအကြား ပြန်ကြားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ရန်နှင့် ဖိလစ်ပိုင်သတင်းဌာန၊ ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးရန် ယနေ့နံနက် ၇ နာရီ မိနစ် ၅၀ က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ (ဝဲပုံ)

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် “အပြောင်းအလဲ-စိန်ခေါ်မှုများမှ အခွင့်အလမ်းများဆီသို့” ဖိုရမ်သို့တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၄

**ဇန်နဝါရီ ၂၅ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ပွဲတော်ကြီးအား ဂုဏ်ပြုသည့်အနေဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ “အပြောင်းအလဲ-စိန်ခေါ်မှုများမှ အခွင့်အလမ်းများဆီသို့” (Change-Challenges to Opportunities) ဖိုရမ်အား ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ Myanmar ICT Park, Conference Hall ၌ ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် တက်ရောက်သည်။**

**ရည်မှန်းချက်များ ထားရှိရန်လို**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့အချိန်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကို တိုင်းရင်းသားညီနောင်သွေးချင်းများအားလုံး လက်တွဲတည်ဆောက်နိုင်မှသာ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ဟောပြောပွဲခေါင်းစဉ်ပါအတိုင်း အပြောင်းအလဲများနှင့် စိန်ခေါ်မှုများအား အောင်မြင်စွာကျော်လွှားနိုင်ပြီး အခွင့်အရေး၊ အခွင့်အလမ်းများရရှိနိုင်ရေးသည် အသိပညာအတတ်ပညာများအပြင် မျှော်မှန်းချက်ရည်မှန်းချက်များလည်း ထားရှိရန်လိုအပ်ပါကြောင်း၊ အဆိုပါ အသိပညာအတတ်ပညာများသည်လည်း ယခုကဲ့သို့ ဟောပြောပွဲ ဆွေးနွေးပွဲဖိုရမ်များမှ ပိုမိုရရှိနိုင်မည်ဖြစ်သည့်အတွက် ဖိုရမ်များကျင်းပခြင်းဖြင့် နိုင်ငံသူနိုင်ငံသားများ၏ အသိစိတ်ဓာတ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထုလိုချင်သည့် အပြောင်းအလဲသည် ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ ပြောင်းလဲသွားသည့်တိုင် ပြည်သူလိုအပ်နေသော ဒီမိုကရေစီစနစ်ရရှိပြီဟု ယူဆ၍ မရနိုင်ပါကြောင်း၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ လက်အောက်ရှိ ဝန်ထမ်းများအားလုံး မပြောင်းလဲပါက ဒီမိုကရေစီစနစ်ရရှိမည်မဟုတ်ပါကြောင်း၊ စနစ်ဟောင်းက ပြည်သူလူထု မလိုလားသည့် အကျင့်စရိုက်ဟောင်းများ မပြောင်းလဲလျှင် ပြည်သူလိုလားသည့်၊ ပြည်သူလူထုအကျိုး ကာကွယ်စောင့်ရှောက်သည့် ဒီမိုကရေစီစနစ်ရရှိမည် မဟုတ်ပါကြောင်း၊ ပြည်သူလူထုကိုယ်တိုင် အသိပညာ အတတ်ပညာ မရှိပါက အပြောင်းအလဲသည် ပြည်သူ့အကျိုးကာကွယ်မှုပြုသည့် အပြောင်းအလဲဟုတ်သည် မဟုတ်သည်ကို မသိရှိနိုင်ပါကြောင်း၊ ယခုကဲ့သို့ ဆွေးနွေးပွဲများ၊ ဖိုရမ်များ ပြုလုပ်မှသာ ပြည်သူလူထုက သိရှိလာမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတကြီး မိန့်ကြားခဲ့သလို ပြည်ထောင်စုကြီး တစ်ခုလုံး ပြောင်းလဲပါသည် တိုးတက်ပါသည်ဆိုရာတွင် အကိုင်းအခက်များဖြစ်သော ဖွံ့ဖြိုးမှုနိမ့်ကျသည့် တိုင်းဒေသကြီး/ပြည်နယ်များ မတိုးတက်ပါက တိုးတက်ပြောင်းလဲသည်ဟု မဆိုနိုင်ပါကြောင်း၊ ထိုသို့တိုးတက်ပြောင်းလဲနိုင်ရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် ပြပွဲများ၊ အသေးစားလုပ်ငန်းများ၊ အလတ်စားလုပ်ငန်းများ ကြိုးစားလုပ်ဆောင်သင့်သည့်အပြင် နိုင်ငံခြားသားလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ မိမိဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သင့်ပါကြောင်း၊ သို့မှသာ တိုင်းရင်းသား လူငယ်များအနေဖြင့် ဗဟုသုတများ၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာမည် ဖြစ်ပါကြောင်း၊ နိုင်ငံရပ်ခြားသို့ သွားရောက်အလုပ်လုပ်ကိုင်ပါက မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရန် စဉ်းစားတော့မည်မဟုတ်သဖြင့် အထက်ပါအခွင့်အလမ်းများ ဖန်တီးပေးရန် လိုအပ်ပါကြောင်း။

**ဗဟုသုတများတိုးပွား**

ထိုအခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်အတွက် ပြည်တွင်းငြိမ်းချမ်းရေးသည် လွန်စွာအရေးကြီးပါကြောင်း၊ ယခုကဲ့သို့ ဖိုရမ်များ၊ ဆွေးနွေးပွဲများဆောင်ရွက်ခြင်းဖြင့် အသိပညာအတတ်ပညာများ၊ ဗဟုသုတများတိုးပွားလာပြီး ပြည်ထောင်စုငြိမ်းချမ်းရေးကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။




ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့်တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

ဆက်လက်၍ ပါမောက္ခဒေါက်တာ အောင်ထွန်းသက်နှင့် မြန်မာနိုင်ငံ တိုင်းရင်းသား လုပ်ငန်းရှင်များအသင်းမှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် နိုင်ဖေလှိုင်တို့က အမှာစကားပြောကြားကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ “အပြောင်းအလဲ-စိန်ခေါ်မှုများမှ အခွင့်အလမ်းများဆီသို့” (Change-Challenges to Opportunities) ဖိုရမ်အကြောင်း အရာအား The Voice Weekly Journal မှ CEO ဦးဇေယျသူ၊ Institute for Strategy and Policy –Myanmar မှ Executive Director ဦးမင်းဇင်၊ ဦးအောင်နိုင်ဦး( Director General of DICA)၊ (MCRB) မှ Director Ms.Vicky Bowman၊ (MIT)မှ Founder and CEO ဒေါက်တာထွန်းသူရသက်၊ Yatanarpon Teleport မှ Chief Operating Officer ဒေါက်တာ နဒီလင်းတို့က ဦးဆောင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**အထိမ်းအမှတ် ဂုဏ်ပြု**

ညနေပိုင်းတွင် မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှ ကြီးမှူးကျင်းပသည့် “သွေးချင်းတို့ရဲ့ပွဲတော်ဆီ” တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုပြပွဲနှင့် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးပွဲတော် အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကို တာမွေမြို့နယ် ကျိုက္ကဆံ အားကစားကွင်းတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ညစာစားပွဲတွင် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက နှုတ်ခွန်းဆက်စကားပြောကြားကာ မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်း နာယက ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပွဲတော်ဖြစ်မြောက်ရေးအတွက် ငွေများလှူဒါန်းခဲ့သည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

**ပိုမိုတိုးတက်မြင့်မား**

“သွေးချင်းတို့ရဲ့ပွဲတော်ဆီ” ပွဲတော်ကို မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအဖွဲ့က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှုကို ပြသနိုင်ရန်၊ တိုင်းရင်းသားအားလုံး လိုလားတောင့်တနေသည့် ငြိမ်းချမ်းရေးကို အထောက်အကူပြုစေရန်၊ တိုင်းရင်းသားဒေသအသီးသီးရှိ စိတ်ဝင်စားဖွယ်ကောင်းသော တောတောင်ရေမြေအလှအပ သဘာဝများကို နိုင်ငံသူ နိုင်ငံသားများသာမက နိုင်ငံခြားသားများပါ လေ့လာသိရှိနိုင်ရန်၊ ခရီးသွားလုပ်ငန်း ပိုမိုတိုးတက်မြင့်မားလာစေရန်၊ တိုင်းရင်းသားများ၏ ဒေသထုတ်ကုန်များနှင့် ရိုးရာအဝတ်အထည်များကို နိုင်ငံအတွင်းသာမက နိုင်ငံတကာသို့ပါ ဈေးကွက်တင်ပို့ ရောင်းချနိုင်ရန်နှင့် တိုင်းရင်းသားလူငယ်များ အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းများ ပိုမိုရရှိလာစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ပွဲတော်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများဖြစ်သည့် တအာင်း(ပလောင်)၊ ကိုးကန့်၊ ဓနု၊ ပအိုဝ်း၊ “ဝ ”တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်း စသည့် ရိုးရာယဉ်ကျေးမှုပြခန်းများလည်း ဖွင့်လှစ်ပြသထားသည်။

ပွဲတော်တွင် လူမျိုးဘာသာမရွေး စားသောက်နိုင်သည့် စားသောက်ဆိုင်များ၊ တိုင်းရင်းသားရိုးရာ အစားအစာများ ရောင်းချမည့် ညဈေးတန်းများနှင့် အမှတ်တရ ဓာတ်ပုံရိုက်ကူးနိုင်သည့် မီးအလှ ပြင်ဆင်ထားရှိမှုများ၊ ကလေးကစားကွင်းများလည်း ပါဝင်ကြောင်း သိရသည်။

**သတင်းစဉ်**

# သဘာဝဘေးရန်ပုံငွေဂီတဖျော်ဖြေပွဲကျင်းပ

**ဘားအံ ဇန်နဝါရီ ၂၄**

ကရင်ပြည်နယ်တွင် ၂၀၁၈ ခုနှစ်အတွင်း စုစုပေါင်းသဘာဝဘေး ၆၁ ကြိမ်ဖြစ်ပွားခဲ့ရာ ဘေးဒဏ်ခံစားခဲ့ရသူများအား ပြည်နယ်အစိုးရအဖွဲ့နှင့်အတူ ဌာနဆိုင်ရာများ၊ စေတနာရှင်များ၊ ပရဟိတနှင့်လူမှုရေးအသင်းအဖွဲ့များက ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့ကြပြီး ကရင်ပြည်နယ်သဘာဝဘေးရန်ပုံငွေ စင်တင်တေးဂီတဖျော်ဖြေပွဲကို ဇန်နဝါရီ ၂၃ ရက် ညပိုင်းက ဘားအံမြို့အောင်သံလွင် အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါဂီတဖျော်ဖြေပွဲကို Dagon Beverages Co.,Ltd က ပံ့ပိုးကျင်းပပေးခြင်းဖြစ်ပြီး နိုင်ငံကျော်တေးသံရှင်များဖြစ်သော ဇော်ဝင်းထွဋ်၊ ဝေလ၊ ဖြိုးပြည့်စုံ၊ ဖြူဖြူကျော်သိန်း၊ ဂျူဝယ်လ်၊ မေလေးတို့က အင်ပါယာတီးဝိုင်းနှင့်အတူ တီးခတ်သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြပြီး ရရှိလာသည့် အလှူငွေ၊ ရုံဝင်ခနှင့် အကျိုး အမြတ်များကို ကရင်ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ရန်ပုံငွေသို့ ပေးအပ်လှူဒါန်းသွားမည်ဖြစ်သည်။

ထိုသဘာဝဘေးရန်ပုံငွေဂီတဖျော်ဖြေပွဲမှ ရန်ပုံငွေ ၁၂၉ သိန်းကျော်ရရှိခဲ့ပြီး အမှန်တကယ်လိုအပ်သောနေရာများကို ထောက်ပံ့လှူဒါန်းသွားမည်ဖြစ်ရာ ကျေးလက်ဒေသများတွင် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးခဲ့သည့် စာသင်ကျောင်းများ၊ ကျေးရွာချင်းဆက်လမ်းများ အခြားအခြေခံအဆောက်အအုံများ ပြန်လည်ပြုပြင်ရာတွင်လည်းကောင်း၊ မြို့နယ်ခုနစ်မြို့နယ်တွင် စုံစုံလင်လင်မရှိသည့် အဓိကလိုအပ်နေသော မုန်တိုင်းဒဏ်ခံအဆောက်အအုံဆောက်လုပ်ရာတွင်လည်းကောင်း တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်မည်ဖြစ်ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း ရုံးအဆောက်အဦမြေနေရာ သိဒ္ဓိတင်မင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၄**

မြန်မာဖွံ့ဖြိုးမှု အဖွဲ့အစည်း၏ ရုံးအဆောက်အဦမြေနေရာ သိဒ္ဓိတင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အမှတ်(ဒီ-၀၂) ရှိ အဆိုပါ ရုံးအဆောက်အဦ ဆောက်လုပ်လျက်ရှိသည့် မြေနေရာ၌ မြန်မာ့ရိုးရာ ထုံးတမ်းစဉ်လာများနှင့်အညီ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ဦးစိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် တာဝန်ရှိသူများက ရုံးအဆောက်အဦ၏ မင်္ဂလာတိုင်တော်များကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းကြသည်။

**နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်း**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်းသည် နှစ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲ၍ ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) နှင့် Project Bank တို့ကို ရေးဆွဲအကောင်အထည်ဖော်ခြင်း၊ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲခြင်း၊ ဘဏ္ဍာရေးဆိုင်ရာမူဝါဒများ ရေးဆွဲချမှတ်ခြင်း၊ နိုင်ငံတော်အစိုးရအတွင်းရှိ လုပ်ထုံးလုပ်နည်းများ စံသတ်မှတ်ခြင်းစသည့် မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများတွင် တန်ဖိုးရှိသည့် အထောက်အကူများ ပေးအပ်လျက်ရှိပါကြောင်း။

**ထောက်ကူဆောင်ရွက်ပေးမည်ဖြစ်**

မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း တည်ထောင်ရန်အတွက် ကိုရီးယားသမ္မတနိုင်ငံက ပေးအပ်သည့် အထောက်အကူများသည် မြန်မာ-ကိုရီးယား နှစ်နိုင်ငံအကြား ခိုင်မာလေးနက်သည့် ပူးပေါင်းဆောင်ရွက်မှုအနေအထားကို ပြသခြင်းဖြစ်ပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် Korea Development Institute သည် အရေးပါသည့်အခန်းကဏ္ဍမှပါဝင်သကဲ့သို့ မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်းသည်လည်း မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပိုမိုလေးနက်အားကောင်းသည့် အထောက်အကူများကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း။

မြန်မာဖွံ့ဖြိုးမှု အဖွဲ့အစည်းရုံးအဆောက်အဦ ဆောက်လုပ်ပြီးစီးပါက နိုင်ငံတော် စီးပွားရေးအကြံပေး အဖွဲ့အစည်းတစ်ခုအဖြစ် မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း၏ အခန်းကဏ္ဍသည် ပိုမိုကြီးမားအားကောင်းလာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H. E. Mr. Lee Taeho က အမှာစကားပြောကြားပြီး KDI School of Public Policy and Management မှ တက္ကသိုလ်အဓိပတိ Dr. You Jong-il က မြန်မာဖွံ့ဖြိုးမှု အဖွဲ့အစည်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးလှကျော်၊ ဦးဝင်းမော်ထွန်းနှင့် ဦးဆက်အောင်၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းနှင့် ဦးဘိုဘိုငယ်၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Lee Sang-hwa၊ မြန်မာနိုင်ငံဖွံ့ဖြိုးမှုအဖွဲ့အစည်း ဥက္ကဋ္ဌ ဦးမျိုးမြင့်၊ KOICA Myanmar Off ice ၏ ဌာနေကိုယ်စားလှယ် Ms. Lee Youn Soo၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း ရုံးအဆောက်အဦကို ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းက စတင်တည်ဆောက်လျက်ရှိပြီး ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းတွင် အပြီးသတ်ဆောက်လုပ်နိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။ **သတင်းစဉ်**




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ဦးစိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် တာဝန်ရှိသူများ၊ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Lee Sang-hwa နှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

# မြန်မာနိုင်ငံ အသွင်ကူးပြောင်းဆဲကာလတွင် စိန်ခေါ်မှုများ ကျော်လွှားရေးအတွက် ကိုရီးယားနိုင်ငံမှ ကူညီပံ့ပိုးရေးကိစ္စရပ်များ ဆွေးနွေး



နေပြည်တော် ဇန်နဝါရီ ၂၄

**အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ လီတဲဟို အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။**

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ မြန်မာအစိုးရ၏ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် ကိုရီးယားသမ္မတနိုင်ငံမှ အကူအညီများ တိုးမြှင့်ပေးသွားမည့်ကိစ္စ၊ မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုရီးယားသမ္မတနိုင်ငံမှ Samuel Undong စီမံကိန်းဖြင့် အကူအညီပေးနေသည့်ကိစ္စ၊ ၂၀၁၉ ခုနှစ်အတွင်း အာဆီယံ-ကိုရီးယား ဆွေးနွေးဖက်ဆက်ဆံရေး နှစ်(၃၀)ပြည့် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးနှင့် ပထမအကြိမ် မဲခေါင်-ကိုရီးယား ထိပ်သီးအစည်းအဝေးများ ကျင်းပရေးကိစ္စများနှင့် မြန်မာနိုင်ငံ အသွင်ကူးပြောင်းဆဲကာလတွင် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများ ကျော်လွှားရေးအတွက် ကူညီပံ့ပိုးရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ **သတင်းစဉ်**

**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ လီတဲဟို အား လက်ခံတွေ့ဆုံစဉ်။**
သတင်းစဉ်

# ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာအဖွဲ့ မောင်တောမြို့သို့ သွားရောက်သတင်းရယူ

**မောင်တော ဇန်နဝါရီ ၂၄**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသည့် ပြည်တွင်း၊ ပြည်ပသတင်းဌာနများမှ သတင်းမီဒီယာသမားများသည် ယနေ့နံနက်ပိုင်းတွင် ရသေ့တောင်မြို့နယ် ကိုးတန်ကောက်ကျေးရွာ၊ မောင်တောမြို့နယ် အင်းဒင်ကျေးရွာ၊ မောင်တောမြို့မဈေးနှင့် ရွှေဇားစေတီပြင်ကျေးရွာတို့သို့ သွားရောက်ပြီး မြေပြင်ကွင်းဆင်းသတင်းရယူကြသည်။

ပြည်တွင်း၊ ပြည်ပ သတင်းဌာနများမှ သတင်းမီဒီယာသမားများသည် ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့မှ ရသေ့တောင်မြို့နယ် ကိုးတန်ကောက်ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာနေတိုင်းရင်းသားများနှင့် တွေ့ဆုံ၍ မေးမြန်းသတင်းရယူကြသည်။

**တွေ့ဆုံမေးမြန်း**

ထို့နောက် အင်းဒင်ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံမေးမြန်း သတင်းရယူကာ ကျေးရွာအတွင်း လိုက်လံသတင်းရယူကြသည်။

ယင်းနောက် ပြည်တွင်း၊ ပြည်ပသတင်းဌာနများမှ သတင်းမီဒီယာသမားများသည် မောင်တောမြို့သို့ ရောက်ရှိပြီး မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ မောင်တောခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲထူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်း သတင်းရယူကြသည်။

**လက်ရှိလုံခြုံရေးဆောင်ရွက်နေမှုရှင်းလင်း**

တွေ့ဆုံစဉ် မောင်တောခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲထူးက UEHRD အစီအစဉ်ဖြင့် နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကူညီထောက်ပံ့မှုအခြေအနေများ၊ နေအိမ်များ ပြန်လည်နေရာချထားနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများ၊ ပြန်လည်လက်ခံရေးစခန်းများ တည်ဆောက်ထားရှိမှုအခြေအနေနှင့် လက်ရှိလုံခြုံရေး ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းမီဒီယာသမားများက လုံခြုံရေး၊ ပြန်လည်လက်ခံရေး၊ လတ်တလောတိုက်ပွဲဖြစ်ပွားမှု အခြေအနေနှင့် အခြားသိရှိလိုသည်များကို မေးမြန်းကြရာ မောင်တောခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲထူးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ဆက်လက်၍ သတင်းမီဒီယာသမားများသည် မောင်တောမြို့မဈေးနှင့် ရွှေဇားစေတီပြင်ကျေးရွာတို့၌ သိရှိလိုသည်များကို မေးမြန်းသတင်းရယူကြကာ အစ္စလာမ်ဘာသာဝင်များအား တွေ့ဆုံပြီး မောင်တောမြို့နယ် အောင်ဗလချောင်းဝကင်းစခန်းအနီးရှိ နယ်စပ်ခြံစည်းရိုးသို့ သွားရောက်သတင်းရယူကြသည်။

**သတင်းရယူခဲ့ရာ အကြိမ် ၃၀ ရှိပြီဖြစ်**

သတင်းမီဒီယာအဖွဲ့များ ရခိုင်ပြည်နယ်မောင်တောဒေသသို့ သွားရောက် သတင်းရယူမှုအနေဖြင့် ၂၀၁၆ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၇ ခုနှစ်တွင် ရှစ်ကြိမ်၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ခြောက်ကြိမ်နှင့် ၂၀၁၈ ခုနှစ် မတ်လမှစတင်၍ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်အကောင်အထည်ဖော်ရေး ကော်မတီ၏ အစီအစဉ်ဖြင့် တစ်လလျှင် နှစ်ခေါက်နှုန်းဖြင့် ၁၅ ကြိမ် သတင်းရယူခဲ့ရာ ယခုအကြိမ်နှင့်ဆိုလျှင် စုစုပေါင်း အကြိမ် ၃၀ ရှိပြီဖြစ်ကြောင်း သိရသည်။

**သတင်း-မျိုးမြင့်(သတင်းစဉ်)၊ဓာတ်ပုံ -သက်လွင်စိုး(ပြန်/ဆက်)**



**မောင်တောမြို့မဈေး၌ ပြည်တွင်း၊ ပြည်ပ သတင်းဌာနများမှ သတင်းမီဒီယာသမားများ သတင်းရယူစဉ်။**

# အခွန်ကတိုင်းပြည်အတွက် အရေးကြီးပါတယ်၊ နိုင်ငံသားတိုင်းဟာ အခွန်ဆောင်ဖို့ လိုအပ်ပါတယ်

ဦးအောင်ကိုဝင်း (ဥက္ကဋ္ဌ၊ KBZ Group)

**၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန် အများဆုံးပေးဆောင်ခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သဘင်ဆောင်၌ ကျင်းပခဲ့သည်။**


ဦးသိန်းဝင်းဇော်


ဦးဝင်းဆွေ


မယဉ်ယဉ်ဌေး

အဆိုပါအခမ်းအနားတွင် နိုင်ငံတော်သမ္မတက ဝင်ငွေခွန် အများဆုံးပေးဆောင်သူ ၁၀ ဦး၊ ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်သူ ၁၀ ဦး၊ အထူးကုန်စည်ခွန်အများဆုံး ပေးဆောင်သူ ၁၀ ဦး၊ ဝင်ငွေခွန်အများဆုံးပေးဆောင်သည့် (ပုဂ္ဂလိကပိုင်၊ နိုင်ငံခြားကုမ္ပဏီများ)မှ ငါးဦး၊ ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်သည့် (ပုဂ္ဂလိကပိုင်၊ နိုင်ငံခြားကုမ္ပဏီများ)မှ ငါးဦး၊ အထူးကုန်စည်ခွန် အများဆုံးပေးဆောင်ခဲ့သည့် (ပုဂ္ဂလိကပိုင်၊ နိုင်ငံခြားကုမ္ပဏီများ)မှ ငါးဦးတို့ကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့ပြင် ၂၀၁၁-၂၀၁၂ စည်းကြပ်နှစ်မှ ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အထိ ခုနစ်နှစ်ဆက်တိုက် ဝင်ငွေခွန်အများဆုံး



ဦးအောင်ကိုဝင်း


ဦးညိုမြင့်


ဦးအောင်ဇော်နိုင်

ထမ်းဆောင်ခဲ့သည့် အခွန်ထမ်း Kanbawza Bank Ltd ဥက္ကဋ္ဌအား အထူးဂုဏ်ထူးဆောင်ဆုနှင့် အထူးဂုဏ်ပြုမှတ်တမ်းလွှာကို ချီးမြှင့်ခဲ့သည်။

အဆိုပါအခမ်းအနား၌ ဆုရရှိခဲ့ကြသည့် အခွန်ထမ်းကြီးများနှင့်တွေ့ဆုံမေးမြန်းချက်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**ဦးအောင်ကိုဝင်း**
**(ဥက္ကဋ္ဌ၊ KBZ Group)**

ကျွန်တော်တို့ နှစ်တိုင်း အခွန်အများဆုံး ဆောင်နိုင်ခဲ့ပါတယ်။ ကြိုတင်ငွေတွေလည်း အများကြီးပေးဆောင်ထားပါတယ်။ အခွန်က တိုင်းပြည်အတွက် အရေးကြီးပါတယ်။ နိုင်ငံသားတိုင်းဟာ အခွန်ဆောင်ဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ သတ်မှတ်တဲ့ လျာထားချက်တွေရှိပါတယ်။ တချို့လည်း ကြိုသွင်းထားပါတယ်။ နှစ်စဉ်စနစ်တကျ အခွန်နဲ့ပတ်သက်လို့ ပြင်ဆင်ထားပါတယ်။ အခုလို သမ္မတကြီးက ဂုဏ်ပြုပေးတဲ့အပေါ်မှာ အသိအမှတ်ပြုပေးတဲ့အပေါ်မှာ ကျေးဇူးအထူးတင်ရှိပါတယ်။

**ဦးညိုမြင့် (Senior Managing Director၊ Kanbawza Group of Companies)**

အခွန်အများဆုံးဆု စရတဲ့နှစ်က ၂၀၁၁-၂၀၁၂ ကပါ။ တိုင်းပြည်အတွက် အခွန်ဘဏ္ဍာငွေအများဆုံး ပထမနေရာကနေ ခုနစ်နှစ်ဆက်တိုက် ထမ်းဆောင်ခဲ့ပါတယ်။ အခုနောက်ဆုံး ၂၀၁၇-၂၀၁၈ မှာတော့ ၃၂ ဘီလီယံ အခွန်ထမ်းဆောင်ခဲ့ပါတယ်။ ခုနစ်နှစ် စုစုပေါင်းလိုက်ရင် ဘီလီယံ ၁၄၀ ဖြစ်ပါတယ်။ ခုနစ်နှစ်ဆက်တိုက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့တဲ့အတွက် နိုင်ငံတော်သမ္မတက အထူးဂုဏ်ထူးဆောင်ဆုကို ပေးခဲ့ပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးအားလုံးက တိုင်းပြည်ကို ထူထောင်တဲ့အခါမှာ အခွန်ကို အခြေခံပြီးတော့ တိုင်းပြည်ကို တည်ဆောက်ကြတာ ဖြစ်ပါတယ်။ တိုင်းပြည်စီးပွားရေးတိုးတက်အောင်၊ တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်အောင် လုပ်တဲ့အခါမှာ အခွန်က အဓိကဖြစ်တဲ့အတွက်ကြောင့် လုပ်ငန်းတွေ စဆောင်ရွက်ကတည်းက ကျသင့်တဲ့အခွန်ကို မှန်မှန်ကန်ကန် တိတိကျကျ ပေးဆောင်ဖို့ ကျွန်တော်တို့ဥက္ကဋ္ဌက ညွှန်ကြားခဲ့ပါတယ်။ အဲဒီလိုပဲ ဆောင်ရွက်ခဲ့ပါတယ်။ တိုင်းပြည်တည်ဆောက်ရေးအတွက် မရှိမဖြစ်တဲ့အခွန်ကို ပေးဆောင်တဲ့အတွက်ကြောင့် တိုင်းပြည်အတွက်လည်း အကျိုးရှိ၊ ပြည်သူအတွက်လည်း အကျိုးရှိပါတယ်။ မိမိတစ်ဦးတည်း ချမ်းသာတာမဟုတ်ဘဲနဲ့ လူမှုဝန်းကျင်ကို ဘယ်လိုအကျိုးပြုကြမလဲဆိုတာကို အားလုံးက ဒီနေ့စဉ်းစားသုံးသပ် ဆောင်ရွက်နေကြပါတယ်။ အထိရောက်ဆုံးနည်းလမ်းကတော့ အခွန်ဆောင်တဲ့နည်းလမ်းပဲ ဖြစ်ပါတယ်။ အခွန်ဆောင်ခြင်းအားဖြင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းကို တိုက်ရိုက်အကျိုးပြုနိုင်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့က ဆက်ပြီးတော့ အကောင်းဆုံးကြိုးစားသွားမယ်။ ရရှိလာတဲ့ အကျိုးအမြတ်အပေါ်မှာ အများအကျိုးအတွက် အကောင်းဆုံး အခွန်ထမ်းဆောင်သွားပါမယ်။ အခွန်လည်း အများဆုံးဆောင်သလို အလှူလည်းအများဆုံး လုပ်သွားမှာပါ။ အလှူက ပြည်သူ့အကျိုးပြုဖြစ်ပါတယ်။ ကျွန်တော်တို့ ဘဏ်အနေနဲ့လည်း ဒီထက်အောင်မြင်အောင် ကြိုးစားသွားမယ်။ အခွန်များများဆောင်နိုင်မှ နိုင်ငံဖွံ့ဖြိုးတိုးတက်မှာပါ။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အားတက်သရော ကြိုးပမ်းနေတဲ့အချိန်မှာ ကျွန်တော်တို့ကလည်း အကောင်းဆုံး ပါဝင်ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။

တိုးချဲ့မယ့်လုပ်ငန်းတွေ အများကြီးရှိပါတယ်။ နံပါတ်တစ်က အခွန်ဆောင်ပါမယ်။ နံပါတ်နှစ်ကတော့ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေ လုပ်သွားပါမယ်။ နှစ်စဉ်နှစ်စဉ် အခွန်ထမ်းဆောင်မှုအနေနဲ့ ထိပ်ဆုံးမှာရှိနေမယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့ ဂရုဖ်အောက်မှာရှိနေတဲ့ ကုမ္ပဏီပေါင်း ၃၀ ကလည်းပဲ အခွန်အခတွေကို အများဆုံးပေးဆောင်လျက်ရှိပါတယ်။

**ဦးအောင်ဇော်နိုင် (CEO - Managing Director၊ ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်)**

၂၀၁၃-၂၀၁၄ ခုနှစ်မှာ ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ နိုင်ငံတော်သမ္မတက ချီးမြှင့်တဲ့ အခွန်အများဆုံးထမ်းဆောင်တဲ့ ထူးချွန်ဆုရပါတယ်။ အများဆုံးပေးဆောင်ရတဲ့ အဆင့်သုံးရပါတယ်။ ပြီးခဲ့တဲ့နှစ်က ဝင်ငွေခွန်နံပါတ်လေးဖြစ်ပါတယ်။ ဒီနှစ်မှာလည်း ဝင်ငွေခွန် နံပါတ်လေးရပါတယ်။

ကျွန်တော့်အနေနဲ့ အများကြီး ဝမ်းသာပါတယ်။ ဂုဏ်ယူပါတယ်။ ဆက်လက်ကြိုးစားဆောင်ရွက်သွားဖို့ အင်အားတွေ အများကြီးရပါတယ်။ နိုင်ငံသားတိုင်း၊ ကုမ္ပဏီတိုင်းက အခွန်ပေးဆောင်ရမယ့် တာဝန်ရှိပါတယ်။ ဒါကို နိုင်ငံသားအားလုံး တညီတညွတ်တည်း ဆောင်ရွက်နိုင်ရင် နိုင်ငံတော်မှာ လိုအပ်နေတဲ့ အခြေခံအဆောက်အအုံတွေ၊ ပညာရေး၊ ကျန်းမာရေး စတဲ့ နိုင်ငံတော်တိုးတက်မှုအပိုင်းတွေကို အကျိုးရှိရှိဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ အခွန်ပေးဆောင်ခြင်းက စီးပွားရေးတိုးတက်မှုကို တွန်းအားပေးတဲ့သဘောလည်း ဖြစ်ပါတယ်။ စီးပွားရေးကောင်းလေ အခွန်များများဆောင်နိုင်လေ၊ အခွန်များများဆောင်နိုင်လေ စီးပွားရေးပိုကောင်းလေပါ။ ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ အခွန်ထမ်းဆောင်တာရှိသလို ကုမ္ပဏီဝန်ထမ်းတွေကလည်း ထမ်းဆောင်ကြပါတယ်။ အဲဒီဝန်ထမ်းတစ်သောင်းကျော်ကလည်း သက်ဆိုင်ရာ Personal Income Tax ကို အပြည့်အဝ ပေးဆောင်နေတဲ့ ကုမ္ပဏီတစ်ခုဖြစ်ပါတယ်။

ကျွန်တော်တို့ ရွှေတောင်အနေနဲ့ မနှစ်က ဝင်ငွေခွန်အနေနဲ့ ခုနစ်ဘီလီယံကျော် ဆောင်ခဲ့ပါတယ်။ ကုန်သွယ်လုပ်ငန်းခွန်အနေနဲ့ ရှစ်ဘီလီယံလောက် ဆောင်ပါတယ်။ ကျွန်တော်တို့ ကုမ္ပဏီမှာရှိတဲ့ ကုမ္ပဏီခွဲတွေ အားလုံးပေါင်းလိုက်မယ်ဆိုရင် ဝင်ငွေခွန်က ၁၃ ဘီလီယံရှိပါတယ်။ ကုမ္ပဏီခွဲအားလုံး အခု ၅၀ လောက်ရှိပါတယ်။ သက်ဆိုင်ရာကုမ္ပဏီ၊ ကုမ္ပဏီခွဲတွေက အသီးသီးဆောင်သွားတဲ့ဟာ ပေါင်းလိုက်မယ်ဆိုရင် ဝင်ငွေခွန်က ၁၃ ဘီလီယံ၊ ကုန်သွယ်ခွန်က ဘီလီယံ ၂၀ ရှိပါတယ်။ အားလုံးပေါင်း ၃၃ ဘီလီယံ ဆောင်ထားပါတယ်။

မြန်မာနိုင်ငံရဲ့ အနေအထားအရ ဝင်ငွေနိမ့်၊ ဝင်ငွေလတ် Personal Income Tax တွေကို လျှော့သင့်တယ်လို့ ကျွန်တော်မြင်ပါတယ်။ ကုန်သွယ်လုပ်ငန်းခွန်ဆိုတာ စားသုံးသူက ပေးဆောင်တဲ့အခွန်၊ စားသုံးသူအပေါ်မှာ ထပ်ဆောင်းပြီး ကုမ္ပဏီကပေးဆောင်ရတဲ့ အခွန်ဖြစ်ပါတယ်။ စားသုံးသူက ကျခံတဲ့ အခွန်ဖြစ်ပါတယ်။ ဝင်ငွေခွန်အပိုင်းမှာ နိုင်ငံတော်အနေနဲ့ ဖွံ့ဖြိုးတိုးတက်မှုလုပ်ချင်တဲ့ ကဏ္ဍတွေကို တွန်းအားပေးတဲ့အနေနဲ့ Creative ဖြစ်တဲ့ အခွန်ပေါ်လစီတွေ ထားလို့ရပါတယ်။ ပိုပြီး ဖွံ့ဖြိုးတိုးတက်ချင်တဲ့နေရာတွေမှာ အခွန်နှုန်းတွေ လျှော့ပေးတာ စသဖြင့် နိုင်ငံတော်ရဲ့ ဘတ်ဂျက်အနေအထားပေါ် မူတည်ပြီး ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ နည်းသည် ဖြစ်စေ၊ များသည် ဖြစ်စေ သတ်မှတ်ထားတဲ့ဥပဒေအရ ဆောင်သင့်ဆောင်ထိုက်တဲ့ အခွန်ကို နိုင်ငံသားအားလုံး ပေးဆောင်ရမယ့် တာဝန်အရ ဘာမှ ငြင်းစရာမရှိပါဘူး။

**ဦးသိန်းဝင်းဇော် (Managing Director၊ ရွှေဗျိုင်းဖြူကုမ္ပဏီလီမိတက်)**

ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ သုံးနှစ်ဆက်တိုက် ဆုရရှိခဲ့ပါတယ်။ ဒီနှစ်မှာ ကုန်သွယ်ခွန်ထမ်းဆောင်တာ နံပါတ်ခြောက်၊ ဝင်ငွေခွန်က ၁၃ ရရှိပါတယ်။ အခွန်တွေများများပေးဆောင်တဲ့အတွက် တိုင်းပြည်ရဲ့လိုအပ်တဲ့နေရာတွေမှာ များများအသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ အရင်က ပုံသေနည်းစနစ်နဲ့ မြတ်မြတ်၊ မမြတ်မြတ် သွင်းတဲ့အပေါ်မှာ ဘယ်လောက်ရာခိုင်နှုန်းဆိုပြီး အကြမ်းဖျင်းကောက်လိုက်ပါတယ်။ အခုကတော့ တကယ်မြတ်မှ တကယ်ဆောင်ခိုင်းတော့တယ်။ ကုန်သွယ်ခွန်ကတော့ မြတ်မြတ်၊ မမြတ်မြတ် ဆောင်ရပါတယ်။ ဝင်ငွေခွန်ကတော့ မြတ်မှပဲ ဆောင်ရပါတယ်။ အခုအခွန်ကောက်တဲ့စနစ်က ပိုကောင်းပါတယ်။

**ဦးဝင်းဆွေ(Managing Director၊ ပီတိစွမ်းအားထရေးဒင်းကုမ္ပဏီလီမိတက်)**

ကုန်သွယ်ခွန်အများဆုံး ဆုရရှိပါတယ်။ နံပါတ်စဉ်ရင်တော့ နံပါတ်လေးပါ။ ကျွန်တော်တို့ လုပ်ငန်းထဲကရတဲ့ အမြတ်အစွန်းထဲကနေ နိုင်ငံတော်အတွက် ပြန်ပြီးလုပ်ပေးရတဲ့အတွက် ဂုဏ်ယူပါတယ်။ အခွန်က နိုင်ငံတော်အတွက် အရေးပါတဲ့ အခန်းကဏ္ဍတစ်ခုကနေ ရှိပါတယ်။ သင့်တင့်မျှတတဲ့ အခွန်ဖြစ်မယ်ဆိုရင် လုပ်ငန်းရှင်တွေအတွက် အဆင်ပြေပါတယ်။ သင့်တင့်မျှတရင် လူအများကြီးဆောင်နိုင်ပါတယ်။ အခွန်နှုန်းထားတွေက သင့်တင့်မျှတပြီး တိုင်းပြည်အခြေအနေနဲ့ ကိုက်ညီတဲ့ဟာဖြစ်ဖို့ လိုပါတယ်။ မနှစ်ကဆို ကျွန်တော်တို့ ကုန်သွယ်ခွန်ရော၊ ဝင်ငွေခွန်ရော နှစ်ခုစလုံး အဆင့်တစ်ကနေ ၁၀ အတွင်း ရပါတယ်။ ကျွန်တော်တို့အနေနဲ့ အခုလို နိုင်ငံတော်က အသိအမှတ်ပြုပြီး အရေးတယူ လုပ်ပေးတာကို သဘောကျပါတယ်။ ဒီလိုလုပ်ပေးတဲ့အတွက် နောင်မှာ အခွန်နဲ့ပတ်သက်ပြီး အကျွမ်းတဝင်မရှိတဲ့ ကုန်သည်တွေအတွက်လည်း အတုယူစရာဖြစ်ပါတယ်။ နှစ်စဉ်လည်း ကျင်းပပေးသင့်ပါတယ်။ လာမယ့်နှစ်တွေမှာလည်း အခုလို နိုင်ငံတော်ကချီးမြှင့်တဲ့ဟာကို ကြိုးစားချင်တဲ့စိတ်လည်း ရှိပါတယ်။

**မယဉ်ယဉ်ဌေး(Chief Financial Officer၊ Telenor Myanmar Ltd)**

ကျွန်မတို့က ဒီနေ့ပွဲမှာတော့ အမျိုးအစားသုံးခုပေးပါတယ်။ ပထမတစ်ခုကတော့ ဝင်ငွေခွန်၊ နောက်တစ်ခုက ကုန်သွယ်လုပ်ငန်းခွန်၊ နောက်တစ်ခုကတော့ အထူးအခွန်ဖြစ်ပါတယ်။ Telenor Myanmar အနေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖွဲ့ထဲမှာ ဝင်ငွေခွန် ဒုတိယဆု ရခဲ့ပါတယ်။ ကုန်သွယ်ခွန်မှာတော့ ပထမဆုရခဲ့ပါတယ်။ စုစုပေါင်း အမျိုးအစားသုံးခုမှာ ကျွန်မတို့က နှစ်ခုကို ပထမနဲ့ ဒုတိယကို ရခဲ့ပါတယ်။

ကုမ္ပဏီတွေအနေနဲ့ အမြတ်ရရင် မှန်မှန်ကန်ကန် အခွန်ထမ်းဆောင်ရပါမယ်။ နိုင်ငံတော်သမ္မတပြောခဲ့သလို နိုင်ငံသားတိုင်းဟာ အခွန်ထမ်းဆောင်ဖို့ တာဝန်ရှိပါတယ်။ ကုမ္ပဏီတိုင်းကလည်း အခွန်ထမ်းဆောင်ဖို့ တာဝန်ရှိပါတယ်။ အခုလို နိုင်ငံတော်အစိုးရအနေနဲ့ အသိအမှတ်ပြုပြီး ဂုဏ်ပြုဆုတွေ ချီးမြှင့်ပေးတာ ဝမ်းသာပါတယ်။ ကျေးဇူးတင်ပါတယ်။ ကုမ္ပဏီအားလုံးကလည်း ဝမ်းသာနေကြပါတယ်။ သူတို့လည်း ဒီလိုဆုမျိုးကို နှစ်ပေါင်းများစွာတိုင်အောင် ထိန်းနိုင်အောင် ဆက်ပြီး အခွန်ထမ်းဆောင်မယ်လို့ မျှော်လင့်ပါတယ်။ အဲဒါမှလည်း တိုင်းပြည်အတွက် အခွန်တွေရမှာဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ကလည်း အခုလိုအခွန်အများကြီး ရလာတာနဲ့အမျှ လိုအပ်တဲ့ အခြေခံအဆောက်အအုံတွေ တည်ဆောက်တဲ့နေရာမှာ ပိုပြီးတော့ ရင်းနှီးမြှုပ်နှံနိုင်မှာ ဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်း - ကျော်ဟန်မော်၊ ဓာတ်ပုံ - ချောချော**

---

# စမ်းချောင်းမြို့နယ် မီးလောင်မှုတွင် သေဆုံးသူသုံးဦးနှင့် ဒဏ်ရာရရှိသူ နှစ်ဦးတို့အား ထောက်ပံ့ကြေးငွေများပေးအပ်

**ရန်ကုန် ဇန်နဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် လင်းလွန်(တောင်)ရပ်ကွက် ပန်းတနော်လမ်းနှင့် ကျိုက်လတ်လမ်းကြား ဗဟိုလမ်းပေါ်ရှိ ငွေတောင်လက်ဖက်ရည်ဆိုင်တွင် အသုံးပြုသည့် ဂက်စ်အိုးပေါက်ကွဲမှုကြောင့် ဇန်နဝါရီ ၂၃ ရက် နံနက် ၅ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားခဲ့ရာ မိသားစုဝင် သုံးဦး သေဆုံးခဲ့ပြီး ဆိုင်ဝန်ထမ်းနှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ မီးဘေးသင့်ပြည်သူများအား မရမ်းကုန်းမြို့နယ်ရှိ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးဝင်းရွှေနှင့် ဝန်ထမ်းများက မီးဘေးသင့်မှုကြောင့် သေဆုံးသူ သုံးဦး၊ ဒဏ်ရာရသူ နှစ်ဦးအတွက် ထောက်ပံ့ငွေ၊ အိမ်ဆောက်ပစ္စည်းနှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုး၊ အိမ်ထောင်စုငါးစုအတွက် ရေသန့်နှင့် အိမ်အသုံးအဆောင်ပစ္စည်းများအား မြို့နယ်တာဝန်ရှိသူများနှင့်အတူ ဘေးသင့်ပြည်သူများ လက်ဝယ်သို့ အဆိုပါနေ့ ညနေပိုင်းက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**
**ဓာတ်ပုံ-မျိုးကြီး**



# နယ်ခြားမှတ်တိုင် (၄၁) ရဲကင်းစခန်းအား ပစ်ခတ်ခံရမှုနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးအား ခေါ်ယူတွေ့ဆုံပြီး သံတမန်စာပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၂၄**

နယ်စပ်ခြံစည်းရိုး အဆင့်မြှင့်တင်မှုအတွက် လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် နယ်ခြားမှတ်တိုင် (၄၁) ရဲကင်းစခန်းအား ယနေ့ နံနက် ၇ နာရီ ၄၄ မိနစ်ခန့်တွင် နယ်စပ်ခြံစည်းရိုးမှ မီတာ (၂၀၀) အကွာခန့်နေရာမှ ဗုံးပစ်လောင်ချာ ဗုံးသီးလေးလုံး၊ လက်နက်ငယ် အချက် ၂၀၀ ခန့် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ရှေ့တန်းအမှတ်(၅) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ ရဲတပ်သား သန်းမြင့် လက်နက်ငယ်ရှပ်မှန်ဒဏ်ရာ(မစိုးရိမ်ရ)၊ ရဲတပ်သား စိုးသန်း လက်နက်ကြီးစ ထိမှန်ဒဏ်ရာ(မစိုးရိမ်ရ)နှင့် နယ်စပ်ခြံစည်းရိုးပြင် အလုပ်သမား ကျော်မျိုးလွင် လက်နက်ကြီးစ ရှပ်မှန်ဒဏ်ရာများ ရရှိခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူများက မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးအား ခေါ်ယူတွေ့ဆုံကာ အဆိုပါတိုက်ခိုက်မှုဖြစ်စဉ်အား အသိပေးပြောကြားခဲ့ပြီး မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် ရင်းနှီးချစ်ကြည်ပြီး ကောင်းမွန်သော ဆက်ဆံရေးရှိသည့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့်အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် အကြမ်းဖက်မှုနှင့် စပ်လျဉ်း၍ လုံးဝလက်မခံသည့် မူဝါဒချမှတ်ထားကြောင်း၊ ဘင်္ဂလားဒေ့ရှ် ပိုင်နက်နယ်မြေကို အသုံးပြု၍ မြန်မာနိုင်ငံအား ထိပါးနှောင့်ယှက်ရန်ပြုလာသည်ကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးရန် ပြောကြားကာ သံတမန်စာ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



သောင်းကျန်းသူ(စိစစ်ဆဲ)အဖွဲ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်း မီတာ ၂၀၀ ခန့်အကွာမှ ပစ်ခတ်တိုက်ခိုက်သည့်နေရာကို တွေ့ရစဉ်။



ကျည်ထိမှန်ထားသည့် ခေါင်မိုးအား တွေ့ရစဉ်။

မောင်တောမြို့နယ် နယ်မြေ (၂) မြန်မာ–ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မှတ်တိုင် (၄၁)ကင်းစခန်းအား သောင်းကျန်းသူ (စိစစ်ဆဲ)အဖွဲ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်း မီတာ ၂၀၀ ခန့်အကွာ နေရာ ၃ နေရာမှ ပစ်ခတ်တိုက်ခိုက်သည့် နေရာပြမြေပုံ






ရဲကင်းစခန်းရှိ ဘန်ကာအား တွေ့ရစဉ်။

**“နယ်စပ်ခြံစည်းရိုးမှ မီတာ (၂၀၀) အကွာခန့် နေရာမှ ဗုံးပစ်လောင်ချာ ဗုံးသီးလေးလုံး၊ လက်နက်ငယ် အချက် ၂၀၀ ခန့် ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားခဲ့”**

# တောင်ငူကြီး မြို့ဟောင်းဒေသအတွင်း အရိုးအိုးများ စုပေါင်းမြှုပ်နှံထားသောနေရာတွေ့ရှိ

**တောင်ငူ ဇန်နဝါရီ ၂၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့အနောက်ဘက် ၁၀ မိုင်ခန့်အကွာ ဆင်ဆိပ်အုပ်စု ရှေးဟောင်းသမိုင်းဝင် စည်းခုံကြီးဘုရား အရှေ့မြောက်ဘက် တစ်မိုင်ခန့်အကွာ တောင်ငူကြီးမြို့ဟောင်းအတွင်း အရိုးအိုးများစုပေါင်းမြှုပ်နှံထားသော နေရာကို တူးဖော်တွေ့ရှိရကြောင်း သိရသည်။

“ဘုန်းကြီးကို လာလျှောက်တာ နေ့တောင်မမှတ်မိတော့ဘူး။ တစ်ပတ်လောက်တော့ရှိသွားပြီ။ ငှက်ပျောစိုက်ဖို့ ထွန်စက်နဲ့ မြေညှိရင်း အရိုးအိုးတွေ တွေ့တယ်ဆိုလို့ သွားကြည့်တော့ ဟုတ်တယ်၊ အုတ်ချပ်ကြီးတွေကလည်း အကြီးကြီးတွေ၊ မနေ့ကပဲ ပဲခူးရှေးဟောင်းသုတေသနအဖွဲ့လာပြီး ကြည့်ရှုလေ့လာတယ်။ ဘယ်ခေတ်ကဆိုတာတော့ ပြောလို့ မရသေးဘူးပေါ့။ ဒေသခံတွေကို အခုတွေ့တဲ့ အရိုးအိုးကုန်းကို ခြေရာလက်ရာမပျက်ထားဖို့ ဆက်လက်ပြီး တူးဖော်စစ်ဆေးစရာတွေ ရှိသေးတယ်လို့တော့ပြောတာပဲ”ဟု ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းက စည်းခုံကြီးဘုရားကျောင်းတိုက်သို့ရောက်ရှိစဉ် ဆရာတော် ဦးကောဏ္ဍညက မိန့်ကြားသည်။

ဆရာတော်၏ ညွှန်ပြချက်အရ စည်းခုံကြီးဘုရား အရှေ့မြောက်ဘက် တစ်မိုင်ခန့်အကွာ ဒေသခံတောင်သူများ ငှက်ပျောစိုက်ခင်းများအတွင်းသို့ သွားရောက်ခဲ့ပြီး နေရာအနှံ့အပြား၌ ရှေးဟောင်းအုတ်ကျိုးအုတ်ပဲ့ များစွာ တွေ့ရှိရကာ အရိုးအိုးများမြှုပ်နှံထားသော ကုန်းနေရာတစ်ခုလုံး အုတ်လေးလွှာဖြင့် ပြုလုပ်ထားကာ စိုက်ပျိုးရေးအတွက် ထွန်ယက်ခြင်းများ ဆောင်ရွက်ခဲ့သည့်အတွက် အုတ်နှစ်လွှာသာ ကျန်ရှိတော့သည်ကို တွေ့ရှိရသည်။ အရိုးအိုးများမှာ မြေအိုးငယ်များ အစီအရီမြှုပ်နှံထားခြင်းဖြစ်ရာ နေရာအနှံ့အပြားတွင် တွေ့ရှိရဆဲဖြစ်သည်။

“ကျွန်တော်တို့ တွေ့တာကြာပြီ။ တောသူ တောင်သားဆိုတော့လည်း ဘယ်သိမလဲဗျာ။ ထွန်စက်နဲ့ ထယ်ထိုးတော့ အိုးတွေမှတအားပဲ တခွပ်ခွပ်နဲ့နေတယ်။ ခေါင်းလောင်းတွေတွေ့တယ်။ ပန်းကန်တွေတွေ့တယ်။ ဒီနားဝန်းကျင်က ရွာတွေကပဲ ယူသွားကုန်တာပဲ”ဟု အမြန်လမ်းမကြီးအနောက်ဘက်ရှိ ကုက္ကိုလ်ပင်ရွာနေ ဒေသခံတစ်ဦးက ပြောသည်။

ကျုံးအထပ်ထပ်နှင့် မြို့ရိုးအထပ်ထပ်ရှိသော တောင်ငူကြီးမြို့ဟောင်းအတွင်း ငုပ်လျှိုးကွယ်ပျောက်နေသည့် သမိုင်းဝင်နေရာများ ရှိနေသေးသည့်အလျောက် ထိုဒေသအတွင်း ယာခင်းများ စိုက်ပျိုးထွန်ယက်လုပ်ကိုင်ကြသော ဒေသခံများအား အမြန်ဆုံးအသိပညာပေးရန်လိုအပ်နေပြီး ယခုကဲ့သို့ တွေ့ရှိရသော နေရာများကို ကာကွယ်ထိန်းသိမ်းရန်လည်း လိုအပ်ကြောင်း တောင်ငူဒေသခံတစ်ဦးက ပြောကြားသည်။

**ကိုလွင်(ဆွာ)**



ထွန်ယက်ရာတွင် ပေါ်လာသည့် မြေအိုးကို တွေ့ရစဉ်။

# တောင်ကိုရီးယား တရားရုံးချုပ်အကြီးအကဲဟောင်းကို ဖမ်းဆီး

**ဆိုးလ် ဇန်နဝါရီ ၂၄**

တောင်ကိုရီးယားတရားရုံးချုပ်အကြီးအကဲဟောင်း ရန်ဆန်ထယ်ကို ကြာသပတေးနေ့တွင် ဖမ်းဆီးလိုက်ပြီးနောက် ၎င်းအား လုပ်ပိုင်ခွင့်အာဏာကိုအလွဲသုံးစားပြုမှု၊ စစ်အတွင်းအဓမ္မလုပ်အားခိုင်းစေမှုကိစ္စ စီရင်ဆုံးဖြတ်ရာတွင် မတော်မတရားပြုလုပ်ကာ နှောင့်နှေးကြန့်ကြာအောင် ပြုလုပ်ခဲ့မှုတို့ဖြင့် စွပ်စွဲထားသည်။

လက်ရှိတရားရေးအကြီးအကဲမှာ ပြည်သူတို့၏မျှော်လင့်ချက်များကို ပျောက်ဆုံးစေခဲ့သည့်အတွက် တရားရုံးကို တောင်းပန်နေကြောင်း သိရသည်။ တရားရုံးချုပ် အကြီးအကဲဟောင်း ရန်ဆန်ထယ်ကို အစိုးရရှေ့နေများက သမ္မတဟောင်း ပတ်ဂွမ်ဟေးနှင့် အလိုတူအလိုပါ ဆောင်ရွက်ခဲ့သည်ဟု စွပ်စွဲထားသည်။ ဂျပန်က ပါဝင်ပတ်သက်နေသည့် စစ်အတွင်းလုပ်သားကိစ္စ ကြားနာစစ်ဆေးမှုများကို အချိန်ဆွဲထားခဲ့သည်ဟု ၎င်းကို စွပ်စွဲခဲ့သည်။

ထို့အပြင် ရန်ဆန်ထယ်သည် ၎င်းစိတ်ကြိုက်နည်းလမ်းဖြင့် တရားသူကြီးများအား တရားစီရင်ဆုံးဖြတ်စေရန် အတင်းအကျပ်ဖိအားပေးမှုများ လုပ်ဆောင်ခဲ့ပြီး ၎င်းနှင့်အယူအဆ သဘောထားမတိုက်ဆိုင်သူများကို အမည်ပျက်စာရင်းထည့်သွင်းခဲ့သည်ဟုလည်း စွပ်စွဲခြင်းခံထားရသည်။

ပြီးခဲ့သည့်နှစ်က တောင်ကိုရီးယားထိပ်တန်းတရားရုံးက စစ်အတွင်းလုပ်သားစေခိုင်းမှုကို ကြားနာစစ်ဆေး ခဲ့သည်။ တရားရုံးက ဂျပန်ကုမ္ပဏီများကို ဒုတိယကမ္ဘာစစ်အတွင်း အတင်းအကျပ်လုပ်သားအဖြစ် စေခိုင်းခံခဲ့ရသည့် အမျိုးသားများနှင့် အမျိုးသမီးများကို လျော်ကြေးပေးရန် အမိန့်ချမှတ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**



တောင်ကိုရီးယားတရားရုံးချုပ်အကြီးအကဲဟောင်း ရန်ဆန်ထယ်ကို လူအုပ်ထဲ၌ တွေ့ရစဉ်။



ဗင်နီဇွဲလားသမ္မတ နီကိုးလပ်စ် မာဒူရိုကို တွေ့ရစဉ်။

# ဗင်နီဇွဲလားသမ္မတက အမေရိကန် ပြည်ထောင်စုနှင့် သံအဆက်အသွယ် ဖြတ်တောက်

**ကာရာကက် ဇန်နဝါရီ ၂၄**

ဗင်နီဇွဲလားသမ္မတ နီကိုးလပ်စ် မာဒူရိုသည် အမေရိကန်ပြည်ထောင်စုနှင့် သံအဆက်အသွယ်ဖြတ်တောက်လိုက်ပြီးနောက် အမေရိကန်သံအရာရှိများကို တိုင်းပြည်မှ ၇၂ နာရီအတွင်း ထွက်ခွာသွားရန် အချိန်ပေးထားသည်။

အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်က ဂျူအန်ဂွိုင်ကို ဗင်နီဇွဲလားနိုင်ငံ၏ ကြားဖြတ်ခေါင်းဆောင်အဖြစ် အသိအမှတ်ပြုခဲ့ပြီးနောက် ဗင်နီဇွဲလား သမ္မတ နီကိုးလပ်စ်မာဒူရိုက ယခုလို ကြေညာလိုက်ခြင်းဖြစ်သည်။

### နည်းလမ်းမျိုးစုံ အသုံးပြုသွားမည်

ထို့အပြင် ဗင်နီဇွဲလားနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်များ ငြိမ်းငြိမ်းချမ်းချမ်းမရှိလျှင် နည်းလမ်းမျိုးစုံ အသုံးပြုသွားမည်ဖြစ်ကြောင်း သမ္မတ ထရမ့်က သတင်းထောက်များကို ပြောကြားလိုက်သည်။

### ကြေညာချက်ထွက်ပေါ်လာ

နီကိုးလပ်စ်မာဒူရိုကို ဆန့်ကျင်သည့် တစ်ရက်တာ လူထုဆန္ဒပြပွဲအတွင်း အတိုက်အခံခေါင်းဆောင်လည်းဖြစ်၊ ဗင်နီဇွဲလားလွှတ်တော်ဥက္ကဋ္ဌလည်းဖြစ်သည့် ဂျူအန်ဂွိုင်က သူ့ကိုယ်သူ သမ္မတအဖြစ် ကြေညာပြီး မကြာခင် အမေရိကန် သမ္မတဒေါ်နယ်ထရမ့်၏ ကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံက ဗင်နီဇွဲလား သမ္မတ၏ လုပ်ရပ်အပေါ် ပြန်လည်တုံ့ပြန်သည့်အနေဖြင့် မာဒူရိုအစိုးရအဖွဲ့ဝင်များအပေါ် ဒဏ်ခတ်ပိတ်ဆို့အရေးယူမှုများ တိုးမြှင့်လုပ်ဆောင်လာနိုင်ကြောင်းနှင့် ဗင်နီဇွဲလား ရေနံလုပ်ငန်းအပေါ် အရေးယူဒဏ်ခတ်မှုအသစ်များ ချမှတ်သွားနိုင်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# အမေရိကန်အစိုးရယန္တရားအားလုံး ပြန်လည်မဖွင့်မချင်း သမ္မတထရမ့်၏ နိုင်ငံတော်အခြေပြု မိန့်ခွန်းပြောကြားမှု ဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အောက်လွှတ်တော် ဥက္ကဋ္ဌ နန်စီပယ်လိုစီ ပြောကြား

**ဝါရှင်တန် ဇန်နဝါရီ ၂၄**

အစိုးရယန္တရားရပ်ဆိုင်းမှု ပြန်ဖွင့်ရန် ပါတီကြီးနှစ်ခုလုံး၏ ထောက်ခံမှုလိုအပ်သလို အစိုးရယန္တရား အားလုံးပြန်လည်မဖွင့်မချင်း သမ္မတထရမ့်၏ နိုင်ငံတော်အခြေပြု မိန့်ခွန်းပြောကြားမှုကိုလက်ခံဆောင်ရွက်ပေးသွားမည် မဟုတ်ကြောင်းနှင့်ဇန်နဝါရီ ၂၉ရက်တွင်ပြုလုပ်မည့် သမ္မတ ထရမ့်၏ မိန့်ခွန်းပြောကြားမည့်အစီအစဉ်ကိုလည်း ငြင်းပယ်ကြောင်း အမေရိကန် အောက်လွှတ်တော် ဥက္ကဋ္ဌ နန်စီပယ်လိုစီက မကြာသေးမီတွင် ပြောကြားလိုက်သည်။

"ကျွန်မ သမ္မတကို စာရေး အသိပေးလိုက်ပါတယ်။ အစိုးရယန္တရား ရပ်ဆိုင်းမှု ပြန်မဖွင့်မချင်း လွှတ်တော်ထဲမှာ သမ္မတက နိုင်ငံတော်မိန့်ခွန်းလာပြောမယ့်ကိစ္စကို အောက်လွှတ်တော်က လုံးဝခွင့်ပြုမှာ မဟုတ်ပါဘူး"ဟု အမေရိကန် အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပယ်လိုစီက ပြောသည်။

အမေရိကန်အစိုးရယန္တရား တစ်စိတ်တစ်ပိုင်းရပ်ဆိုင်းမှုသည် နယ်စပ်တံတိုင်းတည်ဆောက်ရေးအတွက် ထရမ့်၏ ဘတ်ဂျက်တောင်းခံမှုအပေါ် သဘောတူညီမှုမရရှိခဲ့ရာမှ အစပြုခဲ့ခြင်းဖြစ်ပြီး ယခုအခါ တစ်လကျော် နှစ်လထဲ ရောက်ရှိလာပြီဖြစ် သည်။

အမေရိကန်အစိုးရယန္တရား ရပ်ဆိုင်းမှုကြောင့် ပြည်ထောင်စုအစိုးရ ဝန်ထမ်းပေါင်း ၈၀၀၀၀ ကျော် အလုပ်ရပ်ဆိုင်းခဲ့ရခြင်း သို့မဟုတ် လစာမဲ့ လုပ်ကိုင်နေရခြင်းကို ထရမ့်က ပြန်လည်သုံးသပ်ရန်လိုကြောင်း ပယ်လိုစီက ပြောသည်။ အစိုးရယန္တရားရပ်ဆိုင်းမှုကို မကြာခင် ပြန်လည်ဖွင့်လှစ်နိုင်ရန် ထရမ့်နှင့် ဒီမိုကရက်တစ်ပါတီလွှတ်တော်အမတ်များကြား ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး အထက်လွှတ်တော်တွင် မဲပေးရန် ပြင်ဆင်နေကြောင်း သိရသည်။ အစိုးရယန္တရား ပြန်လည်ဖွင့်လှစ်နိုင်ရန် ပါတီကြီးနှစ်ခုစလုံး၏ ထောက်ခံမှုလိုအပ်နေကြောင်း သိရသည်။

နိုင်ငံတော်အခြေပြုမိန့်ခွန်းသည် နှစ်ပတ်လည်မိန့်ခွန်းဖြစ်ပြီး လာမည့်နှစ်တွင် အစိုးရ၏ နိုင်ငံရေးရည်မှန်းချက်များကို သမ္မတက ထုတ်ဖော်ပြောကြားသည့် မိန့်ခွန်းဖြစ်ကြောင်း သိရသည်။ အဆိုပါမိန့်ခွန်းကို ပုံမှန်အားဖြင့် ဇန်နဝါရီလကုန်ပိုင်းတွင် ကျင်းပသော အထက်လွှတ်တော်နှင့် အောက်လွှတ်တော် နှစ်ရပ်စလုံး၏ ပူးတွဲအစည်းအဝေးတွင် ပြောကြားရခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါအခြေပြုမိန့်ခွန်းကို ရုပ်သံမှတစ်ဆင့် တစ်နိုင်ငံလုံးသို့ ထုတ်လွှင့်ပြသကြောင်းလည်း သိရသည်။

**အေအက်ဖ်ပီ**




# တရုတ်-ဩစတြေးလျနိုင်ငံသား စာရေးဆရာတစ်ဦးကို တရုတ်ဖမ်းဆီး

**ပေကျင်း ဇန်နဝါရီ ၂၄**

တရုတ်အာဏာပိုင်များသည် တရုတ်ကွန်မြူနစ်ပါတီကို ဝေဖန်သူတစ်ဦးဖြစ်လာသည့် တရုတ်နိုင်ငံဖွား ဩစတြေးလျနိုင်ငံသား စာရေးဆရာတစ်ဦးကို ဖမ်းဆီးလိုက်သည်။

တရုတ်က ယန်ဟန်ဂျွန်းကို ထိန်းသိမ်းထားကြောင်း ဩစတြေးလျအာဏာပိုင် များက ဖော်ပြခဲ့သည်။ ၎င်းသည် အငြိမ်းစားယူခဲ့ပြီးနောက်တွင် ဩစတြေးလျနိုင်ငံသားအဖြစ် ခံယူခဲ့သည့် တရုတ်နိုင်ငံဆိုင်ရာ သံတမန်ဟောင်းတစ်ဦးဖြစ်ကြောင်း သိရသည်။

ယန်၏ အသိအကျွမ်းများသည် နယူးယောက်မှ ကွမ်ကျိုးသို့ စနေနေ့က ၎င်းရောက်ရှိခဲ့ပြီးနောက်တွင် ၎င်းနှင့် အဆက်အသွယ်ပြတ်တောက်သွားခဲ့သည်။ ဩစတြေးလျနိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဌာနက ဗုဒ္ဓဟူးနေ့တွင်ပြောကြားခဲ့သည်မှာ တရုတ်အာဏာပိုင်များသည် ယန်အားဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်းကို ပေကျင်းရှိ ဩစတြေးလျသံရုံးသို့ အကြောင်းကြားခဲ့သည်ဟု ဆိုသည်။

ယန်အား တရုတ်နိုင်ငံက ဖမ်းဆီးထိန်းသိမ်းရသည့်အကြောင်းကို ထုတ်ဖော်ပြောကြားရန်နှင့် အာဏာပိုင်များအား ၎င်းကိုတွေ့ဆုံခွင့်ပေးရန် ဩစတြေးလျနိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဌာနက တောင်းဆိုထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ကွဲပြားခြားနားတဲ့ အသွင်နဲ့ ထပ်မံပေါ်ထွက်လာတဲ့ ဗင်နီဇွဲလားနိုင်ငံက ဆန္ဒပြပွဲများ

ကလျာမိုးမြင့်

ဗင်နီဇွဲလားနိုင်ငံမှာ အတိုက်အခံအဖွဲ့အစည်းတွေဟာ ပြည်သူလူထုကို လမ်းတွေပေါ် ရောက်အောင်ခေါ်ဆောင်လာခဲ့ပြီး သမ္မတ နီကိုးလပ်စ်မာဒူရိုရဲ့ ဩဇာအရှိန်အဝါတွေကို ချိုးဖျက်ဖို့နဲ့ ၎င်းကိုရာထူးကနေဖယ်ရှားပစ်နိုင်ဖို့ တပ်ဖွဲ့ဝင်တွေကို စည်းရုံးလှုံ့ဆော်မှုတွေ လုပ်ဆောင်ခဲ့တယ်လို့ ယူဆရပါတယ်။

### အင်အားယုတ်လျော့အောင်လုပ်ဆောင်

ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၁ ရက် အရုဏ်မတက်ခင်အချိန်မှာ အမျိုးသားအစောင့်တပ်ဖွဲ့ဝင်တွေ ဆူပူအုံကြွခဲ့တာကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တွေက နှိမ်နင်းခဲ့ရပါတယ်။ အဲဒီနောက်မှာ လမ်းပေါ်ထွက်ပြီး အကြမ်းဖက်ဆန္ဒပြတာတွေလည်း ပေါ်ပေါက်ခဲ့ပါတယ်။ ဗင်နီဇွဲလားတရားရုံးချုပ်က အတိုက်အခံအုပ်စု ထိန်းချုပ်ထားတဲ့ လွှတ်တော်ခေါင်းဆောင်သစ်ကို အင်အားယုတ်လျော့အောင်လုပ်ဆောင်ခဲ့ပြီး နိုင်ငံရေးအခြေအနေတွေလည်း ပိုပြီးအုတ်အော်သောင်းနင်းဖြစ်ခဲ့ရပါတယ်။

သမ္မတနန်းတော်နဲ့ မိုင်အနည်းငယ်ဝေးကွာတဲ့ ဆင်းရဲသားရပ်ကွက်တစ်ခုမှာ ဆန္ဒပြမှုတွေပေါ်ပေါက်ခဲ့တာကြောင့် မျက်ရည်ယိုဗုံးတွေနဲ့ လူစုခွဲခဲ့ရပါတယ်။ ဆန္ဒပြသူတွေက သမ္မတမာဒူရို ရာထူးမှဆင်းပေးဖို့ အမှိုက်တွေကို မီးရှို့ပြီး ဆန္ဒဖော်ထုတ်ခဲ့ကြတာပါ။

### အာဏာကို ဆက်လက်ဆုပ်ကိုင်ထားခဲ့

၂၀၁၇ ခုနှစ်မှာ အစိုးရကိုဆန့်ကျင်တဲ့ လှုပ်ရှားမှုကြီးတစ်ခု ပေါ်ထွက်လာပြီးတဲ့နောက် အာဏာလက်လွတ်ဆုံးရှုံးမှုဖြစ်ပြီး ပြိုကွဲခဲ့ရတဲ့ ဗင်နီဇွဲလားရဲ့ အတိုက်အခံပါတီက အသစ်တစ်ဖန် ပြန်လည်ကြိုးပမ်းလာတဲ့ လှုပ်ရှားမှုတွေထဲက တစ်ခုလို့ဆိုရမှာဖြစ်ပါတယ်။ အဲဒီတုန်းက အစိုးရကိုဆန့်ကျင်တဲ့ လှုပ်ရှားမှုကို လုံခြုံရေးတပ်ဖွဲ့ဝင်တွေက အင်အားသုံးနှိမ်နင်းမှုတွေ လုပ်ဆောင်တာကိုခံခဲ့ရပြီး သမ္မတမာဒူရိုကတော့ အာဏာကို ဆက်လက်ဆုပ်ကိုင်ထားနိုင်ခဲ့ပါတယ်။

### ဖြုတ်ချဖို့ အချိန်ကောင်းတစ်ခုဖြစ်လာ

အစိုးရကိုဆန့်ကျင်တဲ့ ဆန္ဒဖော်ထုတ်မှုတွေ အများအပြားဟာ တစ်ညလုံးပေါ်ထွက်ခဲ့ပါတယ်။ အတိုက်အခံခေါင်းဆောင်က ဇန်နဝါရီ ၁၀ရက်မှာ ဒုတိယအကြိမ် သမ္မတသက်တမ်းအဖြစ် ဆောင်ရွက်ဖို့ ကျမ်းသစ္စာကျိန်ဆိုခဲ့တဲ့ မာဒူရိုကိုဖြုတ်ချဖို့ဟာ အခုချိန်မှာ အချိန်ကောင်းပဲ။ ဘာကြောင့်လဲဆိုတော့ မဒူရိုအစိုးရအဖွဲ့ဟာ စီးပွားရေးအကျပ်အတည်းကျရောက်မှုဝန်ထုပ်ဝန်ပိုးအောက်မှာ ပြိုလဲလာနေသလို ခါတိုင်းထက်လည်း ပိုပြီးတော့ သီးခြားဆန်လာတယ်လို့ ပြောခဲ့ပါတယ်။

### အစိုးရအပြောင်းအလဲကို ထောက်ခံ

အမေရိကန်ပြည်ထောင်စုနဲ့ ဗင်နီဇွဲလားရဲ့ အခြားအိမ်နီးချင်းနိုင်ငံအများစုက သမ္မတ မာဒူရိုကို တရားဥပဒေနဲ့မညီတဲ့ အာဏာရှင်စနစ်ကျင့်သုံးသူတစ်ဦးလို့ ခေါ်နေကြတာဖြစ်ပြီး အစိုးရအပြောင်းအလဲတစ်ရပ်ပြုလုပ်ရေး အစီအစဉ်ကို အခိုင်အမာထောက်ခံတယ်ဆိုတဲ့ လက္ခဏာကို ဖော်ပြနေကြပါတယ်။

### သမိုင်းဝင်အချိန်တစ်ခုဖြစ်

အတိုက်အခံခေါင်းဆောင် မာရီယာ ကိုရီနာမာချာဒိုက ကျွန်ုပ်တို့ကိုယ်တိုင် မျက်စိနဲ့တပ်အပ်မြင်တွေ့နေရတာကတော့ ပြိုင်ဘက်မရှိတဲ့ ဖြစ်ရပ်တစ်ခု၊ နှစ်ပေါင်း ၂၀ ကျော်ကြာအောင် ကျွန်ုပ်တို့တိုက်ပွဲဝင်လာတဲ့၊ ကျွန်ုပ်တို့ပြင်ဆင်လာခဲ့တဲ့ သမိုင်းဝင်အချိန်တစ်ခုကို ရောက်ရှိနေတယ်ဆိုတာပဲလို့ ပြီးခဲ့တဲ့အင်္ဂါနေ့မှာ ဝမ်းသာအားရနဲ့ ပြောဆိုခဲ့ပါတယ်။ ဒါဟာ ဗင်နီဇွဲလားပြည်သူတွေအားလုံးအတွက် အကြီးမားဆုံးအန္တရာယ်ကျရောက်နေတဲ့အချိန်အခါလည်းဖြစ်တယ်။ ပြီးတော့ ကျွန်ုပ်တို့အတွက် တာဝန်အကြီးဆုံးအခိုက်အတန့်လည်းဖြစ်တယ်လို့ ၎င်းက ဆိုပါတယ်။

### အမေရိကန်ဆီ ရောင်းစားနေသူများဟုပြော

သမ္မတ မာဒူရိုနဲ့ ၎င်းရဲ့မဟာမိတ်တွေကတော့ ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့က အပြိုင်အဆိုင်ဆန္ဒဖော်ထုတ်မှုတွေပြုလုပ်ကြဖို့ တိုက်တွန်းခဲ့ပါတယ်။မာဒူရိုအစိုးရအဖွဲ့က အတိုက်အခံခေါင်းဆောင်တွေကို ဗင်နီဇွဲလားနိုင်ငံကို အမေရိကန်ဆီကို ရောင်းစားဖို့ ကြိုးစားနေတဲ့ အကြမ်းဖက်သမားတွေလို့ ခေါ်ဝေါ်လျက်ရှိပါတယ်။ လူနည်းစုအစိုးရအဖွဲ့ဝင်တွေနဲ့ နယ်ချဲ့တွေဟာ ခုချိန်မှာ ဗင်နီဇွဲလားကို တိုက်ရိုက်ကိုင်တွယ်ဖို့ စိတ်ပျက်လက်ပျက်ဖြစ်နေကြတယ်လို့ သမ္မတမာဒူရိုက အင်္ဂါနေ့ညမှာ ၎င်းကို ထောက်ခံသူတွေကို ပြောကြားခဲ့ပါတယ်။

### ရုပ်သံဖိုင်မက်ဆေ့ချ်ပေး

မာဒူရိုအနေနဲ့ အတိတ်ကာလတုန်းကလိုမျိုး ၎င်းရဲ့တရားဥပဒေနဲ့အညီ ကျင့်သုံးမှုအပေါ် စိန်ခေါ်လာမှုတွေကို ဖြေရှင်းဖို့ဟာ ယခင်ကလောက် မလွယ်တော့ဘူးဆိုတာကို သဘောပေါက်လာနိုင်တယ်လို့ အတိုက်အခံခေါင်းဆောင်တွေနဲ့ နိုင်ငံရေးကျွမ်းကျင်သူတွေက မှတ်ချက်ချလိုက်ပါတယ်။ ပြီးခဲ့တဲ့အင်္ဂါနေ့တုန်းက အမေရိကန် ဒုတိယသမ္မတ မိုက်ပန့်စ်က စပိန်ဘာသာနဲ့ ဖော်ပြထားသောစကားလုံးတွေပါတဲ့ ရုပ်သံသတင်းစကားတစ်ခုကို ဗင်နီဇွဲလားပြည်သူတွေထံသို့ ပေးပို့ခဲ့ပါတယ်။ ဒီရုပ်သံဖိုင်မှာ ဗင်နီဇွဲလားပြည်သူတွေကို လမ်းတွေပေါ် ချီတက်ကြဖို့တိုက်တွန်းထားပြီး ဒီမိုကရေစီကို ပြန်မရမချင်း ကျွန်ုပ်တို့ဟာ သင်တို့နဲ့အတူရှိနေမယ်လို့ ကတိပေးခဲ့ပါတယ်။

မကြာသေးမီနှစ်များအတွင်းက ဗင်နီဇွဲလား ပြည်သူ သုံးသန်းကျော်လောက် နိုင်ငံကို စွန့်ခွာထွက်ပြေးသွားခဲ့ကြပြီး ထွက်မသွားဘဲ ကျန်ရစ်နေသူတွေဟာဆိုရင် ရာဇဝတ်မှုတွေ အဆက်မပြတ်ပေါ်ပေါက်နေမှု၊ ရေရှားပါးမှု အစားအစာနဲ့ဆေးဝါး ခက်ခဲမှုတွေကြားမှာ ရုန်းကန်နေကြရပါတယ်။

### လူငယ်တွေပါဝင်လာ

ဒီအချိန်မှာ မတူညီတဲ့အချက်ကတော့ မကျေနပ်မှုဒေါသတွေဟာ ကန့်ကွက်ဆန့်ကျင်ရုံလောက်နဲ့ မပြီးတော့ဘူးဆိုတာပဲ။ တကယ်တော့ ဒီအခြေအနေတွေဟာ အခြေခံ လူသုံးကုန်ပစ္စည်းတွေ မလုံလောက်မှုနဲ့ လုပ်အားခနည်းပါးမှုတွေကြောင့် ပင်ပန်းနွမ်းနယ်လာကြတဲ့၊ ဆင်းရဲနွမ်းပါးတဲ့ ပြည်သူတွေဆီက အဓိကလာတဲ့ မကျေမနပ်ဖြစ်မှုတွေပါပဲ။ တခြားသောသိသာထင်ရှားတဲ့ ကွဲပြားခြားနားမှုတွေထဲမှာ သမ္မတမာဒူရိုကို ဖြုတ်ချဖို့ ကြိုးပမ်းမှုကို ဦးဆောင်နေကြတဲ့ နိုင်ငံရေးလှုပ်ရှားသူလူငယ်တွေ ပါဝင်လာမှုနဲ့ လူငယ်တွေက ထောက်ခံမှုရရှိဖို့ ကြိုးပမ်းနေချိန်မှာ ဂရုတစိုက်နဲ့သတင်းစကားပေးပို့လာမှုတွေ ပါဝင်နေပါတယ်။

### အတိုက်အခံခေါင်းဆောင်သစ် ခန့်အပ်

အတိုက်အခံအဖွဲ့ခေါင်းဆောင်သစ်တစ်ဦးဖြစ်တဲ့ ဂျူအန်ဂွိုင်ဒိုဟာ အသက် ၃၅ နှစ်သာရှိသေးတဲ့ စက်မှုအင်ဂျင်နီယာတစ်ဦးဖြစ်ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် ကျမ်းသစ္စာကျိန်ဆိုမှုပြုလုပ်ခဲ့တဲ့ ယခုလမတိုင်ခင်အထိ ပြည်တွင်းမှာရော နိုင်ငံပြင်ပမှာပါ လူသိနည်းခဲ့ပါတယ်။ ၎င်းကိုခန့်အပ်လိုက်မှုက မကြာသေးမီနှစ်များအတွင်းမှာ ထိရောက်မှုမရှိသလောက်ဖြစ်လာသလို တော်တော်လေး နာမည်ကျဆင်းလာတဲ့ အတိုက်အခံတွေလွှမ်းမိုးတဲ့ ဥပဒေပြုအဖွဲ့ကို အသစ်တစ်ဖန် ပြန်ပြီးသက်ဝင်လန်းဆန်းလာစေခဲ့ပါတယ်။

သို့သော်လည်း ဗင်နီဇွဲလားပြည်သူတွေက ၎င်းတို့ဟာ ဆန္ဒပြသူတွေကို သတ်ဖြတ်ပြီး ဖမ်းဆီးထိန်းသိမ်းခဲ့တဲ့၊ သဘောထားကွဲလွဲတယ်လို့ ယူဆတဲ့သူတွေကို ညှဉ်းပန်းနှိပ်စက်မှုတွေ ပြုလုပ်ခဲ့တဲ့ အစိုးရကို ခုခံတွန်းလှန်ရာမှာ ဝင်ရောက်လာတဲ့ အန္တရာယ်တွေကို ရှင်းလင်းခဲ့ပြီလို့ ပြောဆိုနေကြပါတယ်။

**ကိုးကား-အေအက်ဖ်ပီ၊နယူးယောက်တိုင်းမ်**



ဗင်နီဇွဲလားသမ္မတ နီကိုးလပ်စ် မာဒူရိုနှင့်ဇနီး ကာရာကက်ရှိ ဆွေးနွေးပွဲတစ်ခုသို့ တက်ရောက်လာစဉ်။

> “အမေရိကန်ပြည်ထောင်စုနဲ့ ဗင်နီဇွဲလားရဲ့ အခြားအိမ်နီးချင်းနိုင်ငံအများစုက သမ္မတ မာဒူရိုကို တရားဥပဒေနဲ့မညီတဲ့ အာဏာရှင်စနစ်ကျင့်သုံးသူတစ်ဦးလို့ ခေါ်နေကြတာဖြစ်ပြီး အစိုးရအပြောင်းအလဲတစ်ရပ်ပြုလုပ်ရေး အစီအစဉ်ကို အခိုင်အမာထောက်ခံတယ်ဆိုတဲ့ လက္ခဏာကို ဖော်ပြနေကြ”

## နိုင်ငံတကာသတင်းတိုထွာ

### ရုရှား ဒုံးကျည်များက နျူကလီးယားသဘောတူစာချုပ်ကို ဖောက်ဖျက်ခြင်း မရှိဟုဆို

**တီဟီရန် ဇန်နဝါရီ ၂၄**

ရုရှားနိုင်ငံ၏ 9M729 မြေပြင်အခြေစိုက်ခရုစ်ဒုံးကျည်သည် တာလတ်ပစ် နျူကလီးယား သဘောတူစာချုပ် (INF) ကို ဖောက်ဖျက်ခြင်း မရှိကြောင်း ရုရှားအကြီးတန်း အာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။

ရုရှားသည် စာချုပ်ပါစည်းကမ်းချက်များနှင့်အညီ တိကျခိုင်မာစွာ လိုက်နာ ဆောင်ရွက်လျက်ရှိကြောင်းနှင့် မည်သည့်စည်းကမ်းဖောက်ဖျက်မှုကိုမျှ မပြုခဲ့ကြောင်းကိုလည်း ၎င်းက ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် ၁၉၈၇ နျူကလီးယားသဘောတူ စာချုပ်ကို ရုရှားကချိုးဖောက်သည်ဟု စွပ်စွဲရန် ဒုံးကျည်ကို အသုံးပြုခဲ့ကြောင်း၊ ယင်းသဘောတူစာချုပ်ကို စွန့်လွှတ်မည်ဟု ခြိမ်းခြောက်လျက်ရှိကြောင်း ၎င်းက သတင်းမီဒီယာများသို့ ပြောကြားခဲ့သည်။

9M729 မြေပြင်အခြေစိုက် ခရုစ်ဒုံးကျည်ကို အခြားရည်ရွယ်ချက်များအတွက် အဆင့်မြှင့်တင်ခဲ့ခြင်းဖြစ်ပြီး တားမြစ်ထားသည့် အကွာအဝေးဖြစ်သည့် ကီလိုမီတာ ၅၀၀မှ ကီလိုမီတာ ၅၅၀၀အထိ စမ်းသပ်ပစ်လွှတ်ခွင့် မရှိကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး ဆာဂျီရက်ဘ်ကော့ဗ်က ပြောကြားခဲ့သည်။

**ဆင်ဟွာ**

### ကနေဒါနိုင်ငံသားများကို လွှတ်ပေးရန် တရုတ်သမ္မတထံ အိတ်ဖွင့်ပေးစာပေးပို့

**ပေကျင်း ဇန်နဝါရီ ၂၄**

တရုတ်နိုင်ငံက ထိန်းသိမ်းထားသည့် ကနေဒါနိုင်ငံသား နှစ်ဦးကို အမြန်ဆုံး ပြန်လွှတ်ပေးရန် ကမ္ဘာတစ်ဝန်းရှိ သံတမန်နှင့် ပညာရှင် ၁၄၀ ကျော်တို့က တရုတ်သမ္မတရှီကျင့်ဖျင်ထံသို့ အိတ်ဖွင့်ပေးစာပေးပို့လိုက်ကြောင်း သိရသည်။

ကနေဒါနှင့် အခြားနိုင်ငံ ခြောက်နိုင်ငံတို့မှ သံတမန်ဟောင်းများ အပါအဝင် ဂျပန်နှင့် အခြားနိုင်ငံများမှ တရုတ်နိုင်ငံအရေး ကျွမ်းကျင်သူများက အဆိုပါပေးစာ၌ လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိန်းသိမ်းခံထားရသူ နှစ်ဦးသည် တရုတ်နိုင်ငံမှ ထွက်ခွာမည့် သံတမန် မိုက်ကယ်ကိုဗစ်ချ်နှင့် မြောက်ကိုရီးယားနှင့် စီးပွားရေးလုပ်ဆောင်ခဲ့သည့် မိုက်ကယ်စပါဗာတို့ ဖြစ်သည်။ ပြီးခဲ့သည့်နှစ်က ဟွာဝေးအမှုဆောင်ချုပ်မန်ဝမ်ကျို့ အဖမ်းခံခဲ့ရပြီးနောက်တွင် ၎င်းတို့နှစ်ဦးကို တရုတ်နိုင်ငံက ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်သည်။

အိတ်ဖွင့်ပေးစာ၌ အဆိုပါပုဂ္ဂိုလ်နှစ်ဦးက တရုတ်ပညာရှင်များနှင့် တွေ့ဆုံဆက်ဆံမှုများမှာ အရေးပါသည့် သုတေသနဆောင်ရွက်မှုနှင့် ကမ္ဘာ တစ်ဝန်းသံတမန်ဆောင်ရွက်မှုအတွက် အုတ်မြစ်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ထိန်းသိမ်းလိုက်ခြင်းဖြင့် အပြုသဘောဆောင်သည့် လုပ်ငန်းများကို ထိခိုက်စေနိုင်ပြီး မလိုလားအပ်သည့် အန္တရာယ်များ ဖြစ်လာစေနိုင်သည်ဟူသော သတင်းစကားများကို ပေါ်ထွက်လာစေနိုင်သည်ဟု စာထဲတွင်ရေးသားထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# မြန်မာလူငယ်နည်းပညာစွန့်ဦးတီထွင်ဖွံ့ဖြိုးရေးအစီအစဉ် ၂၀၁၉ ကို MPT နှင့် MCF တို့ပူးပေါင်း၍ ထပ်မံကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၄**
မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် MCF နှင့် ဆက်သွယ်ရေးအော်ပရေတာ MPT တို့ ပူးပေါင်း၍ ယခင်နှစ်က အောင်မြင်မှုများရရှိခဲ့သည့် မြန်မာလူငယ်နည်းပညာစွန့်ဦးတီထွင်ဖွံ့ဖြိုးရေး အစီအစဉ်ကို ယခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် ထပ်မံကျင်းပနေပြီဖြစ်သည်။

ယခုနှစ် အစီအစဉ်အတွက် လျှောက်လွှာများကို ပြီးခဲ့သည့် အောက်တိုဘာလအတွင်း စတင်လက်ခံခဲ့ပြီးနောက် အောက်မြန်မာပြည်အတွက် ဆန်ခါတင်ရွေးချယ်ပွဲကို ဇန်နဝါရီ ၂၀ ရက်က ရန်ကုန်မြို့၌ ကျင်းပခဲ့ကာ နည်းပညာ၊ ဆက်သွယ်ရေးနှင့် ဆန်းသစ်သည့် တီထွင်ဖန်တီးမှုထုတ်ကုန်များနှင့် စပ်လျဉ်းသည့် အကောင်းဆုံး စီးပွားရေးစီမံကိန်းများကို ရွေးချယ်ခဲ့ပြီး ရွေးချယ်ခံရသူများ၏ အရည်အသွေးများ ပိုမိုတိုးတက်လာစေရန် ကိုးရက်ကြာ စခန်းသွင်းလေ့ကျင့်၍ သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ အထက်မြန်မာပြည်အတွက် ဆန်ခါတင်ရွေးချယ်ပွဲကိုမူ ဇန်နဝါရီ ၂၆ ရက်တွင် မန္တလေး၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် အစီအစဉ်တွင် နိုင်ငံအနှံ့မှ အသင်းပေါင်း ၁၁၀ က ၎င်းတို့၏ စီးပွားရေးအတွေးအမြင်များနှင့် ထုတ်ကုန်များဖြင့် ပြိုင်ပွဲဝင်ရန် လျှောက်ထားခဲ့ကြပြီး ရန်ကုန်မြို့၌ကျင်းပခဲ့သည့် အောက်မြန်မာပြည် ဆန်ခါတင်ရွေးချယ်ပွဲတွင် ပြိုင်ပွဲဝင်အဖွဲ့ ငါးဖွဲ့အား အကဲဖြတ်ဒိုင်လူကြီးများက ရွေးချယ်ခဲ့ကြောင်း သိရသည်။

ရွေးချယ်လိုက်သည့် အဖွဲ့ငါးဖွဲ့၏ ထုတ်ကုန်များမှာ (၁) အွန်လိုင်းပေါ်မှ အောင်ဘာလေထီလက်မှတ်များ ဝယ်ယူနိုင်မည့် အက်ပလီကေးရှင်း၊ (၂) စိုက်ပျိုးရေးကဏ္ဍတွင် ဆိုလာနှင့် အာရုံခံစနစ်များ အသုံးပြု၍ လူအစားထိုး စက်ပစ္စည်းများ ပြောင်းလဲသုံးစွဲနိုင်မည့် အစီအစဉ်၊ (၃) မြန်မာ့ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့များကို နည်းပညာစနစ်မှတစ်ဆင့် လက်တွေ့ကဲ့သို့ ခံစားကြည့်ရှုနိုင်မည့် အစီအစဉ်၊ (၄) AR စနစ်ဖြင့် တိုင်းရင်းသားစာပေများကို လေ့လာသင်ယူနိုင်မည့် သင်ထောက်ကူ အက်ပလီကေးရှင်းနှင့် (၅) ရန်ကုန်မြို့တွင်းတိုက်ခန်းများကို လပေးစနစ်ဖြင့် ငှားရမ်းခြင်း၊ စပ်တူနေထိုင်ရန် အခန်းရှာဖွေခြင်းများ ပြုလုပ်နိုင်မည့် မိုဘိုင်းအပလီကေးရှင်းနှင့် ဝက်ဘ်ဆိုက်တို့ဖြစ်ကြောင်း သိရသည်။

MPT မှ တာဝန်ရှိသူတစ်ဦးက "ဆန်ခါတင်ရွေးချယ်ခံရတဲ့ အောက်မြန်မာပြည်ကိုယ်စားပြု အဖွဲ့တွေအားလုံးအတွက် MPT က ဂုဏ်ယူပါတယ်၊ မနှစ်ကပြုလုပ်တဲ့ပွဲကနေ ထူးချွန်တဲ့ လူငယ်နည်းပညာရှင်တွေ ထွက်ပေါ်လာတာကို တွေ့ရှိရပြီးတဲ့နောက်မှာ ကျွန်တော်တို့အနေနဲ့ MCF နဲ့အတူ လက်တွဲပြီး စွန့်ဦးတီထွင်နဲ့ စီးပွားရေးလုပ်ငန်းငယ်တွေကို အထောက်အပံ့ပေးနိုင်မယ့် လူမှုအကျိုးပြု အစီအစဉ်တစ်ခုဖြစ်တဲ့ မြန်မာလူငယ်နည်းပညာစွန့်ဦးတီထွင်ဖွံ့ဖြိုးရေး အစီအစဉ်ကို ဒုတိယအကြိမ်မြောက် ပြုလုပ်ခွင့်ရတဲ့အပေါ်မှာ ကျေနပ်မိပါတယ်၊ မျိုးဆက်သစ်လူငယ်တွေရဲ့ အရည်အသွေးတွေ လက်တွေ့ဖြစ်လာနိုင်ဖို့အတွက် ကူညီဆောင်ရွက်ပေးနိုင်ဖို့ ကျွန်တော်တို့ စိတ်ပိုင်းဖြတ်ထားပါတယ်၊ အခုလို ပံ့ပိုးကူညီမှုတွေကြောင့် သူတို့ရဲ့လုပ်ငန်းတွေ တိုးတက်ပြီး မြန်မာနိုင်ငံရဲ့ စီးပွားရေး၊ နည်းပညာနဲ့ အခြားနေရာတွေမှာပါ အထောက်ကူဖြစ်စေပြီး နိုင်ငံကို အခုထက်ပိုပြီး ရှေ့ကို တိုးတက်လာစေဖို့ မျှော်လင့်ပါတယ်"ဟု ပြောကြားသည်။

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးခွန်ဦးကလည်း "နည်းပညာစွန့်ဦးတီထွင်မှုက လူငယ်တွေအတွက် အလားအလာရှိတဲ့ အသက်မွေးဝမ်းကျောင်း၊ စီးပွားရေးလမ်းကြောင်းတစ်ခု ဖြစ်လာတာနဲ့အမျှ ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံက လူငယ်တွေအားလုံးကို သူတို့ရဲ့ စိတ်ကူး၊ အကြံဉာဏ်တွေ ဖြစ်ထွန်းလာစေဖို့ ပံ့ပိုးပေးချင်ပါတယ်၊ အခုလို ပြိုင်ပွဲတွေကျင်းပပေးပြီး ငွေအားနဲ့ ထောက်ပံ့ရုံသာမကဘဲ သက်ဆိုင်ရာနယ်ပယ်အလိုက် လုပ်ငန်းခွင်အတွေ့အကြုံရှိသူတွေဆီကပါ အလေ့အကျင့်ကောင်းတွေ ရရှိပိုင်ဆိုင်စေဖို့ စီစဉ်ပေးထားပါတယ်"ဟု ပြောသည်။

ရန်ကုန်မှ ရွေးချယ်ခံရသည့် အောက်မြန်မာပြည်အဖွဲ့များနှင့် မန္တလေးမှ ရွေးချယ်ခံရမည့် အထက်မြန်မာပြည် အဖွဲ့များအား စခန်းသွင်းလေ့ကျင့်မှု ပြုလုပ်ပေးပြီးနောက် ထိုအဖွဲ့များသည် ဖေဖော်ဝါရီလတွင် ဆက်လက်ကျင်းပမည့် နောက်ဆုံးအဆင့် ယှဉ်ပြိုင်ပွဲတွင် ပိုမိုတိကျရှင်းလင်းသည့် တင်ဆက်မှုများဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်ဖြစ်ကာ အနိုင်ရရှိမည့် အဖွဲ့သုံးဖွဲ့သည် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများကို စတင်လည်ပတ်နိုင်ရန်အတွက် ဆုကြေး ကျပ်သိန်း ၈၀ နှင့်အတူ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရန်အတွက် MCF ၏ Incubation Center ဖြစ်သည့် ကနောင်ဟဘ်တွင် ခြောက်လကြာ ရုံးခန်းနေရာ အခမဲ့ အသုံးပြုခွင့်ကိုလည်း ရရှိမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲတွင် ဆုမရသော ဆန်ခါတင်အဖွဲ့များကိုလည်း ၎င်းတို့၏ ကြိုးစားအားထုတ်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ကျပ်ငါးသိန်းစီကို ချီးမြှင့်သွားမည်ဖြစ်ကြောင်း MPT မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သူရဖြိုး**

---

**New Product**

## မျှော်မှန်းဈေးနှုန်းထက် ပိုမြင့်နေတဲ့ Redmi Note 7 စမတ်ဖုန်းသစ်

Xiaomi ကနေ Redmi ကို လုံးဝခွဲထုတ်လိုက်ပြီးနောက် အသစ်ထွက်လာတဲ့ Redmi Note 7 ဟာ နိုင်ငံတကာမှာ ဇန်နဝါရီလအတွင်းမှာပဲ စတင် မိတ်ဆက်ပြသခဲ့ပြီး ကင်မရာပိုင်းမှာ အမြင့်ဆုံးအနေနဲ့ ၄၈ မဂ္ဂါပစ်ဇယ်ကင်မရာ ပါဝင်ခြင်းနဲ့အတူ မြင့်မားတဲ့စွမ်းဆောင်ရည်၊ သက်သာတဲ့ ဈေးနှုန်းတွေကြောင့် ပြည်တွင်းဈေးကွက်မှာ ကြိုတင်စိတ်ဝင်စားမှုတွေ မြင့်တက်ခဲ့ပါတယ်။ ဒါပေမယ့် အခုရက်ပိုင်းအတွင်း ဖုန်းအသစ်အချို့ ဝင်ရောက်လာခဲ့ရာမှာ အရင်က ခန့်မှန်းဈေးနှုန်းထက် အတော်များများ ပိုမြင့်နေခဲ့တာကြောင့် ဝယ်ဖို့ပြင်ဆင်ထားကြသူတွေအနေနဲ့ အခက်အခဲဖြစ်နေကြပါတယ်။

တရုတ်နိုင်ငံဈေးကွက်ပေါက်ဈေးကို ပြည်တွင်းဈေးနဲ့ တွက်ချက်မှုအရ RAM 3GB ၊ မင်မိုရီ 32GB ဖုန်းဟာ ကျပ် ၂၃၀၀၀၀ ခန့်နဲ့ RAM 4GB/6GB ၊ မင်မိုရီ 64GB ဖုန်းဟာ ကျပ်သုံးသိန်းခန့်သာ ရှိရမှာဖြစ်ပေမယ့် လက်ရှိ ဈေးကွက်ထဲ စတင်ဝင်ရောက်ချိန်မှာ 32GB ဖုန်းဟာ ကျပ် ၃၃၀၀၀၀ ခန့်အထိ ရှိနေပြီး ခန့်မှန်းဈေးထက် ကျပ်တစ်သိန်းလောက်အထိ ပိုများနေတာဖြစ်ပါတယ်။ 64GB ဖုန်းကလည်း ဆိုင်တွေမှာ ရောင်းချတာကို မတွေ့ရသေးပေမယ့် တကယ်တမ်း ရောင်းချရင် ကျပ်လေးသိန်းအထက်မှာ ရှိနိုင်တာကြောင့် ခန့်မှန်းဈေးထက် ကျပ်တစ်သိန်းကျော်အထိ ပိုများနေဦးမှာဖြစ်ပါတယ်။

Redmi Note 7 စမတ်ဖုန်းဟာ အဓိကအားဖြင့် ၄၈ မဂ္ဂါပစ်ဇယ်နဲ့ ၅မဂ္ဂါပစ်ဇယ် Dual ကင်မရာကြောင့် ကမ္ဘာအနှံ့က Mi ပရိသတ်တွေအပါအဝင် စမတ်ဖုန်းသုံးသူတိုင်းရဲ့ အထူးစိတ်ဝင်စားမှုကို ရခဲ့ပါတယ်။ ဆယ်လ်ဖီကင်မရာကလည်း ၁၃ မဂ္ဂါပစ်ဇယ်ရှိပါတယ်။ မျက်နှာပြင်အကျယ်က ၆ ဒသမ ၃ လက်မရှိလို့ အရွယ်အစားကြီးတဲ့ ဖုန်းမျိုးဖြစ်ပြီး ဆယ်လ်ဖီကင်မရာဟာ ရေစက်ပုံ(Teardrop Notch)အတွင်းမှာ ရှိနေပါတယ်။ Resolution က 1080x2340 pixels ရှိလို့ ရုပ်ထွက်အရည်အသွေး အထူးကောင်းမွန်ပေမယ့် တန်ဖိုးသင့်ဖုန်းဖြစ်တာကြောင့် Screen ကတော့ Super Amoled မဟုတ်ဘဲ LCD display ဖြစ်ပါတယ်။

အန်းဒရွိုက်ဗားရှင်းအနေနဲ့ နောက်ဆုံးထွက် ဗားရှင်းသစ်ဖြစ်တဲ့ 9.0(Pie)ကို MiUI 10 နဲ့ တွဲသုံးထားပါတယ်။ Snapdragon 660 chipset နဲ့ Octa-core CPU တို့ ပါဝင်ပြီး RAM 3GB ၊ မင်မိုရီ 32GB လို့တစ်မျိုး၊ RAM 4GB သို့မဟုတ် 6GB နဲ့ မင်မိုရီ 64GB လို့တစ်မျိုး ခွဲထွက်ထားပါတယ်။ မင်မိုရီကတ်ထပ်စိုက်သုံးရင် 256GB အထိ ထပ်သုံးနိုင်မှာဖြစ်ပေမယ့် ဒုတိယဆင်းကတ်ပေါက်နေရာမှာ ထည့်သုံးရမှာမို့ မင်မိုရီကတ်သုံးရင် ဆင်းကတ်တစ်ကတ်ပဲ သုံးနိုင်မှာဖြစ်ပါတယ်။ မင်မိုရီကတ်မသုံးရင်တော့ GSM ဆင်းကတ်နှစ်ကတ် ထည့်သုံးနိုင်ပြီး ကွန်ရက်အတွက် 4G ကို ထောက်ပံ့ပေးထားပါတယ်။

လက်ဗွေစနစ်ကတော့ ယခင် Xiaomi ဖုန်းအများစုလိုပဲ ဖုန်းကိုယ်ထည်ရဲ့ နောက်ကျောဘက်မှာ ပါဝင်ပြီး USB ချိတ်ဆက်မှုအတွက်တော့ USB 2.0, Type-C ပါဝင်တာကြောင့် ချိတ်ဆက်မှု၊ ဒေတာကူးပြောင်းမှုတွေကို မြန်ဆန်စေမှာဖြစ်ပါတယ်။ ဘက်ထရီပိုင်းမှာလည်း 4000mAh Li-Po ဘက်ထရီ ပါဝင်တာကြောင့် ပမာဏများပြီး စွမ်းရည်မြင့်မားသလို အလျင်အမြန် အားပြန်သွင်းနိုင်မယ့် Quick Charge နည်းပညာလည်း ထည့်သုံးထားပါတယ်။ ကိုယ်ထည်အရောင်အနေနဲ့ အရောင်လေးမျိုး ရနိုင်မှာဖြစ်ပါတယ်။



လက်ရှိအချိန်မှာ ပြည်တွင်းဈေးကွက်ထဲ ဖုန်းအလုံးရေအနည်းငယ်သာ စတင်ဝင်ရောက်ပြီး ရောင်းချနေတဲ့ ဈေးနှုန်းကလည်း နိုင်ငံတကာ ကြော်ငြာဈေးနှုန်းနဲ့ ပြည်တွင်းခန့်မှန်းဈေးနှုန်းထက် အများကြီး ပိုမြင့်နေတဲ့အတွက် ဝယ်လိုသူတွေ အများစုအနေနဲ့ ဈေးကျလာမယ့်အချိန်ကို စောင့်ရတဲ့အခြေအနေ ဖြစ်နေပါတယ်။ ဈေးကွက်ထဲမှာ စိတ်ဝင်စားမှုအလွန်မြင့်တက်နေတဲ့ဖုန်းဖြစ်တာကြောင့် ဈေးကတဖြည်းဖြည်းချင်းသာ လျော့ကျသွားဖို့ရှိပြီး နိုင်ငံတကာကြော်ငြာဈေးနှုန်းအတိုင်း ရနိုင်ဖို့ကတော့ အချိန် သုံးလလောက်အထိ စောင့်ရနိုင်တယ်လို့ ဖုန်းဈေးကွက်အတွင်းက သိရပါတယ်။

**သူရဖြိုး**

---

## Cyber Security Challenge ပြိုင်ပွဲ နောက်ဆုံးအဆင့်အတွက် အသင်း ၂၁ သင်း ရွေးချယ်ခံရ

**ရန်ကုန် ဇန်နဝါရီ ၂၄**
ဇန်နဝါရီ ၂၆ ရက်တွင် နေပြည်တော်၌ကျင်းပမည့် Myanmar Cyber Security Challenge 2019 (University Level)သို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် တက္ကသိုလ်၊ ကောလိပ်အသီးသီးမှ စာရင်းပေးသွင်းခဲ့ကြသည့် အသင်း ၃၅ သင်းအနက် ဆန်ခါတင် ၂၅ သင်းကို စိစစ်နိုင်ရန် ပဏာမဆန်းစစ်ခြင်းကို ဇန်နဝါရီ ၂၀ ရက်က ပြုလုပ်ခဲ့ရာ အသင်း ၂၁ သင်းသည် နောက်ဆုံးအဆင့်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ရွေးချယ်ခြင်းခံခဲ့ရကြောင်း ပြိုင်ပွဲကို ဦးဆောင်ကျင်းပသည့် mmCERT မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

စာရင်းပေးသွင်းခဲ့ကြသည့် အသင်း ၃၅ သင်းအား Reverse Engineering Challenge သုံးခု၊ Problem Solving Challenge နှစ်ခုနှင့် Forensics Challenge တစ်ခုတို့ကို ဖြေဆိုစေခဲ့ရာ အသင်း ၂၁ သင်းမှာ နောက်ဆုံးအဆင့်ပြိုင်ပွဲသို့ ဝင်ခွင့်ရခဲ့ခြင်းဖြစ်ပြီး ကျန်အသင်းများမှာ သတ်မှတ်ချိန်အတွင်း ရမှတ်ရရှိအောင် ဖြေဆိုနိုင်ခဲ့ခြင်းမရှိသဖြင့် ရွေးချယ်ခြင်းမခံရကြောင်း သိရသည်။

ပဏာမဆန်းစစ်ရာတွင် ပြိုင်ပွဲဝင်မည့်အဖွဲ့များထံသို့ Score Server အတွင်း ဝင်ရောက်ရမည့် email များနှင့် password များ၊ Score Server ၏ IP Address တို့ကို ပေးပို့ကာ ပြိုင်ပွဲဝင်များအနေဖြင့် Score Server ဖွင့်လှစ်သည့် ပြိုင်ပွဲအချိန် တစ်နာရီအတွင်း ရရှိထားသော email လိပ်စာနှင့် password တို့ဖြင့် Score Server ထဲသို့ ဝင်ရောက်ကြည့်ရှု၍ မေးခွန်းများကို ဖြေဆိုကြရခြင်းဖြစ်ကြောင်း သိရသည်။

Myanmar Cyber Security Challenge ပြိုင်ပွဲကို သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန (mmCERT)က ကြီးမှူး၍ ကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၌ ၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့တွင်လည်း ကျင်းပခဲ့ကာ ယခု ၂၀၁၉ ခုနှစ်ပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

---

## နိုင်ငံတကာ 5G ဖုန်းခေါ်ဆိုမှုကို အူရီဒူးကာတာနှင့် ကူဝိတ်ကြား ပထမဆုံး အောင်မြင်စွာပြုလုပ်နိုင်

**ရန်ကုန် ဇန်နဝါရီ ၂၄**
ပထမဆုံး နိုင်ငံတကာ 5G ဖုန်းခေါ်ဆိုမှုကို Ooredoo Group က ကာတာနှင့် ကူဝိတ်နိုင်ငံကြား ဇန်နဝါရီ ၂၂ ရက်က အောင်မြင်စွာ လက်တွေ့စမ်းသပ် ခေါ်ဆိုနိုင်ခဲ့ကြောင်းနှင့် ဖုန်းခေါ်ဆိုရာတွင် 5G CPEs နှင့် ချိတ်ဆက်ပြီး 5G ကွန်ရက်အမြန်နှုန်း 1Gbps နှင့်အထက်ကို လက်တွေ့အသုံးပြု ပြသနိုင်ခဲ့ကြောင်း သိရသည်။ ယခုလို ဖုန်းခေါ်ဆိုနိုင်မှုကြောင့် အူရီဒူးကာတာသည် 5G ကွန်ရက်ကို စတင်ဖြန့်ကြက်နိုင်သည့် ကမ္ဘာ့ပထမဆုံးအော်ပရေတာ ဖြစ်လာခဲ့ပြီး အူရီဒူးကူဝိတ်သည်လည်း ၂၀၁၈ ခုနှစ် နှစ်လယ်ပိုင်းက 5G ကွန်ရက်ကို ကနဦးစတင်ခဲ့ပြီးနောက် တိုးတက်မှုများရရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဝန်ဆောင်မှုပေးနေသော အူရီဒူးမြန်မာအနေဖြင့်လည်း မြန်မာ့ပထမဆုံးသော 5G ဆက်သွယ်ရေးဆိုင်ရာ နည်းပညာစင်တာကို ရန်ကုန်နည်းပညာ တက္ကသိုလ်တွင် နိုကီယာနှင့်ပူးပေါင်း၍ စတင်ဖွင့်လှစ်ပေးထားကာ ထိုစင်တာတွင် ပစ္စည်းကိရိယာများ အပြည့်အစုံ တပ်ဆင်ပေးပြီး နောက်ဆုံးပေါ် 5G နည်းပညာကို ကူညီထောက်ပံ့ပေးနိုင်သည့် စလယ်ဆုံး ရေဒီယိုစနစ်ချိတ်ဆက်မှုနှင့် Cloud နည်းပညာများ အပါအဝင် 5G ကွန်ရက်အကြောင်းကို မြန်မာလူငယ်များအား လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။ ပြည်တွင်း၌ 5G ကွန်ရက်ဝန်ဆောင်မှု ပေးအပ်နိုင်ရန်မှာမူ နိုင်ငံတော်အစိုးရ၏ လိုင်းနှုန်းစဉ်ရောင်းချမှုအပေါ်တွင် မူတည်၍သာ ဆက်လက်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇင်ဦး**

---

## ရွေးချယ်စရာအစီအစဉ်များ ပိုမိုပါဝင်သည့် ဒေတာစုဘူးပုံစံသစ်ကို တယ်လီနော မိတ်ဆက်

**ရန်ကုန် ဇန်နဝါရီ ၂၄**
အသုံးပြုသူများအနေဖြင့် ရွေးချယ်နိုင်မည့် ဒေတာအစီအစဉ် ခုနစ်မျိုး ပါဝင်သော ဒေတာစုဘူး ပုံစံသစ်ကို တယ်လီနောက ဇန်နဝါရီ ၂၃ ရက်တွင် စတင်မိတ်ဆက်ခဲ့ပြီး ရွေးချယ်စရာများ ပိုမိုပါဝင်လာသောကြောင့် ဒေတာပမာဏအများအပြား သုံးစွဲသူများသာမက ဒေတာပမာဏအနည်းငယ်သာ အသုံးပြုလေ့ရှိသူများအနေဖြင့်လည်း အဆင်ပြေလာကြောင်း သိရသည်။

ဒေတာစုဘူးပုံစံသစ်အရ တစ်လကြာ အသုံးပြုနိုင်သော ဒေတာ 700 MB ၊ 1GB ၊ 1.5GB ၊ 2.5GB၊ 4GB၊ 6GB နှင့် 15.5GB တို့မှ အဆင်ပြေရာကို ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်ပြီး ဈေးနှုန်းမှာလည်း ယခင် ဒေတာစုဘူးအစီအစဉ်များနှင့် နှိုင်းယှဉ်ပါက အများဆုံး ၄၀ ရာခိုင်နှုန်းအထိ သက်သာကြောင်း၊ ဒေတာစုဘူး ပုံစံသစ်တွင် ယခင်က မိတ်ဆက်ပေးခဲ့သည့် ထပ်တိုး ဝန်ဆောင်မှုများဖြစ်သော ဒေတာအခမဲ့မျှဝေနိုင်ခြင်း၊ လက်ကျန်ဒေတာများကို အချိန်အကန့်အသတ်မရှိ ဆက်လက်သယ်ဆောင်သွားနိုင်ခြင်းနှင့် MyanFlix ကဲ့သို့ အခမဲ့ ဖျော်ဖြေရေးအစီအစဉ်များကို ဆက်လက် ထည့်သွင်းထားကြောင်း၊ ယခင် ဒေတာစုဘူး ပုံစံဟောင်းဖြင့် ဝယ်ထားသော လက်ကျန်ဒေတာများရှိလျှင်လည်း ယခု ဒေတာစုဘူးပုံစံသစ်တွင် ဒေတာအစီအစဉ်တစ်ခုခုကို ဝယ်ယူလိုက်ခြင်းဖြင့် ဆက်လက်အသုံးပြုသွားနိုင်မည် ဖြစ်ကြောင်း သိရသည်။

**ကျော်ဇင်ဦး**

# ပြည်သူနှစ်သန်းကျော်အသုံးပြုနိုင်ရန် ယာဉ်စီးကတ်စနစ် ကုမ္ပဏီတစ်ခုက ဆက်လက်ဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၂၄**
နိုင်ငံတကာတွင် အသုံးပြုလျက်ရှိသည့် ယာဉ်စီးကတ်စနစ်အတိုင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြည်သူ နှစ်သန်းကျော်အသုံးပြုမည့် ယာဉ်စီးကတ်စနစ်ကို အသုံးပြုရန် နောက်ဆုံးပေါ်နည်းပညာဖြင့် ကုမ္ပဏီတစ်ခုကို ရွေးချယ်ခဲ့ပြီး MIC ပါမစ်ရရှိပါက စက်ပစ္စည်းတင်သွင်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘတ်စကား ၄၀၀၀ တွင် အစီးရေ ၂၀၀၀ အားကတ်စနစ် ဦးစွာတပ်ဆင်သွားမည် ဖြစ်ရာ ကုမ္ပဏီက ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့ခရီးသွားပြည်သူ နှစ်သန်းကျော်နှင့် ယာဉ်လိုင်းကုမ္ပဏီများ အဆင်ပြေချောမွေ့စေရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကတ်စနစ်အသုံးပြုရာတွင် ကုမ္ပဏီပေါင်း ၅၆ ခုမှ ၁၄ ခုကို ရွေးချယ်ခဲ့ပြီး ထိုကုမ္ပဏီ ၁၄ ခုမှ သုံးခုကို ရွေးချယ်ခဲ့ကာ အကောင်းဆုံးကုမ္ပဏီတစ်ခုကို ထပ်မံရွေးချယ်ရာတွင် အေးရှားစတန်မာ ကုမ္ပဏီကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

"MIC ပါမစ် ဒီတစ်လတည်းမှာ ရလိမ့်မယ်လို့ ပြည်ထောင်စုကနေ အသိပေးထားပါတယ်။ ပါမစ်ရတာနဲ့ ကုမ္ပဏီက စက်ပစ္စည်းတင်သွင်းမယ်။ ဒီမှာရှိတဲ့ ဘတ်စကား ၄၀၀၀ မှာ အစီးရေ ၂၀၀၀ ကို အမြန်ဆုံးတပ်ဆင်မှာပါ။ တပ်ဆင်ပြီး ၅ လပိုင်း ၆ လပိုင်းဆိုရင် ယာဉ်အစီးရေ ၂၀၀၀ တပ်ဆင်ပြီးမယ်လို့ မျှော်မှန်းထားပါတယ်။ တပ်ဆင်ပြီးသွားရင်တော့ ပြည်သူတွေ ကတ်စနစ်ကို စတင်ကျင့်သုံးနိုင်ပါပြီ။ ကုမ္ပဏီနဲ့ ခြောက်နှစ်စာချုပ်ချုပ်ဆိုထားပါတယ်။ ကုမ္ပဏီရဲ့ လုပ်ဆောင်မှုအပေါ် မူတည်ပြီး တစ်နှစ် သက်တမ်းတိုးမှာပါ" ဟု YRTA ၏ (၂) နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားတွင် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပန်းသဇ္ဇာမျိုးက ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကုမ္ပဏီနှင့် ခြောက်နှစ်ဆောင်ရွက်မှုအပေါ် တစ်နှစ် သက်တမ်းတိုးမည်ဖြစ်ပြီး တင်ဒါခေါ်ယူစဉ်က ငါးနှစ်သက်တမ်းတွင် နှစ်နှစ်သက်တမ်းတိုးနိုင်မည်ဟု အသိပေးခဲ့သော်လည်း MIC ဥပဒေအရ ငါးနှစ်အထက်သာ MIC ကို လျှောက်နိုင်သောကြောင့် ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုသည် နောက်ဆုံးပေါ်စက်ပစ္စည်းများကို တပ်ဆင်မည်ဖြစ်၍ ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးလာမှုအရ ကုမ္ပဏီ၏ သက်တမ်းအား ခြောက်နှစ်၊ သက်တမ်းတိုး တစ်နှစ်ဖြင့် ခုနစ်နှစ်စာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၄-၁-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၁၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၁၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၂၀/၈၉၀ ကျပ် | ၉၀၀/၉၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၃၀/၉၀၀ ကျပ် | ၉၁၅/၉၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၆၅၀/၇၁၀ ကျပ် | ၇၄၅/၇၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၃၅/၇၉၀ ကျပ် | ၈၄၀/၈၅၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၃၇ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၄၉ · ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၃၁ · ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၀၉ · ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၀၄ · ၀ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၆ · ၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၆ · ၄၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၅၉၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၆ · ၂၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၁ · ၅၃ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ · ၅၀၁ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပန်းချီဆရာ ၅၁ ဦး၏ "အိပ်မက်ကာရံ" အမည်ရ ပန်းချီပြပွဲ ရန်ကုန်တွင် ကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၄**
ပန်းချီဆရာ ၅၁ ဦး၏ RHYTHM OF DREAM (အိပ်မက်ကာရံ) အမည်ရ ပန်းချီပြပွဲကို ဇန်နဝါရီ ၂၇ ရက်မှ ၃၁ ရက်အထိ ရန်ကုန်မြို့ အမှတ် ၃၁/E-2 မင်္ဂလာလမ်း နံ့သာကုန်းရပ် အင်းစိန်ရှိ Artissmile Art Gallery တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပန်းချီပြပွဲတွင် မန္တလေးမြို့မှ ပန်းချီဆရာများနှင့် ရန်ကုန်ပန်းချီဆရာများ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ပြခန်းတွင် ပြသမည့်ပန်းချီကားများမှာ ပန်းချီဆရာ ၅၁ ဦး၏ ပန်းချီကား ၁၀၂ ကား ပြသမည်ဖြစ်ကာ ရေဆေး၊ ဆီဆေး အခရိုင်းလစ်၊ ခဲ၊ medium အမျိုးအစားများ ပါဝင်ပြီး မည်သူမဆို လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ "လက်ရာစုံ၊ ရသစုံ ပန်းချီဆရာတွေရဲ့ မတူညီတဲ့ ဟန်တွေကို ခံစားဖလှယ်ခွင့်ရတာ အတိုင်းမသိ ပီတိဖြစ်ရပါတယ်။ နောက်နောင်ကို ပန်းချီလောက ရှင်သန်ထက်မြက်စေရေးအတွက် ဒီထက်မက ပူးပေါင်းဆောင်ရွက်နိုင်ပါစေလို့ မျှော်လင့်ပါတယ်" ဟု ပန်းချီဆရာ စိုးဝင်း "ပန်းချီရွှေလက်ရာ" က ပြောသည်။

အဆိုပါ ပန်းချီပြပွဲကို မန္တလေးတွင် ဇန်နဝါရီ ၅ ရက်မှ ၉ ရက်အထိ မန္တလေး ရွှေနန်းတော် ပန်းချီပြခန်း၌ ပြသခဲ့ပြီး ယခု ရန်ကုန်မြို့တွင် ဒုတိယအကြိမ်ပြသခြင်း ဖြစ်ကြောင်းလည်း သိရသည်။

**ခင်ခင်ဝင်း (ပညာရေး)**



အိပ်မက်ကာရံပန်းချီပြပွဲအတွက် ပြင်ဆင်ထားသည်ကို တွေ့ရစဉ်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန





နေပြည်တော် **Hilton Hotel** တွင် ဇန်နဝါရီ ၂၀ ရက်က အိမ်ထောင်သည်အမျိုးသမီးများ Miss ပြိုင်ပွဲ **Miss Planet 2019 & Mrs Queen Eurasia Myanmar 2019 (Nay Pyi Taw)** ကို ကျင်းပရာ အိမ်ထောင်သည်အမျိုးသမီး ခြောက်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြစဉ်။ ကိုကိုရှုပ (နေပြည်တော်)

# မူဆယ်မြို့၌ မြို့နယ်လုံးဆိုင်ရာ ဓမ္မစကူးလ်စုံညီပွဲတော် ကျင်းပ

**မူဆယ် ဇန်နဝါရီ ၂၄**
မူဆယ်မြို့နယ်လုံးဆိုင်ရာ ဒုတိယအကြိမ်မြောက် ဓမ္မစကူးလ်စုံညီပွဲတော်ကို မူဆယ်မြို့ မိုးလုံလေလုံအားကစားရုံ၌ ဇန်နဝါရီ ၂၀ ရက်က ကျင်းပရာ ပြည်နယ်သံဃာ့ဝန်ဆောင်၊ မူဆယ်မြို့ အသောကရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒာဝရက ဩဝါဒချီးမြှင့်မိန့်ကြားတော်မူပြီး ဓမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို) အတွင်းရေးမှူး (၁) ဆရာတော် ဒေါက်တာဉာဏဝံသက ဓမ္မစကူးလ်အကြောင်း သိကောင်းစရာများကို မိန့်ကြားတော်မူခဲ့သည်။ ယင်းနောက် ရှမ်းပြည်နယ်မြောက်ပိုင်း ဓမ္မစကူးလ်ကော်မတီ ဥက္ကဋ္ဌ၊ ကျောက်မဲမြို့ တိလင်ပရိယတ္တိစာသင်တိုက် (တိုက်အုပ်) ဆရာတော် ဘဒ္ဒန္တဝါသဝက ဩဝါဒတရားချီးမြှင့်တော်မူပြီး (ဗဟို) အတွင်းရေးမှူး (၁) ဆရာတော်က ကျောင်းအသိအမှတ်ပြုလွှာနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း ဓမ္မစကူးလ်ကော်မတီ ဥက္ကဋ္ဌဆရာတော်နှင့် မြို့နယ်ဓမ္မစကူးလ်ဥက္ကဋ္ဌ ဦးမောက်ဇော်တို့က ဝေယျာဝစ္စကုသိုလ်ရှင် ပရဟိတအသင်းများ၊ သင်ကြားရေးဆိုင်ရာ ဆရာ ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ပေးအပ်ခဲ့သည်။

**ဉာဏ်မင်း (နမ့်ခမ်း)**

# ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်း(ယခု လက်ထောက်ညွှန်ကြားရေးမှူး လင်းခေးခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန)၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသာလှ၊ သဲကုန်းမြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးခင်ဇော်တို့အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၂၄**
ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် အင်းမမြို့နေ နစ်နာသူတို့က သဲကုန်းမြို့နယ် အင်းမမြို့ သီရိကန်သာရပ်ကွက်ရှိ အုတ်လုပ်ငန်းရှင်များထံမှ အုတ်ထုတ်လုပ်မှုအတွက် ငွေများကောက်ယူပြီး လိုင်စင်ထုတ်မပေးဘဲ ကိုယ်ကျိုးရယူသုံးစွဲနေသည့် သဲကုန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးလွင်မင်းအား အရေးယူပေးပါရန် ဤကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း ခါတ်သတ္တုထုတ်လုပ်ခွင့် လုပ်ငန်းလိုင်စင် ပြုလုပ်ရန်အတွက် မြေစာရင်းပုံစံ (၁၀၅)/(၁၀၆) ရရှိရေး ဆောင်ရွက်ရာတွင် သဲကုန်းမြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးခင်ဇော်သည် ဥပဒေနှင့်အညီ ရထိုက်ခွင့်မရှိသော ငွေကျပ် ၆၅၀၀၀၀ ကို လက်ခံရယူခဲ့ခြင်း၊ ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးလွင်မင်းသည် မြေနီလုပ်ငန်းရှင်ထံမှ ငွေကျပ် ၃၇ သိန်းကို လက်ခံရယူခဲ့ခြင်းနှင့် ၂၀၁၇-၂၀၁၈ အုတ်ဖုတ်ရာသီအတွင်း လိုင်စင်လျှောက်ထားသူ လုပ်ငန်းရှင်များထံမှ ခါတ်သတ္တုခွန်အဖြစ် ဥပဒေနှင့်အညီ ရထိုက်ခွင့်မရှိသော ငွေကျပ် ၂၂၄၄၀၀၀ ကို ရယူခဲ့ခြင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသာလှ သည် ၂၀၁၇-၂၀၁၈ အုတ်ဖုတ်ရာသီအတွင်း လိုင်စင်လျှောက်ထားသူ လုပ်ငန်းရှင်များထံမှ ကောက်ခံရရှိငွေများအနက် ငွေကျပ် ရှစ်သိန်းနှင့် ၂၀၁၈ ခုနှစ်အတွင်း ကွင်းဆင်းကောက်ခံရာမှ ရရှိငွေကျပ် လေးသိန်းတို့ကို ရယူခဲ့ခြင်းတို့သည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိ လိုက်စားကြခြင်းဖြစ်သဖြင့် ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးလွင်မင်း၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းသာလှနှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးခင်ဇော်တို့အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆ အရ သဲကုန်းမြို့မရဲစခန်းတွင် ယနေ့ ရက်စွဲဖြင့် ပထမသတင်းပေး တိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခါတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# အာဆင်နယ်ကို မန်ယူဘယ်လိုရင်ဆိုင်မလဲ

● ဝေမိုးဆက်





အက်ဖ်အေဖလား စတုတ္ထအဆင့်ပွဲစဉ်များကို လာမယ့် ဇန်နဝါရီ ၂၆၊ ၂၇၊ ၂၈၊ ၂၉ ရက်တွေမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ပရီမီယာလိဂ်အသင်းတွေ ထိပ်တိုက်တွေ့ဆုံတဲ့ပွဲစဉ်တွေ ပါဝင်နေပြီး အာဆင်နယ်နဲ့ မန်ယူပွဲစဉ်ကတော့ ပွဲကြီးပွဲကောင်းတစ်ပွဲအဖြစ် စိတ်ဝင်စားစရာကောင်းလာမှာဖြစ်ကာ ဘယ်အသင်းတွေ နောက်တစ်ဆင့်တက်သွားနိုင်မလဲဆိုတာ ရင်ခုန်စရာကောင်းလာဦးမှာ သေချာနေသလို ချယ်လ်ဆီးအနေနဲ့လည်း ၂၀၀၀ ပြည့်နှစ်က ရှုံးကြွေးကို ပြန်ဆပ်နိုင်မလား စောင့်ကြည့်ရမယ်။

## အာဆင်နယ် Vs မန်ယူ

နောက်ဆုံးဆုံတွေ့မှု - မန်ယူ ၂-၂ အာဆင်နယ်

ကစားမည့်အချိန် နံနက် ၂း၁၅ (၂၆-၁-၁၉) Emirates Stadium

လက်ရှိမှာ ခြေစွမ်းကောင်းနေတဲ့အသင်းနှစ်သင်းဖြစ်ပြီး အကြိတ်အနယ်ရှိမယ့်ပွဲဖြစ်လာနိုင်ပါတယ်။ အာဆင်နယ်ကလည်း အသင်းရဲ့အားထားရတဲ့ကစားသမားတွေ ပွဲထွက်စေမှာဖြစ်ပေမယ့်လည်း ဘယ်လာရင်ဒဏ်ရာရသွားလို့ ခံစစ်ပိုင်းအားနည်းမှုသာမက တိုက်စစ်ပိုင်းကို လိုက်ပါကစားနိုင်မှုမှာပါ အားနည်းသွားနိုင်ပါတယ်။ မန်ယူကလည်း အဝေးကွင်းဖြစ်နေလို့ စပါးနဲ့ပွဲကလို ပြိုင်ဘက်ရဲ့အမှားကိုစောင့်ကစားနိုင်တယ်။ မန်ယူကပ်နိုင်မယ်။

## ချယ်လ်ဆီး Vs ရှက်ဖီးလ်

နောက်ဆုံးဆုံတွေ့မှု - ရှက်ဖီးလ် ၁-၀ ချယ်လ်ဆီး

ကစားမည့်အချိန် နံနက် ၀၀း၃၀ (၂၈-၁-၁၉) Stamford Bridge

ချယ်လ်ဆီးဟာဒီပြိုင်ပွဲကို အာရုံစိုက်ကစားနေတာကြောင့် အဓိကကစားသမားအစုံအလင်နဲ့ ပွဲထွက်လာဦးမှာပါ။ ရှက်ဖီးလ်ဝင့်စဒေးကလည်း လိဂ်ချန်ပီယံရှစ်မှာ ခြေစွမ်းမာကျောမှုရှိနေတာကို သတိပြုရပါမယ်။ ဒါပေမယ့် အခုကစားမှာက ချယ်လ်ဆီးရဲ့ အိမ်ကွင်းဖြစ်နေပါတယ်။ ချယ်လ်ဆီးအနေနဲ့ ၂၀၀၀ ပြည့်နှစ်အက်ဖ်အေဖလားပွဲမှာ ရှက်ဖီးလ်ကို အရေးနိမ့်ခဲ့ရပေမယ့် ဒီပွဲမှာတော့ နိုင်ပွဲပြန်လည်ရယူသွားနိုင်မှာပါ။

## ဘရိုက်တန် Vs ဝက်စ်ဘရွန်း

နောက်ဆုံးဆုံတွေ့မှု - ဝက်စ်ဘရွန်း ၂-၀ ဘရိုက်တန်

ကစားမည့်အချိန် ည ၉း၃၀ (၂၆-၁-၁၉) The American Express

ဘရိုက်တန်အသင်းဟာ ပရီမီယာလိဂ်မှာ ခြေစွမ်းမာကျောတဲ့အသင်း တစ်သင်းဖြစ်တယ်။ ပရီမီယာလိဂ်အတွင်း အသင်းကြီးတွေကို ယှဉ်ကစားဖို့ အနည်းငယ်ခက်ခဲပေမယ့်လည်း ဘရိုက်တန် ရဲ့ ခြေစွမ်းကမာကျောမှုရှိတယ်လို့ဆိုရမှာဖြစ်တယ်။ ဝက်စ်ဘရွန်းကလည်း ပရီမီယာလိဂ်ပြိုင်ပွဲနဲ့ရင်းနှီးတဲ့အသင်းဖြစ်ပြီး ကစားသမားကောင်းအချို့ရှိနေသေးပါတယ်။ ဒါပေမယ့် အိမ်ရှင်အားသာချက်ရှိနေတဲ့ ဘရိုက်တန်ကသာနိုင်ပွဲကပ်ရဖို့ရှိပါတယ်။

## ကာဆယ် Vs ဝက်ဖို့ဒ်

နောက်ဆုံးဆုံတွေ့မှု - ဝက်ဖို့ဒ် ၁-၁ ကာဆယ်

ကစားမည့်အချိန် ည ၉း၃၀ (၂၆-၁-၁၉) St. James' Park

ပရီမီယာလိဂ်ကလပ်တွေ ထိပ်တိုက်တွေ့ဆုံတဲ့ပွဲစဉ်တစ်ပွဲဖြစ်နေလို့ အကြိတ်အနယ်ရှိလာဦးမှာပါ။ ဒါ့အပြင် ဒီနှစ်သင်းဟာ လက်ရှိပရီမီယာလိဂ်ပြိုင်ပွဲမှာလည်း ခြေစွမ်းကွာဟမှုကျဉ်းမြောင်းနေတဲ့အသင်းတွေဖြစ်ပြီး နောက်ဆုံးဆုံတွေ့မှုမှာ တစ်ဂိုးစီသရေကျထားခဲ့ပါတယ်။ အခုပွဲမှာတော့ အိမ်ရှင်အားရှိနေတဲ့ နယူးကာဆယ်တို့ နိုင်ပွဲကပ်ရနိုင်တယ်။

## မန်စီးတီး Vs ဘန်လေ

နောက်ဆုံးဆုံတွေ့မှု - မန်စီးတီး ၅-၀ ဘန်လေ

ကစားမည့်အချိန် ည ၉း၃၀ (၂၆-၁-၁၉) Etihad Stadium

မန်စီးတီးတို့နောက်ဆုံးကစားခဲ့တဲ့ အက်ဖ်အေဖလားပွဲမှာ ကစားသမားအပြောင်းအလဲအနည်းငယ်နဲ့ပွဲထွက်လာခဲ့ပါတယ်။ ဒီပွဲမှာလည်း မန်စီးတီးတို့ လူစုံအသုံးပြုဖို့ဆိုတာ ခက်ခဲနေပါတယ်။ အထူးသဖြင့် ဘန်လေကလည်းအခုနောက်ပိုင်းမှာ ခြေစွမ်းမာကျောမှုပြန်ရနေတာကို သတိပြုရမှာဖြစ်တယ်။ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း မန်စီးတီးတို့အိမ်ကွင်းမှာ ကစားခဲ့ရတုန်းကတော့ ဂိုးပြတ်နိုင်ခဲ့ပေမယ့် ဒီပွဲမှာတော့ ဂိုးပြတ်နိုင်ဖို့ခက်ပါတယ်။

## ဝင်ဘယ်ဒန် Vs ဝက်စ်ဟမ်း

နောက်ဆုံးဆုံတွေ့မှု - ဝင်ဘယ်ဒန် ၁-၃ ဝက်စ်ဟမ်း

ကစားမည့်အချိန် နံနက် ၂း၁၅ (၂၇-၁-၁၉) Cherry Red Records

ဝင်ဘယ်ဒန်အသင်းဟာ အင်္ဂလန်လိဂ်ဝမ်းပြိုင်ပွဲမှာ အမှတ်ပေးဇယားအောက်ဆုံးမှာ ကျရောက်နေပြီး ခံစစ်ပိုင်းအားနည်းတဲ့ အသင်းဖြစ်တယ်။ ဝက်စ်ဟမ်းကတော့ ပရီမီယာလိဂ်မှာ ခြေစွမ်းကောင်းရရှိနေပြီး တိုက်စစ်ထက်မြက်တဲ့အသင်းဖြစ်တယ်။ ခြေစွမ်းပိုင်းအနည်းငယ်ကွာဟနေတာကြောင့် အဝေးကွင်းဖြစ်ပေမယ့် ဝက်စ်ဟမ်းကသာ ပွဲကိုဖိအားပေးကစားပြီး ဂိုးပြတ်နိုင်ပွဲရသွားမှာပါ။

## မီလ်ဝေါလ် Vs အဲဗာတန်

နောက်ဆုံးဆုံတွေ့မှု - အဲဗာတန် ၁-၀ မီလ်ဝေါလ်

ကစားမည့်အချိန် နံနက် ၀၀း၀၀ (၂၇-၁-၁၉) The Den

မီလ်ဝေါလ်အသင်းဟာ လိဂ်ချန်ပီယံရှစ် ပြိုင်ပွဲမှာ အဆင့် ၂၀ အထိ ကျရောက်နေပြီး ရလဒ်ကောင်းတွေရဖို့ခက်ခဲနေတဲ့အသင်း ဖြစ်တယ်။ အသင်းလိုက်ခြေစွမ်းပိုင်းလည်း အားနည်းမှုတွေရှိနေပါတယ်။ အဲဗာတန်ကတော့ ပရီမီယာလိဂ်မှာ ကျစ်လျစ်တဲ့ခြေစွမ်းတစ်ခုရှိနေပြီး တိုက်စစ်ကစားပုံလည်း ထက်မြက်တဲ့အသင်းဖြစ်တယ်။ ဒီပွဲကို အဲဗာတန်တို့အာရုံစိုက်ကစားမှာ ဖြစ်လို့ နိုင်ပွဲရသွားမှာပါ။

## ပဲလေ့စ် Vs စပါး

နောက်ဆုံးဆုံတွေ့မှု - ပဲလေ့စ် ၀-၁ စပါး

ကစားမည့်အချိန် ည ၁၀း၃၀ (၂၇-၁-၁၉) Selhurst Park

ပဲလေ့စ်တို့ ခြေစွမ်းမာကျောမှုရှိနေတာကြောင့် စပါးကို အိမ်ကွင်းမှာ ပြန်လည်ဖိအား ပေးကစားနိုင်ဦးမှာပါ။ စပါးရဲ့တိုက်စစ်မှာ ဆွန်ဟောင်မင်မရှိတာကြောင့် တိုက်စစ်ကစားပုံအားနည်းသွားနိုင်ပါတယ်။ အထူးသဖြင့် စပါးဟာ ပဲလေ့စ်ကွင်းမှာ ရှုံးကန်ရတတ်တဲ့အစဉ်အလာ ရှိတတ်ပါတယ်။ ဒါကြောင့်လည်း စပါးနိုင်ရင်တောင် မပြတ်သားဘူး။

# လူမှုရေးစာမျက်နှာအကောင့် တစ်ခုအား တိုက်စစ်မှူး ဆာလက် ဖျက်သိမ်း

ထက်အောင်

လီဗာပူးနှင့် အီဂျစ်တိုက်စစ်မှူး မိုဟာမက်ဆာလက်သည် သူ၏ Twitter စာမျက်နှာတွင် နားလည်ရန် ခက်သည့် ပို့စ်တစ်ခုကို ဖော်ပြခဲ့ပြီးနောက် အဆိုပါ Twitter အကောင့်အား ဖျက်သိမ်းခဲ့ခြင်းကြောင့် ပရိသတ်များအကြား အံ့အားသင့်မှုများ ဖြစ်ပေါ်ခဲ့ရကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

တိုက်စစ်မှူး ဆာလက်သည် သူ၏ Twitter အကောင့်အား မဖျက်သိမ်းမီတွင် အဆိုပါ စာမျက်နှာ၌ "စစ်မှန်မှုကို ထိတွေ့ရမယ့်အချိန်"ဟု ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဆာလက်၏ လုပ်ဆောင်ချက်နှင့်ပတ်သက်၍ ပရိသတ်များအကြား ကွဲပြားသည့် ထင်မြင်ယူဆချက်များ ထွက်ပေါ်လျက်ရှိသည်။ အသက် ၂၆ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဆာလက်သည် အစောပိုင်းကလည်း သူ၏ Instagram အကောင့်ကို ဖျက်သိမ်းထားသူဖြစ်သည်။

တိုက်စစ်မှူး ဆာလက်အနေဖြင့် ယခုကဲ့သို့ Twitter အကောင့်အား ဖျက်သိမ်းခဲ့ခြင်းမှာ သူ၏ ပုံရိပ်အသုံးပြုမှုနှင့် ပတ်သက်၍ အီဂျစ်ဘောလုံးအဖွဲ့ချုပ်နှင့် အငြင်းပွားနေမှုကြောင့်ဖြစ်နိုင်သည်ဟု ပရိသတ်အချို့က ယူဆလျက်ရှိသည်။ ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလား ပြိုင်ပွဲကာလအတွင်းတွင် တိုက်စစ်မှူး ဆာလက်၏ ခွင့်ပြုချက်မရှိဘဲ ၎င်း၏ ရုပ်ပုံအား WE ကုမ္ပဏီက စပွန်ဆာပေးထားသည့် အီဂျစ်လက်ရွေးစင်အသင်း လေယာဉ်ပေါ်တွင် အီဂျစ်ဘောလုံးအဖွဲ့ချုပ်က ဖော်ပြခဲ့ပြီးနောက် ဆာလက်နှင့် အီဂျစ်ဘောလုံးအဖွဲ့ချုပ်တို့အကြား ပုံရိပ်အသုံးပြုမှုနှင့်ပတ်သက်၍ အငြင်းပွားမှုများ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ တိုက်စစ်မှူး ဆာလက်သည်WE ကုမ္ပဏီ၏ အဓိကပြိုင်ဘက် ကုမ္ပဏီတစ်ခုဖြစ်သည့် Vodafone ကုမ္ပဏီနှင့် စပွန်ဆာစာချုပ်ချုပ်ဆိုထားသူဖြစ်သည်။ ပရိသတ်အများစုကမူ တိုက်စစ်မှူး ဆာလက်သည် လူမှုရေးစာမျက်နှာများ အသုံးပြုခြင်းဖြင့် အချိန်မဖြုန်းတော့ဘဲ လက်တွေ့ဘဝအပေါ်တွင်သာ အာရုံစိုက်ရန်အတွက် ရိုးရှင်းသည့် ဆုံးဖြတ်ချက်ဖြင့် သူ၏ Twitter အကောင့်ကို ဖျက်သိမ်းခဲ့ခြင်းဖြစ်လိမ့်မည်ဟု ယုံကြည်ယူဆထားသည်။

တိုက်စစ်မှူး ဆာလက်သည် ယခုနှစ်ဘောလုံးရာသီ၌ လီဗာပူးအသင်းအတွက် စုစုပေါင်း ၃၁ ပွဲ ပါဝင်ကစားပြီးချိန်တွင် ၁၉ ဂိုး သွင်းယူထားကာ လီဗာပူးအသင်း၏ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နေသူဖြစ်သည်။



**ဆာလက်အနေဖြင့် ယခုကဲ့သို့ Twitter အကောင့်အား ဖျက်သိမ်းခဲ့ခြင်းမှာ သူ၏ ပုံရိပ်အသုံးပြုမှုနှင့်ပတ်သက်၍ အီဂျစ်ဘောလုံးအဖွဲ့ချုပ်နှင့် အငြင်းပွားနေမှုကြောင့်ဖြစ်နိုင်သည်ဟု ပရိသတ်အချို့က ယူဆလျက်ရှိသည်။**

ကမ္ဘာ့ဘောလုံးလောကမှာတော့ ထူးချွန်တဲ့အမေရိကန်ကစားသမားတွေဖြစ်တဲ့ ဒိုနိုဗန်၊ ဒမ်ဆေးနဲ့တင်ဟောင်းဝတ်တို့ကို ဘောလုံးပရိသတ်တိုင်းက သိရှိထားပြီး ဖြစ်ပါတယ်။ အခုတော့ သူတို့လိုပဲ ဘောလုံးပရိသတ်တွေရဲ့အာရုံကို ဖမ်းစားနိုင်မယ့် အမေရိကန်ဘောလုံးသမားတစ်ဦးရှိနေခဲ့ပြီ ဖြစ်ပါတယ်။ သူကတော့ ပူလီဆစ်ဖြစ်ပါတယ်။ အခုဆိုရင်လည်း ပရီမီယာလိဂ် ထိပ်တန်းကလပ်အသင်းဖြစ်တဲ့ ချယ်လ်ဆီးအသင်းက အသက် ၂၀ သာရှိနေသေးတဲ့ အမေရိကန်ကွင်းလယ်ကစားသမား ပူလီဆစ်ကို ဒေါ့မွန်အသင်းကနေ ပေါင် ၅၈ သန်းနဲ့ခေါ်ယူထားခဲ့ပြီးဖြစ်ပါတယ်။ ဒီအပြောင်းအရွှေ့ဟာ ဇန်နဝါရီဈေးကွက်စတင်ချိန် ကတည်းက အပြီးသတ်ခဲ့တာဖြစ်ပြီး အမေရိကန်ကစားသမားတွေထဲမှာတော့ ဈေးအကြီးဆုံးပြောင်းရွှေ့မှုတစ်ခုလည်း ဖြစ်ခဲ့ပါတယ်။

# ချယ်လ်ဆီးအသင်းရဲ့ အနာဂတ်ကြယ်ပွင့်ဖြစ်လာမယ့် ပူလီဆစ်ရဲ့ထူးခြားချက်များကို ရှာဖွေကြည့်ခြင်း

**အောင်က**



ဒါပေမယ့် ချယ်လ်ဆီးအသင်းပရိသတ်တွေအနေနဲ့ကတော့ ပူလီဆစ်ကို လက်ရှိရာသီအတွင်း တွေ့မြင်ရဖို့မရှိသေးဘူးလို့ ဆိုရမှာပါ။ အဲဒါကတော့ ပူလီဆစ်ဟာ ရာသီကုန်အထိ ဒေါ့မွန်အသင်းမှာဆက်လက်ရှိနေမှာဖြစ်တာကြောင့် ဖြစ်ပါတယ်။ ပူလီဆစ်ဟာ အသက် ၂၀ သာရှိနေသေးပေမယ့် သူ့ရဲ့ခြေစွမ်းကတော့ ထိပ်တန်းအသင်းကြီး တော်တော်များများက သတိထားမိကြပြီး ဘယ်ခြေရော၊ ညာခြေကိုပါကျွမ်းကျင်ပိုင်နိုင်စွာအသုံးချနိုင်သူ တစ်ဦးဖြစ်ပါတယ်။ ဒါကြောင့် လာမယ့်နွေရာသီမှာ ချယ်လ်ဆီးအသင်းကစားသမားသစ်ဖြစ်လာမယ့်ပူလီဆစ်နဲ့ပတ်သက်ပြီး ထူးခြားချက်အချို့ကို ပရိသတ်တွေကို ဝေမျှလိုက်ပါတယ်။

## ဘောလုံးမိသားစု

ပူလီဆစ်ရဲ့ ဘောလုံးစွမ်းရည်တွေနဲ့ပတ်သက်ပြီး အံ့သြကောင်းအံ့သြကြမှာပါ။ ဒါပေမယ့် တကယ်တော့ ပူလီဆစ်ဟာ ဘောလုံးနဲ့ပတ်သက်ရင် အကျွမ်းတဝင်ရှိပြီးသားဖြစ်တဲ့ မိဘနှစ်ပါးကနေ မွေးဖွားခဲ့တဲ့သူဖြစ်ပါတယ်။ သူ့ရဲ့မိဘတွေဖြစ်တဲ့ မက်နဲ့ကေလီတို့ဟာ ဂျော့မာဆင်တက္ကသိုလ်အသင်းတွေမှာ ကစားခဲ့ကြတဲ့သူတွေဖြစ်ပါတယ်။ သူ့ရဲ့ဖခင်ဖြစ်သူ မက်ကတော့ နည်းပြအဖြစ်မလုပ်ကိုင်ခင်မှာ ပရော်ဖက်ရှင်နယ်ကစားသမားအဖြစ်ကစားခဲ့ပါသေးတယ်။ ဒါကြောင့်လည်း ပူလီဆစ်ဟာ ဘောလုံးစွမ်းရည်တွေနဲ့ပတ်သက်ပြီး ပြည့်ဝနေပြီသားလို့ပြောရမယ့် မိသားစုကနေ ပေါက်ဖွားလာခဲ့တာ ဖြစ်ပါတယ်။ ဒါ့အပြင် သူ့ရဲ့ညီဝမ်းကွဲဖြစ်သူ ဝီလ်ကလည်း ဒေါ့မွန်ယူ-၁၇ အသင်းမှာ ဂိုးသမားအဖြစ်ကစားနေသလို အမေရိကန်ယူ-၁၇ လက်ရွေးစင်အသင်းမှာလည်း ကစားနေခဲ့သူဖြစ်ပါတယ်။

## ချောကလက်မြို့တော်မှာ ကြီးပြင်းခဲ့သူ

ပူလီဆစ်ဟာ အမေရိကန်ရဲ့ချောကလက်မြို့တော်လို့ ထင်ရှားတဲ့ ဟာရှေးမြို့မှာမွေးဖွားကြီးပြင်းခဲ့သူ ဖြစ်ပါတယ်။ ဟာရှေးမြို့ဟာကမ္ဘာကျော် ချောကလက်တွေ၊ သကြားလုံးတွေထုတ်တဲ့ ဟာရှေးကုမ္ပဏီလည်း တည်ရှိတာဖြစ်ပါတယ်။ ဒါကြောင့်လည်း ပူလီဆစ်ရဲ့ကစားဟန်တွေဟာ ချိုမြိန်ပြီး နှစ်လိုဖွယ်ကောင်းနေတာလားဆိုတာက စဉ်းစားစရာလို့ပြောရမှာပါ။

ဒါ့အပြင် ချောကလပ်နဲ့ပူလီဆစ်တို့ကြားက ဆက်နွှယ်ပတ်သက်မှုတစ်ခုလေလားလို့ စဉ်းစားစရာကောင်းတဲ့အချက်လည်း ရှိနေပါသေးတယ်။ အဲဒါကတော့ ပူလီဆစ်ဟာ Sweet 16 လို့ ခေါ်တဲ့ အသက် ၁၆ နှစ်အရွယ်မှာ ဒေါ့မွန်အသင်းကို ပြောင်းရွှေ့ခဲ့တာ ဖြစ်ပါတယ်။ အခုတော့သူဟာ စိတ်ကူးယဉ်အိပ်မက်တွေကို အကောင်အထည်ဖော်ဖို့အတွက် ပရီမီယာလိဂ်ကို ပြောင်းရွှေ့ကစားခွင့်ရရှိတော့မှာဖြစ်ပါတယ်။

ဒါပေမယ့် တကယ်တမ်းပြောကြကြေးဆိုရင် ပူလီဆစ်ဟာချိုမြိန်လွန်းတဲ့ မြို့ကနေမွေးဖွားကြီးပြင်းခဲ့ပေမယ့် သူ့ရဲ့ပရော်ဖက်ရှင်နယ်ကစားသမားဘဝကတော့ ခက်ခဲကြမ်းတမ်းမှုတွေ ရှိခဲ့တယ်လို့ ဆိုရမှာပါ။ သူဟာ ဒေါ့မွန်အသင်းမှာ ပုံမှန်ကစားခွင့်ရဖို့အတွက် ခက်ခဲကြမ်းတမ်းမှုတွေကိုတော့ ရင်ဆိုင်ခဲ့ရသူဖြစ်ပါတယ်။

## လက်ရွေးစင်အသင်းနှင့်အတူ သမိုင်းမှတ်တိုင်စိုက်ထူနိုင်သူ

ပူလီဆစ်ဟာ ခရိုအေးရှားနွယ်ဖွား မိဘတွေကနေမွေးဖွားခဲ့သူ ဖြစ်တာကြောင့် ခရိုအေးရှားလက်ရွေးစင်အသင်းမှာ ကစားခွင့်ရှိပါတယ်။ ဒါပေမယ့်သူက သူမွေးဖွားရာ အမေရိကန်အတွက် အမေရိကန်လက်ရွေးစင်အသင်းမှာပဲ ကစားဖို့ ရွေးချယ်ခဲ့ပါတယ်။ သူ့ရဲ့ရွေးချယ်မှုကြောင့်ပဲ သူဟာ အမေရိကန်အသင်းအတွက် ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ ပါဝင်ကစားတဲ့ အသက်ငယ်ဆုံးကစားသမားအဖြစ်လည်း စံချိန်တင်ထားနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ဒိုနိုဗန်တင်ထားတဲ့ အသက်အငယ်ဆုံးအသင်းခေါင်းဆောင်စံချိန်ကို ပူလီဆစ်က ဖြတ်ကျော်ပြီး အမေရိကန်လက်ရွေးစင်အသင်းသမိုင်းမှာ အသက်အငယ်ဆုံး အသင်းခေါင်းဆောင်အဖြစ်လည်း မှတ်တမ်းဝင်သွားပါတယ်။ အမေရိကန်အသင်းအတွက် ခေါင်းဆောင်အဖြစ် ပူလီဆစ် စတင်ကစားခဲ့တဲ့ အသက်ကတော့ အသက် ၁၉ နှစ်သာ ရှိပါသေးတယ်။

ဒါ့အပြင် ပူလီဆစ်ဟာ လက်ရှိအချိန်မှာ အသက် ၂၀ သာရှိနေသေးပေမယ့် အမေရိကန်လက်ရွေးစင်အသင်းကြီးအတွက် ၂၃ ပွဲပါဝင်ကစားပြီး ကိုးဂိုးသွင်းယူပေးထားသူဖြစ်ပါတယ်။ သူ့ရဲ့လက်ရှိခြေစွမ်းတွေအရတော့ သူဟာ လာမယ့်အနာဂတ်မှာတော့ အမေရိကန်လက်ရွေးစင်အသင်းနဲ့အတူ တောက်ပတဲ့အနာဂတ်တွေ ပိုင်ဆိုင်ထားတဲ့သူတစ်ဦးလို့ ဆိုရမှာဖြစ်ပါတယ်။ ။




# ဂျူဗင်တပ်စ်သို့ ပြောင်းရွှေ့ခြင်းကြောင့် ရမ်ဆေးတိုးတက်လာမည်ဟု ရိုင်ယန်ဂစ် ပြောဆို

**ထက်အောင်**



ဂျူဗင်တပ်စ်အသင်းသို့ ပြောင်းရွှေ့ခြင်းသည် ကွင်းလယ်ကစားသမားအာရွန်ရမ်ဆေးအား ဘောလုံးသမားတစ်ဦးအနေဖြင့် ပိုမိုတိုးတက်မှုရရှိလာစေလိမ့်မည်ဖြစ်ကြောင်း ဝေလလက်ရွေးစင်အသင်း မန်နေဂျာ ရိုင်ယန်ဂစ်က ထောက်ခံပြောဆိုလိုက်သည်။

ဝေလကွင်းလယ်ကစားသမား ရမ်ဆေး (၂၈နှစ်) နှင့် အာဆင်နယ်အသင်းတို့ ချုပ်ဆိုထားသည့် လက်ရှိစာချုပ်သက်တမ်းမှာ ယခုနှစ်ဘောလုံးရာသီ အကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး လာမည့် နွေရာသီအတွင်းတွင် ဂျူဗင်တပ်စ်အသင်းသည် ကွင်းလယ်ကစားသမား ရမ်ဆေးအား ပြောင်းရွှေ့ကြေးအလွတ်ဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိထားပြီးဖြစ်သည်။

ဂျူဗင်တပ်စ်အသင်းထံ ရမ်ဆေး ပြောင်းရွှေ့ခြင်းသည် ရမ်ဆေး၏ တိုးတက်မှုအတွက် အကူအညီ ဖြစ်စေမည်လားဟု မေးမြန်းမှုကို မန်နေဂျာ ရိုင်ယန်ဂစ်က “ကျွန်တော်လည်း အဲဒီလိုပဲ မျှော်လင့်ထားပါတယ်။ ဒီလိုအပြောင်းအလဲကြောင့် ရမ်ဆေးရဲ့ တိုးတက်ပြောင်းလဲမှုကို မြင်တွေ့ကြမှာပါ။ ရမ်ဆေးက ထိပ်တန်းကလပ်အသင်း၊ ကမ္ဘာ့အကောင်းဆုံးကလပ်အသင်းတစ်သင်းကို ပြောင်းရွှေ့မှာဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုအပြောင်းအလဲက ကစားသမားတစ်ဦးကို တိုးတက်ပြောင်းလဲ လာစေမှာပါ။ နိုင်ငံလက်ရွေးစင်အသင်း နည်းပြတစ်ဦးအနေနဲ့ ကိုယ့်အသင်းက ကစားသမားတိုင်းကို ကလပ်အသင်းမှာ ပွဲကစားခွင့် ရရှိနေစေချင်ပါတယ်” ဟု ပြောဆိုခဲ့သည်။ ကွင်းလယ်ကစားသမား ရမ်ဆေးသည် ၂၀၀၆ ခုနှစ်တွင် ကာဒစ်ဖ်အသင်း၌ ပရော်ဖက်ရှင်နယ် ကစားသမားဘဝ စတင်ခဲ့ပြီး ၂၀၀၈ ခုနှစ် ဇွန်လအစောပိုင်းတွင် ကာဒစ်ဖ်အသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့လာသူဖြစ်သည်။ ရမ်ဆေးသည် အာဆင်နယ်အသင်းအတွက် စုစုပေါင်း ၃၅၆ ပွဲ ပါဝင်ကစားထားကာ ၆၁ ဂိုး သွင်းယူထားသူဖြစ်သည်။

ဂျူဗင်တပ်စ်အသင်းအနေဖြင့် ကွင်းလယ်ကစားသမား ရမ်ဆေးအား လာမည့်နွေရာသီအတွင်းတွင် ခေါ်ယူရန် သဘောတူညီမှု ရရှိထားပြီးဖြစ်သော်လည်း ယခု ဇန်နဝါရီဈေးကွက်အတွင်းတွင် စော၍ ခေါ်ယူရေးအတွက် အသင်းမှ အင်ဒိုနီးရှားနိုင်ငံဖွား အီတလီဂိုးသမား အီမီလီအူဒီရို (၂၂နှစ်)အား အလိုက်ပေးကမ်းလှမ်းရန်လည်း အဆင်သင့်ရှိနေကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။

# တိုက်စစ်မှူး ဘာလိုတယ်လီနှင့် မာဆေးအသင်းတို့ စာချုပ်ချုပ်ဆို

**ထက်အောင်**



ပြင်သစ်ကလပ် နန့်စ်အသင်း တိုက်စစ်မှူး မာရီယိုဘာလိုတယ်လီသည် ပြီးခဲ့သည့် ဇန်နဝါရီလ ၂၃ ရက်တွင် မာဆေးအသင်းနှင့် ယခုနှစ် ဘောလုံးရာသီကုန်ဆုံးချိန်အထိ သက်တမ်းရှိ စာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

အီတလီတိုက်စစ်မှူး ဘာလိုတယ်လီနှင့် နိုက်စ်အသင်းတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်း မှာ ယခုနှစ်ဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး အဆိုပါစာချုပ်ကို နှစ်ဦးနှစ်ဖက် သဘောတူညီမှုဖြင့် ဖျက်သိမ်းခဲ့ပြီးနောက် တိုက် စစ်မှူး ဘာလိုတယ်လီသည် မာဆေးအသင်းနှင့် စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ တိုက်စစ်မှူး ဘာလိုတယ်လီသည် ပြီးခဲ့သည့် နွေရာသီဈေးကွက် ကာလအစောပိုင်းတွင် မာဆေးအသင်းသို့ ပြောင်းရွှေ့ရန် စီစဉ်ခဲ့သော်လည်း အောင်မြင်မှု မရှိခဲ့ပေ။ အသက် ၂၈ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဘာလိုတယ်လီသည် မာဆေးအသင်းနှင့် ချုပ်ဆိုခဲ့သည့် စာချုပ်အရ စုစုပေါင်း လုပ်ခငွေအဖြစ် ပေါင် ၂ ဒသမ ၇ သန်း ရရှိမည်ဖြစ်သည်ဟုဆိုသည်။ ထို့အပြင် ဘာလိုတယ်လီနှင့် မာဆေးအသင်းတို့ ချုပ်ဆိုခဲ့သည့် စာချုပ်တွင် ထူးခြားချက်အနေဖြင့် မာဆေးအသင်း၏ လေ့ကျင့်ရေးအစီအစဉ်များတွင် တိုက်စစ်မှူး ဘာလိုတယ်လီပါဝင်မှု အပေါ်မူတည်ကာ မာဆေးအသင်းက ဘာလိုတယ်လီအား ဆုကြေးငွေ ပေးအပ်သွားမည်ဆိုသည့် အချက်လည်း ပါဝင်ခဲ့ကြောင်း ပြင်သစ်သတင်းထောက် မာဇီမီဒူပူအစ်က ဖော်ပြခဲ့သည်။

တိုက်စစ်မှူး ဘာလိုတယ်လီသည် ပရီမီယာလိဂ်ကလပ် ဝက်စ်ဟမ်းအသင်း၏ ခေါ်ယူရန် ကြိုးပမ်းမှုကို ငြင်းပယ်ကာ မာဆေးအသင်းနှင့် စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ ဘာလို တယ်လီသည် ပရီမီယာလိဂ်ထိပ်တန်း ကလပ်များဖြစ်သည့် မန်စီးတီး၊ လီဗာပူးစသည့် ကလပ်များတွင် ပါဝင်ကစားခဲ့ဖူးသည့်အပြင် အင်တာမီလန်၊ အေစီမီလန်စသည့် စီးရီးအေကလပ်များတွင်လည်း ပါဝင်ကစားခဲ့သူဖြစ်သည်။

၂၀၁၆ ခုနှစ် ဩဂုတ် ၃၁ ရက် တွင် နိုက်စ်အသင်းသို့ ပြောင်းရွှေ့ကြေးအလွတ်ဖြင့် ရောက်ရှိလာပြီးနောက် တိုက်စစ်မှူး ဘာလိုတယ်လီသည် နိုက်စ်အသင်းကစားသမားဘဝ ပထမရာသီဖြစ်သည့် ၂၀၁၆-၁၇ ခုနှစ် ဘောလုံး ရာသီ၌ ခြေစွမ်းပြကစားနိုင်ခဲ့ကာ နိုက်စ်အသင်းအတွက် စုစုပေါင်း ၂၈ ပွဲ ပါဝင် ကစားခဲ့ရာတွင် ၁၇ ဂိုးအထိ သွင်းယူနိုင်ခဲ့သူဖြစ်သည်။

သို့သော်လည်း ယခုနှစ်ဘောလုံး ရာသီတွင်မူ တိုက်စစ်မှူး ဘာလိုတယ်လီသည် နိုက်စ်အသင်းနည်းပြဖြစ်သူ ပက်ထရစ်ဗီယာရာနှင့် ဆက်ဆံရေး မပြေလည်မှုများ ဖြစ်ပွားနေခဲ့ပြီး နိုက်စ်အသင်းနှင့်အတူ စုစုပေါင်း ၁၀ ပွဲ ပါဝင်ကစားပြီးချိန်တွင် ဂိုးသွင်းယူနိုင်ခြင်းမရှိသေးသူဖြစ်သည်။

# ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ **(အပျို)** ဖြစ်ရမည်။

(ခ) အနည်းဆုံး အရပ် (၅)ပေ(၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက် မကျော်ရ။

(ဂ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(င) မဟာဘွဲ့တက်ရောက်ရန် အဆင့်မီသူ ဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီး သူများလည်း လျှောက်ထားနိုင်သည်။

(စ) ဘွဲ့လက်မှတ်**(မူရင်း)**နှင့် ဘွဲ့ရအမှတ်စာရင်း တင်ပြနိုင်ရမည်။

(ဆ) **၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့**တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ။ မဟာဘွဲ့ရရှိပြီးသူများ အနေဖြင့် ၂၇ နှစ် အထိလည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ် အထိလည်းကောင်း လျှောက်ထား နိုင်သည်။

(ဇ) ဗိုလ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပြီးပါက ဒုတိယဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။ မဟာဘွဲ့ ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။

(ဈ) တပ်မတော်မှ လေ့ကျင့်သင်ကြားမှု စနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **အခမဲ့** ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်ရဲတပ်ဖွဲ့ စခန်း တစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

၅။ လျှောက်လွှာများကို ၂၀၁၉ခုနှစ်၊ **ဇန်နဝါရီလ ၂၃ ရက်နေ့**တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး **ဖေဖော်ဝါရီလ ၂၁ ရက်နေ့** နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် အချိန်မီပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးဘတင်

(ပြင်ဦးလွင်မြို့)

**အသက်(၁၀၅)နှစ်**

(ဦးလှအောင်-ဒေါ်ပုံ)တို့၏သား၊ (ဦးသိန်း-ဒေါ်ခင်ပု)၊ (ဒေါ်မြကြည်)၊ (ဒေါ်အေးရီ)၊ (ဦးသွင်-ဒေါ်သန်းဟန်)၊ (ဦးလှ ဖေ-ဒေါ်မြရီ)၊ (ဒေါ်မြမြစိန်) တို့၏မောင်၊ ဦးမောင်မောင်ကြိုင်-ဒေါက်တာဒေါ်လှလှမြင့်၊ ဦးထွန်းအောင်-ဒေါ်မြမြခင်၊ ဦးမောင် အေး-ဒေါ်မြမြစန်း၊ ဦးမောင်မောင်ဟန်၊ ဦးမောင်မောင် အောင်-ဒေါ်စောကြင်အုန်း၊ ဦးအောင်စိန်-ဒေါ်မြမြတင်၊ ဒေါ်မြမြနွဲ့၊ ဦးမောင် မောင်ဆွေ-ဒေါ်တင်တင်နွဲ့၊ ဒေါ်ဝင်းဝင်းသိန်း၊ ဒေါ်ညွန့်ညွန့်၊ ဦးတင်အုန်း-ဒေါ်ခင်အေး၊ (ဦးအောင်မြင့်-ဒေါ်အေးခိုင်)၊ ဦးသောင်းညွန့်-ဒေါ်အမာကြည်၊ ဦးမောင်မောင်နိုင်-(ဒေါ်အမာရီ)၊ (ဦးမောင်မောင်)-ဒေါ်အမာသီတို့၏ဦးလေး သည် ၂၃-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၂၅နာရီတွင် တပ်မတော်ဆေးရုံ၊ ပြင်ဦးလွင်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၉ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ပြင်ဦးလွင်မြို့၊ ရှစ်မိုင်ကုန်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ် ပါကြောင်း ရပ်နီးရပ် ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၅)၊ စန္ဒာလမ်းသွယ်၊ အမှတ်၆၅/လ၊ အေးချမ်းမြေ့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးငြိမ်း

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင်(၁၆)လမ်း၊ အမှတ် ၇၄၀နေ (ဒေါ်ယဉ်ကြည်)၏ခင်ပွန်း၊ ဦးသန်းဗိုလ်(ညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရှမ်းပြည်နယ်)-ဒေါ်သူဇာငြိမ်းတို့၏ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၂၄-၁-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၉း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၁၉ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာ ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းသန်းအေး

**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တော်ဝင်မင်္ဂလာအိမ်ရာ၊ (၁၅၄)လမ်း၊ တိုက် (၈)၊ အခန်း(၃၀၃) နေရန်ကင်းပညာရေးကောလိပ်၊ ကျောင်းအုပ်ကြီးဦးအောင် မြတ်စိုး-ဒေါ်ဥမ္မာမြင့်တို့၏ချစ်လှစွာ သောမိခင်သည် ၂၂-၁-၂၀၁၉ရက် နံနက် ၄နာရီတွင်ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။ **ရန်ကင်းပညာရေးကောလိပ်မိသားစု**

---

ဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းသန်းအေး

**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တော်ဝင်မင်္ဂလာအိမ်ရာ၊ (၁၅၄)လမ်း၊ တိုက်(၈)၊ အခန်း(၃၀၃)နေ ရန်ကင်းပညာရေးကောလိပ်၊ ကျောင်းအုပ်ကြီး ဦးအောင်မြတ်စိုး-ဒေါ်ဥမ္မာမြင့်တို့၏ချစ်လှစွာသောမိခင်သည် ၂၂-၁-၂၀၁၉ရက် နံနက် ၄နာရီတွင်ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။ **တောင်ငူပညာရေးကောလိပ်မိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်စိန်လှ (သုံးခွ) အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ အဿကလမ်း(၂၀)၊ အမှတ် ၅၉၇နေ (ဦးဘသိန်း-ဒေါ်အေးကြွယ်) တို့၏သမီး၊ သုံးခွမြို့နယ်နေ(ဦးကြည်)၏ဇနီး၊ ကိုသန်းထွန်း-မသိန်းသိန်းထွေး၊ ကိုခင်စိုး-မခင်ဦးလွင်၊ ကိုမြတ်ဇော်-မခင်ဆွေတင့်၊ ကိုမျိုးသူရ-မစုစုငယ်၊ (ကိုဇော်မင်းနိုင်)၊ (ကိုသက်မင်းထွန်း)-မအေးသက်မူ၊ ကိုဘုန်း ဟန်-မခင်သက်လွင်၊ ကိုအောင်ထွန်းလွင်-မချိုချိုဆက်၊ ကိုတင်ထွဋ်မင်း-မခင်ထွေး လွင်တို့၏မိခင်၊ မြေး၁၂ယောက်တို့၏အဘွားသည် ၂၄-၁-၂၀၁၉ရက် (ကြာသ ပတေးနေ့) နံနက် ၁၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၁၉ရက် (စနေနေ့) ညနေ ၅နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍၃၀-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက် ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စန်း(ခ)ဒေါ်စွမ်ဘီ

(သထုံ)

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ် (၁၂၁၃)နေ (ဦးတင်ရွှေ(ခ)ဦးအော် ကုလား)၏ဇနီး၊ ဦးတင်ဝင်းလှိုင်-ဒေါ်စန်းစန်းမြင့်၊ ဦးမျိုးသိန်း-(ဒေါ်တင် တင် ဝင်း)၊ ဦးမောင်ရွှေ-ဒေါ်ခင်မြမူ၊ ဦးခင်မောင်ရင်-ဒေါ်ကျင်မြိုင်၊ ဦးမြင့် သိန်း-ဒေါ်လှလှထွေး၊ ဦးရဲအောင်-ဒေါ်အေးအေးခိုင်၊ ဦးညီညီအေး-ဒေါ်သက်သက်ခိုင်၊ ဒေါ်ခင်မြတ်ခိုင် (ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး)တို့၏မိခင်၊ မြေး(၁၉)ယောက်၊ မြစ်ခုနစ်ယောက်တို့၏ဘွားဘွားကြီး သည် ၂၄-၁-၂၀၁၉ရက် (ကြာသ ပတေးနေ့) မွန်းလွဲ ၁၂း၅၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွား ပါသဖြင့် ၂၆-၁-၂၀၁၉ရက် (စနေနေ့) ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၃း၃၀ နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးဇော်လင်း

(ဥယျာဉ်အုပ်ချုပ်ရေးမှူး၊ စိုက်/သိပွံ၊ ရွှေဘို)

**အသက်(၅၅)နှစ်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်နေ (ဦးစိုးတင့်)-ဒေါ်သန်းညွန့်တို့၏သား၊ ရွှေဘိုမြို့၊ (၉)ရပ်ကွက်နေ (ဦးဘို သိန်း)-ဒေါ်ခင်ခင် တို့၏သားသမက်၊ ဒေါ်အမာလွင် (အလပြ-ငြိမ်း)၏ မောင်၊ ဒေါက်တာဇော်ဝင်း၊ ပါမောက္ခ ချုပ်(တာဝန်)-ဒေါ်ခိုင်ဇင်ဝင်းတို့၏ညီ၊ ဦးအောင်ကျော်ထွန်း -ဒေါ်မာမာဝင်း စစ်ကိုင်းမြို့၊ဦးမျိုးဆွေ-ဒေါ်မွန်မွန်သန့်၊ ညောင်ပင်သာကျေးရွာနေ ဦးသောင်း ထွန်း-ဒေါ်ခင်စန်းနွဲ့၊ ကျားရွာတို့၏ အစ်ကို၊ ကိုထူးမြတ်လင်း(ကောင်းသုခ ကုမ္ပဏီ၊ မုံရွာမြို့)၏ ဖခင်၊ ဒေါ်အေး အေးသိန်း(ကျောင်းအုပ်ကြီး၊ အထက-၃၊ ရွှေဘို)၏ချစ်လှစွာသောခင်ပွန်းသည် ၂၃-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ည ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၉ရက် ညနေပိုင်းတွင် ရွှေဘိုသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုး မိတ် သင်္ဂဟများနှင့် တပည့်များအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကိုရဲလင်းအောင်(ခ)

**အငယ်လေး**

**B.A(English)**

**New High Ticle Int'L Trading Co,Ltd**

**အသက်(၃၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၃)ရပ်ကွက်၊ အင်ကြင်းမြိုင်လမ်း၊ အမှတ်(၂၂၇)နေ (ဦးမောင်ကလေး-ဒုအထွေထွေမန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်မြင့်မြင့်ကြည်တို့၏ သား၊ ဦးမျိုးဘိုဘိုဇင်-ဒေါ်ခင်စီစီလေး၊ (ဦးကျော်မြင့်သိန်း)၊ ဦးထွန်းမြင့်သိန်း-ဒေါ်နှင်းမာလာစိုးတို့၏ညီ/မောင်သည် ၂၄-၁-၂၀၁၉ရက် နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၁၉ ရက် နံနက် ၁၀နာရီတွင်ရေဝေးသုသာန် သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများ အားအသိပေး အကြောင်းကြားအပ်ပါ သည်။ (နေအိမ်မှ ကားများ နံနက် ၈း၄၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

# အထူးဝမ်းနည်းကြေကွဲခြင်း

# ဦးမျိုးမြင့်(ခ)သရုပ်ဆောင်ကင်းကောင်

**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ ဇေယျာဝတီ လမ်း၊ အမှတ်(၃၂)နေ ဦးမျိုးမြင့်(ခ)သရုပ်ဆောင်ကင်းကောင်သည် ၂၂-၁-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၇နာရီတွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါ သည်။

**MAZE Co.,Ltd မှ BODအဖွဲ့ဝင်များ**

**PARADISO CINEMAS Co.,Ltd မှ**

**ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ**

---

## ဒေါက်တာဦးမြင့်သိန်း (သန်လျင်)

ဒေသန္တရအရာရှိ(ငြိမ်း) ဧရာဝတီတိုင်းဒေသကြီး

**အသက်(၈၄)နှစ်**

ပြည်မြို့နေ [ဒေါက်တာ အာရ်ဘရဟတ်(စ်)ပါသီ-ဒေါ်အီးဘရဟတ်(စ်)ပါသီ] တို့၏သား၊ (ဦးဂျာရဗီရမ်း-ဒေါ်လှ)(အထက် တန်းပြ)၊ ဦးစိုးလွင်(ကျန်းမာရေးမှူး-ငြိမ်း)-ဒေါ်မမကြီး၊ ဒေါ်ဘေဘီ၊ (ဒေါ်ခင်ခင်မ)(ပါမောက္ခ-ငြိမ်း၊ နိုင်ငံတကာ ဆက်ဆံရေး ပညာဌာန)တို့၏ညီ/မောင်၊ သန်လျင်မြို့၊ သောက်တော်တွင်းရပ်ကွက်၊ နံ့သာကုန်း(၂)လမ်း၊ အမှတ်(၅)နေ ဒေါ်နွယ်နွယ် (အထက်တန်းသူနာပြု-ငြိမ်း) ၏ခင်ပွန်း၊ ဦးမြင့်ဦး(Chief Operation Officer, Youth International College)-ဒေါ်အေးသီတာလှိုင် (Zumba Instructor)၊ ဒေါ်ယဉ်ဝင်းထိုက် (လက်ထောက်စာကြည့်တိုက်မှူး၊ တက္ကသိုလ်များဗဟို စာကြည့်တိုက်)တို့၏ ဖခင်၊ မောင်စွမ်းထက်လင်း၊ မောင်ဟိန်းထက်ဉာဏ်တို့၏အဘိုးသည် ၂၄-၁-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၄း၂၀နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၁၉ရက် (စနေနေ့) မွန်းလွဲ ၁း၃၀နာရီတွင် သန်လျင်အမိုးနီသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက် ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ကြည်-၉၆၅၉ ဗိုလ်မှူးချုပ်အောင်ဝင်း (ငြိမ်း)

သူရဲကောင်းမှတ်တမ်းဝင်

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅)

**အသက်(၈၁)နှစ်**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဝဏ္ဏဒီပရပ်ကွက်၊ ဧရာဝတီလမ်း၊ အမှတ်(၃၁၄၈၇)နေ(ဦးဝင်း-ဒေါ်တင်လှ)တို့၏သားကြီး၊ (ဒေါ်မြဦး)၏ချစ်လှစွာ သောခင်ပွန်း၊ ဒေါ်ညိုညိုဝင်း(ဦးစီးအရာရှိ) သမဝါယမဦးစီးဌာန၊ (ဗိုလ်မှူးတင်မောင် ဝင်း)-ဒေါ်ဇင်မာ၊ ဗိုလ်ကြီးသန့်ဇင်အောင်(ငြိမ်း)-ဒေါ်စန္ဒာအောင်တို့၏ဖခင်၊ မနေခြည်ဝင်း၊ မမြတ်သီရိအောင်၊ မအိမ့်ဖြူဖြူခင်တို့၏အဘိုးသည် ၂၄-၁-၂၀၁၉ ရက်(ကြာသပတေးနေ့) နံနက် ၇း၃၀နာရီတွင် နေပြည်တော်နေအိမ်၌ ကွယ်လွန် သွားပါသဖြင့် ၂၆-၁-၂၀၁၉ရက် (စနေနေ့) မွန်းလွဲ၁နာရီတွင် နေအိမ်မှ နေပြည်တော် စစ်သင်္ချိုင်းသို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီး မှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

## ဦးဇော်ဝင်းထိန် (ကြည့်မြင်တိုင်)

ဆ·သ·ရ(ငြိမ်း)၊ တက္ကသိုလ်စာတိုက်

**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ စကားဝါပင်လမ်းထိပ်၊ အမှတ် ၂၀၇နေ (ဦးအိ-ဒေါ်တဆုပ်)တို့၏သား၊ (ဦးသော်-ဒေါ်မြညွန့်)တို့၏သား/သမက်၊ ဦးကျော်မင်း(ဆ·သ·ရ-ငြိမ်း)-ဒေါ်အိစန်း(ဆ·သ·ရ-ငြိမ်း)]၊ (ဦးမြင့်စိုး-ဒေါ်မြင့် မြင့်သန်း)၊ ဦးအောင်မင်း(ဗန်းမော်)-ဒေါ်တင်ရီ၊ (ဦးကျော်လှ)-ဒေါ်ခင်အုန်းကြည်၊ (ဦးဉာဏ်ဝေ)-ဒေါ်ပေါက်တို့၏ညီ/မောင်၊ ဦးခင်ငြိမ်း(ဆ·သ·ရ-ငြိမ်း)-ဒေါ်မြင့်မြင့်သန်း၊ ဦးလှရွှေ(တိုင်းရင်းဆေး-ငြိမ်း)-ဒေါ်ဝေဝေမြင့်၊ ဦးဖုန်း ကြွယ်(ဗဟန်းစာတိုက်၊ ဗိုလ်တထောင်သတင်းစာဖြန့်ချိရေး)-ဒေါ်ခင်ခင်ချို၊ (ဦးအောင်သန်း)-ဒေါ်အေးအေး၊ ဦးမောင်မောင်ဦး-ဒေါ်သွယ်သွယ်တို့၏အစ်ကို၊ ပုဇွန်တောင်မြို့နယ်နေ ကိုသီဟဝင်းထိန်(Director, Robert,General Manager VIGEN Myanmar)-မနှင်းနှင်း လှ(Assistant General Manager.VIGEN Myanmar)၊ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် ၄၁၉(ခ)နေ မမေမြတ်နွယ် (လ/ထ အင်ဂျင်နီယာ၊ အင်/ယာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ကိုဝဏ္ဏဝင်းထိန်(ခ)တိမ်မိုးဝေတို့၏ ချစ်လှစွာသောဖခင်၊ မောင်ကောင်းမြတ် ပြည့်စုံဝင်းထိန်၏အဘိုး၊ ဒေါ်နွယ်နွယ်(ဦးစီးအရာရှိ-ငြိမ်း၊ ရန်ကုန်မြောက်ပိုင်း ခရိုင် ပညာရေးမှူးရုံး)၏ချစ်လှစွာသောခင်ပွန်းသည် ၂၄-၁-၂၀၁၉ရက် (ကြာသ ပတေးနေ့) နံနက် ၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၁၉ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃၀-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်မေ (ဗန်းမော်)

မူလတန်းပြ(ငြိမ်း)

အမက(၇)လမ်းမတော်၊ အမက(၁၉)မ/ဒဂုံ

**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၉-B)ရပ်ကွက်၊ သမာဓိ (၄)လမ်း၊ အမှတ်( ၅၉၄)နေ (ဦးတိုက်ရှင်-ဒေါ်အုန်းရှင်)တို့၏သမီး၊ ဦးကြီးရွှေ (ရဲတပ်ကြပ်ကြီး-ငြိမ်း)၏ဇနီး၊ ဦးရဲကို ကို(လ/ထညွှန်မှူး-ကော့ကရိတ်ခရိုင် ထွေ/အုပ်)-ဒေါ်မေနှင်းဝေ၊ ဦးမင်းညီညီ(ပြည်တော်ဦး အထူးကုဆေးခန်း)၊ ဦးကျော်ဆွေ (ဒုဦးစီးမှူး-ဆိပ်ဖြူထွေ/အုပ်)-ဒေါ်သက်ဆွေဆွေ(ဒုဦးစီးမှူး-ချောက်ထွေ/အုပ်)တို့၏မိခင်၊ မဖြူစင်ကိုကို၊ မောင်ဖြိုးရဲရင့်၊ မောင်ဉာဏ်လင်း ထက်တို့၏အဘွားသည် ၂၃-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၄၅နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၉ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးလှိုင်မြင့်

မရမ်းကုန်းမြို့နယ်၊ တိုင်းရင်းဆေးဆရာအသင်း ဥက္ကဋ္ဌ

(ကိန္နရီတံဆိပ်၊ ကြက်လည်ဆံဆီးဆေး)

**အသက်(၆၀)**

မကွေးမြို့နေ (ဦးချစ်-ဒေါ်ချစ်ခ)တို့၏သား၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ နေသိဒ္ဓိလမ်း၊ အမှတ် ၇၄၁နေ (ဦးရွှေသိန်း )-ဒေါ်သိန်းရွှေတို့၏သားသမက်၊ ဒေါ်ခင်ထွေးမြင့်၏ခင်ပွန်း၊ ကိုနေကြည်အောင်-မကြည်ကြည်ခိုင်၊ မသီသီစိုးတို့၏ ဖခင်၊ မသွန်းမဒီထိပ်ထား၊ မောင်အံ့ဘုန်းမြတ်တို့၏ဘိုးဘိုးကြီးသည် ၂၃-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ည ၇နာရီတွင် မရမ်းကုန်းမြို့နယ် နေအိမ်၌ ကွယ်လွန် သွားပါသဖြင့် ၂၅-၁-၂၀၁၉ရက် ညနေ ၆ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ ညနေ ၄း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တရာဇိန္ဒ မဟာထေရ်မြတ်

သက်တော် (၈၂)နှစ်၊ သိက္ခာတော် (၆၂)ဝါ

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ရွှေဘိုကျောင်း ပဓာန နာယကဆရာတော် ဖြူးမြို့နေ(ခမည်းတော် ဦးနီ-မယ်တော် ဒေါ်ငွေကိုင်) တို့၏သားတော် ဘဒ္ဒန္တရာဇိန္ဒ မဟာထေရ်မြတ်သည် (၁၃၈၀ပြည့်နှစ် ပြာသို လပြည့်ကျော် ၃ရက်) ၂၃-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ည ၇း၂၀နာရီတွင် သရက်တောကျောင်းတိုက် ရွှေဘိုကျောင်း၌ ဘဝနတ်ထံပျံ လွန်တော်မူသွားပါသဖြင့် ဥတုဇရုပ်ကလာပ်တော်အား ရွှေဘိုကျောင်း၌ ငါးရက်အပူဇော်ခံထားရှိပြီး (၁၃၈၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် ၇ရက်) ၂၇-၁-၂၀၁၉ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား အထက်ပါ ကျောင်းတိုက်မှ ရေဝေးသုသာန်သို့ အန္တိမအဂ္ဂိဈာပနကျင်းပပြီး ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း တပည့် သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (လိုက်ပါပို့ဆောင်မည့်သူများ ဗိုလ်ချုပ် လမ်းကျောင်းဘေးမှ ကားများ မွန်းလွဲ ၁း၃၀နာရီအရောက် လာရောက်ကြပါရန်)

တပည့်သံဃာတော်များနှင့်ဒါယကာ၊ ဒါယိကာများ

ရွှေဘိုကျောင်း၊ သရက်တောကျောင်းတိုက်

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တတိက္ခဉာဏ (သဒ္ဓမ္မဇောတိကဓဇ)

ကိုင်းချောင်ဆရာတော်

သက်တော်(၈၁)နှစ်၊ သိက္ခာတော် (၆၁)ဝါ

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ကိုင်းချောင် ပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တတိက္ခဉာဏ (သဒ္ဓမ္မဇောတိက ဓဇ) မဟာထေရ်မြတ်သည် (၁၃၈၀ပြည့်နှစ် ပြာသိုလပြည့်ကျော် ၂ရက်) ၂၂-၁-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၂၀နာရီတွင် ဘဝ နတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇ ရုပ်ကလာပ်တော်ကို (၁၃၈၀ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၁ရက်) ၃၁-၁-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမ အဂ္ဂိဈာပနသဘင် ကျင်းပ၍ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များနှင့်တပည့်ဒါယကာ၊ ဒါယိကာမများ

ကိုင်းချောင်ကျေးရွာ

---

## ဒေါ်ရင်နု (စစ်ကိုင်း) အသက်(၉၁)နှစ်

စစ်ကိုင်းမြို့နေ (ဦးသိန်းမောင်-ဒေါ်သန်းခင်)တို့၏သမီး၊ ရန်ကုန်မြို့၊ ဒဂုံ မြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ ဗန္ဓုလလမ်း၊ အမှတ် ၃၆၈နေ ဗိုလ်ကြီးထွန်းဝင်း(ငြိမ်း)၏ဇနီး၊ ဦးကျော်စိန်-(ဒေါ်နုနုအေး)၊ (ဦးမျိုးထွန်း)၊ ဒေါ်ယဉ်ယဉ်ဝင်း(Be,EP, MAPS၊ ခန်တီဖောင်ဒေးရှင်း)၊ ဦးစိုးဝင်းမောင်-ဒေါ်ခင်မျိုးဦး(အမြွာစတိုး)၊ ဦးမျိုးမင်း(BA,Philo)တို့၏ချစ်လှစွာသောမိခင်၊ ဒေါက်တာကျော်မင်းထွဏ်း(ဓာတ်မှန်၊ ပူတာအို)-မအေမီမီခင်၊ ကိုစိုးအောင်-မဆုဝေထွဏ်း(ဆေးဝါးကျွမ်းကျင်၊ ရန်ကုန်ဆေးရုံကြီး)၊ မယွန်းမြတ်သွယ် (ဒုတိယနှစ် စီးပွားရေး)၊ မောင်ရဲမြတ်သူ(ပထမနှစ် ရှေးဟောင်း)တို့၏အဘွား၊ မြစ်တစ်ယောက်၏ ဘွားဘွားကြီးသည် ၂၄-၁-၂၀၁၉ရက် နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၁၉ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၄၅နာရီ တွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူ အားရည်စူး၍ ၃၀-၁-၂၀၁၉ရက် နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရား တော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်ခင်ဝင်းမြိုင်

မုံရွာမြို့

**အသက်(၆၃)နှစ်**

မုံရွာမြို့၊ နန္ဒဝန်ရပ်၊ နယ်မြေ ၃နေ ဒုရဲမှူးကြီးတင်ဝင်း(ငြိမ်း)၏ဇနီး၊ ကိုကျော်လှိုင်ဝင်း-မနှင်းနှင်းဆွေ(K pioneer Fiber Tech Co,Ltd)၊ မခင်ငြိမ်း ချမ်းဝင်း(Fiber plus အိမ်ဆောက် ပစ္စည်းရောင်းဝယ်ရေး)တို့၏မိခင်၊ အံ့မှူးပိုင်၏ ဘွားဘွားသည် ၂၃-၁-၂၀၁၉ရက် နံနက် ၄း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၉ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ဆားကျင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ ၂၇-၁-၂၀၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးနိုင်အောင်(ခ)ဝမ်ထိုင်ကီ

(ကျုံမငေးမြို့)

**အသက်(၆၁)နှစ်**

ကျုံမငေးမြို့နေ(ဦးယိုင်)-ဒေါ်ညွန့်မေ၊ (ဦးကျော်လှိုင်)-ဒေါ်ခင်စိန်တို့၏ သားသမက်၊ ဦးချို၊ ဦးစိုးသိန်းတို့၏တူ၊ ဒေါ်အေးအေးမြင့်၊ ဦးဝင်းအောင်၊ ဒေါ်အေးအေးသန်းတို့၏အစ်ကို၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ အမှတ်(၁၃၈/၁၅၀)၊ အခန်း(၁၃)နေ ဒေါ်မြင့်မြင့်မော်၏ခင်ပွန်း၊ မခိုင်ရည်မွန်၊ မောင်အောင်မြတ်ကိုတို့၏ဖခင်သည် ၂၃-၁-၂၀၁၉ရက် ည ၁၁း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၉ရက် (သောကြာနေ့) မွန်းလွဲ၁နာရီတွင် ထိန်ပင်သုသာန်သို့ပို့ ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်နှင့် ကျုံမငေး အသင်းကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၉-၁-၂၀၁၉ရက်(အင်္ဂါနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက် ပါရန်ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## မောင်ကုဋေဇော်ဦး(ခ)ပုကြူ

**အသက်(၂၆)နှစ်**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ မင်းဒင်လမ်း၊ အမှတ် ၆၈၊ အခန်း(၈)နေ (ဦးသောင်းတင်)-ဒေါ်မြင့်မြင့်သန်းတို့၏သား၊ ဒေါ်ဟေမာဦး (ခေတ္တ-စင်ကာပူ)၊ ဦးနိုင်လင်းထက်(ခေတ္တ-စင်ကာပူ)၊ ဦးသိန်းဇော်ဦး (S/R Shpping Co., Ltd)၊ ဦးသန်းဇော်ဦး (Second F.G) တို့၏ညီ/မောင်သည် ၂၂-၁-၂၀၁၉ရက် နံနက် ၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၉ ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ် သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး ၍ ၂၈-၁-၂၀၁၉ရက် (တနင်္လာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါ သည်။]

ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးမြင့်ဆွေ မြိတ်မြို့ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှု



**မြိတ် ဇန်နဝါရီ ၂၄**

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ မွေးမြူရေးလုပ်ငန်းများ၊ သဘော်ကျင်းလုပ်ငန်း၊ သစ်အချောထည်လုပ်ငန်း၊ ငါး၊ ပုစွန်အအေးခန်းစက်ရုံ၊ ရော်ဘာစက်ရုံနှင့် သမုတ် - လွတ်လွတ်တံတား တည်ဆောက်ရေး စီမံကိန်းတို့အား လှည့်လည်ကြည့်ရှုသည်။

**ကြိုဆိုနှုတ်ဆက်**

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာ ရဲမြင့်ဆွေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လေကြောင်း ခရီးဖြင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့ ရောက်ရှိကြရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဒေါ်လဲ့လဲ့မော်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် အဖွဲ့ဝင်များနှင့်အတူ ရေနန်းသူဇာ ရေယာဉ်ဖြင့် ကျွန်းစုမြို့နယ် ကတ္တလူကျေးရွာသို့ သွားရောက်ပြီး

*စာမျက်နှာ ၈ ကော်လံ ၁* ❍

**ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်အဖွဲ့ဝင်များ ပထက်ကျွန်းရှိ ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်မှ ဆောင်ရွက်လျက်ရှိသည့် ကဏန်းပျော့မွေးမြူရေးလုပ်ငန်းကို ကြည့်ရှုစဉ်။**

သတင်းစဉ်

# စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးဗဟိုကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၄**

စာရင်းအင်း အချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေး ပြည့်ဝရေးဗဟိုကော်မတီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ **စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ** တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ဗဟိုကော်မတီဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊

*စာမျက်နှာ ၉ ကော်လံ ၁* ◆





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နယ်ခြားမှတ်တိုင် (၄၁)ရဲကင်းစခန်းအား ပစ်ခတ်ခံရမှုနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးအား ခေါ်ယူတွေ့ဆုံပြီး သံတမန်စာပေးအပ်**

*စာမျက်နှာ -၁၃*


